မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၁ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၁၇၃)

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကျင်းပ

## ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သော ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၅)နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ဆောင်ရွက်

နေပြည်တော် မတ် ၂၀

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦးရှိသည့်အနက် ၆၂၉ ဦး တက်ရောက်ပြီး ၂၅ ဦး ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သော ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၅) နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ညွှန်ကြားရေးမှူးချုပ် ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၆၅၀ စောင် ဖြစ်ပါကြောင်း၊ ယနေ့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၆၂၉ ဦး ဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၂၁ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻



ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။ သတင်းစဉ်

**ရခိုင်ပြည်နယ်အတွင်းရှိ ထိခိုက်ခံဒေသများသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးအပ်သွားရေးအတွက် အစိုးရက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်**

စာ » ၃



**ကိုရိုနာဗိုင်းရပ်စ် အတားအဆီးမဲ့ ပျံ့နှံ့သွားပါက လူဦးရေသန်းနှင့်ချီပြီး သေဆုံးနိုင်ဟု ကုလအကြီးအကဲပြော**

စာ » ၁၄

**ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက် တရုတ်ကို ကျော်လွန်သွားတဲ့ အီတလီ**

စာ » ၁၅



## လူမှုဖူလုံရေးအာမခံကြေးထည့်ထားသူများ အလုပ်လက်မဲ့ဖြစ်ပါက လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့် ရရှိမည်

နေပြည်တော် မတ် ၂၀

**ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် စီးပွားရေးနှောင့်နှေးမှုများ ကြုံတွေ့နေရပြီး မြန်မာနိုင်ငံတွင်လည်း ထိုရောဂါကြောင့် ထိခိုက်ခံစားရမှု အများဆုံးဖြစ်နိုင်ခြေရှိသည့် စီးပွားရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက တတ်စွမ်းသမျှ ကူညီပေးလျက်ရှိသည်။**

အကြောင်းအမျိုးမျိုးကြောင့် စီးပွားရေး ထိခိုက်သဖြင့် ပိတ်သိမ်းသွားရသည့် အလုပ်ဌာနများမှ လူမှုဖူလုံရေး အာမခံကြေးထည့်ဝင်ထားသည့် အလုပ်သမားများ အတွက် ထိုက်သင့်သည့် အကျိုးခံစားခွင့်များကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ခံစားနိုင်မည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော လုပ်ငန်းဌာနများအနေဖြင့် လုပ်ငန်းလည်ပတ်နေရာမှ ဥပဒေပုဒ်မ ၇၅ (ခ) နှင့် နည်းဥပဒေအပိုဒ် ၄၇ တို့နှင့်အညီ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဌာနများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းများ ရှိသကဲ့သို့ ကမ္ဘာအနှံ့တွင် ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်လာသည့် စီးပွားရေးဂယက်များကြောင့် မြန်မာနိုင်ငံရှိ

*စာမျက်နှာ ၄ ကော်လံ ၁* ❒



# ထိန်းသိမ်းကြရမည့် ရေသယံဇာတ

နွေရာသီသို့ရောက်ရှိပြီး အပူချိန် မြင့်မားလာသည်နှင့်အမျှ မြစ်ချောင်းများတွင် ရေနည်းကာ ရေတွင်းရေကန်တို့ ရေခန်းလာသည်။ နိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်း၌သာမက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အခြားဒေသများတွင်ပါ သောက်ရေသုံးရေအတွက် အခက်ပွေကြရသည်မှာ နှစ်စဉ် ရာသီစက်ဝန်းတစ်ပတ်လည်၍ နွေသို့ရောက်တိုင်း ကြုံတွေ့နေကြရခြင်းဖြစ်သည်။

စင်စစ်အားဖြင့်မူ မြန်မာနိုင်ငံသည် ရေမရှား၊ ရေသယံဇာတပေါကြွယ်ဝသည့်နိုင်ငံဟု ပညာရှင်တို့က ဆိုကြသည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၆၉ ဒသမ ၀၇ လက်မ ရွာသွန်းသည့်အတွက် ရေထုထည်ပမာဏ ကုဗပေ သန်းပေါင်း ၅၈ သန်း ရရှိရာ ယင်းအနက် ၆၂ ရာခိုင်နှုန်းက ရေငွေ့ပျံ၊ မြေထဲစိမ့်ဝင်သွားကြပြီး ၃၀ ရာခိုင်နှုန်းက မြစ်များ၊ ချောင်းများတွင် စီဆင်းသွားကြသည်။ မြန်မာနိုင်ငံတွင် ရေချိုထုတ်ယူနိုင်မှုက ကမ္ဘာ့အဆင့် (၈) ရှိသည်ဟု ဆိုသည်။ လူတစ်ဦး တစ်နေ့အတွက် ရေချိုရရှိမှုအနေဖြင့် မြန်မာက ၁၀၃၂ ကုဗပေရရှိနေချိန်တွင် ထိုင်းက ၃၂၀ ကုဗပေ၊ အိန္ဒိယက ၁၅၆ ကုဗပေသာ ရရှိကြသည်။ လူတစ်ဦး တစ်နေ့အတွက် ရေချိုရရှိမှု ၁၆၄ ကုဗပေအောက်လျော့နည်းနေလျှင် ရေချိုရှားပါးမှု ဒုက္ခခံစားနေရသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီ ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၇၀၀ မှ ၁၀၀၀ ကျော်အထိ ရေချိုရှားပါးမှုကို ခံစားနေကြရသည်။ ရေချိုရှားပါးရခြင်း၏ အကြောင်းရင်းများတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာပြီး ကမ္ဘာကြီးပူနွေးလာခြင်း၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးလာခြင်း၊ ရှိရင်းစွဲ ရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းမထားနိုင်ခြင်း၊ မြို့ပြများတွင် ရေဆိုးများစွန့်ပစ်မှု စနစ်တကျ မပြုလုပ်ခြင်း၊ မိလ္လာစနစ်များ စနစ်မကျခြင်း၊ အမှိုက်များကို မဆင်မခြင်စွန့်ပစ်ခြင်း၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော ရေချိုအရင်းအမြစ်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းတို့က အဓိကကျသည်။

ရေချိုသည် လူနှင့်တိရစ္ဆာန်များ၊ အပင်များ ရှင်သန်ရေးအတွက် မရှိမဖြစ်အရေးပါသည့် လိုအပ်ချက်တစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံ စုစုပေါင်း ရေချို၏ ၁၆ ရာခိုင်နှုန်း၊ အာရှရေချိုစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသော်လည်း နှစ်စဉ် ရေအခက်ကြုံနေခြင်းက ရေသယံဇာတကို ထိန်းသိမ်းရန်၊ ရေချိုအရင်းအမြစ်များ ရေရှည်တည်တံ့ရေးအတွက် စီမံခန့်ခွဲမှုတို့ လိုအပ်နေကြောင်းကို ပြဆိုနေခြင်းဖြစ်သည်။ ရေရှားပါးခြင်းက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် ဘက်ပေါင်းစုံတို့အပေါ်တွင် ရိုက်ခတ်သည်။ ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပြဋ္ဌာန်းခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်တွင် "လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး" ဟူသော ရည်မှန်းချက်ပါရှိရာ အဆိုပါရည်မှန်းချက်ကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီနိုင်ရေးအတွက် ဆောင်ရွက်ရမည့် အချက် ခြောက်ချက်လည်း ပါရှိသည်။

မတ်လ ၂၂ ရက်နေ့သည် ကမ္ဘာ့ရေနေ့ဖြစ်ပြီး လူသားများအတွက် ရေချို၏ အရေးပါမှုကို သတိမူနိုင်ကြရေးနှင့် ရေချိုအရင်းအမြစ်များ ရေရှည်တည်တံ့ရေးအတွက် ရည်ရွယ်၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်အဖို့ "ရေနှင့် ရာသီဥတုပြောင်းလဲမှု"ကို အထူးပြု၍ ကျင်းပသွားမည်ဖြစ်သည်။ မိမိတို့နိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတွင် ဘေးဒဏ်အခံရဆုံးနိုင်ငံများ၌ ပါဝင်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် ရေသယံဇာတအရင်းအမြစ်များအပေါ်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် မျှော်တွေးစီမံသွားရမည်ဖြစ်သည်။ နှစ်စဉ်ရွာသွန်းသည့် မိုးရေကို သိုလှောင်ထိန်းသိမ်းခြင်း၊ မြေအောက်ရေ စိမ့်ဝင်နိုင်ရေးအတွက် သစ်ပင်သစ်တောများ ပြုစုပျိုးထောင်ခြင်း၊ မြို့ပြများတွင် ရေစိမ့်ဝင်နိုင်မည့် ဧရိယာများနှင့် ရေကန်များ ဖန်တီးတည်ဆောက်ခြင်း၊ အမှိုက်၊ ရေဆိုးနှင့်မိလ္လာစွန့်ပစ်မှုများ စနစ်တကျတည်ထောင်ခြင်းစသည့်နည်းလမ်းများဖြင့် ရေသယံဇာတထိန်းသိမ်းရေးဆောင်ရွက်မှုများဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် ရင်ဆိုင်တုံ့ပြန်နိုင်ကြမည်ဟု ယုံကြည်မိပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးဘမြင့် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးဇော်လွင်ဦး | ကျောင်းအုပ်ကြီး<br>မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဂ) ဦးကိုလေးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာဇော်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာစိုင်းကျော်နိုင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချရေးဌာနမှ ညွှန်ကြားရေးမှူး ဦးရွှေမော် ကို ယင်းလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အစည်းအဝေးခန်းမ၌ မတ် ၁၆ ရက်က ကျင်းပသည်။



မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

အဆိုပါအခမ်းအနားသို့ ဗဟိုသမဝါယမအသင်းလီမိတက် ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်ဖြူ၊ ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌဖြစ်သည့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် ဖွဲ့စည်းရေးကော်မတီ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်သမဝါယမဦးစီးဌာနများမှ ဦးစီးအရာရှိများ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစန်းလွင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမအသင်းစုများမှ ဥက္ကဋ္ဌများနှင့် အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် အမှုဆောင်ဒါရိုက်တာ အဖွဲ့ဝင်ဟောင်းများ နုတ်ထွက်ခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်တာ အမှုဆောင်သက်တမ်းတွင် တာဝန်ထမ်းဆောင်သွားမည့် အမှုဆောင်အသစ်များအား အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်၌ လေထုအရည်အသွေးအညွှန်းကိန်း နီညိုရောင်အဆင့် ရောက်ရှိနေ

**တာချီလိတ် မတ် ၂၀**

တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ မတ် ၂၀ ရက် နံနက် ၉ နာရီထိ တိုင်းတာချက်အရ ဝန်းကျင်လေထုအရည်အသွေးအညွှန်းကိန်း AQI မှာ လေထုအတွင်း အမှုန်ပါဝင်မှု ပမာဏမှာ ၃၉၉ သို့ရောက်ရှိနေကာ နီညိုရောင်အဆင့်(အန္တရာယ်ရှိ) ဖြစ်နေသည်။

တာချီလိတ်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဆိုင်မြို့တွင် လေထုအရည်အသွေးအညွှန်းကိန်း ၄၆၂ အထိရောက်ရှိနေပြီး ပြည်သူများကျန်းမာရေးအတွက် အထူးသတိပြုရန်လိုအပ်ကြောင်း သိရသည်။

အဆိုပါ မီးခိုးမြူများဖုံးလွှမ်းသည့် လေထုညစ်ညမ်းမှုဒဏ်ကို ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းဒေသများတွင်ပါ ခံစားနေကြရကြောင်း ဒေသခံပြည်သူများထံမှ သိရှိရသည်။

**မောင်ယဉ်ကျေး**

# ရခိုင်ပြည်နယ်အတွင်းရှိ ထိခိုက်ခံဒေသများသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးအပ်သွားရေးအတွက် အစိုးရက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်

၁။ ရခိုင်ပြည်နယ်အတွင်း AA ၏ အဖျက်အမှောက်လုပ်ရပ်များသည် ပိုမိုပြင်းထန်စွာ ဆက်လက်ဖြစ်ပွားလျက်ရှိသည့်အတွက် မြန်မာ့တပ်မတော်နှင့် AA အဖွဲ့အကြား တိုက်ပွဲများဖြစ်ပွားပြီး လူမှုအသိုက်အဝန်းပေါင်းစုံမှ ပြည်တွင်းနေရပ်စွန့်ခွာသူ အများအပြား ပေါ်ပေါက်စေခဲ့သည်။

၂။ အစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိပြီး၊ လုံခြုံရေးအခြေအနေပေးမှုအပေါ်မူတည်၍ အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များအား လူသားချင်းစာနာမှုအကူအညီများ သွားရောက်ပေးအပ်ခွင့်ကို ဆက်လက်ပေးအပ်ထားပါသည်။

၃။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ အစောပိုင်းမှစတင်၍ လက်နက်ကိုင်တိုက်ပွဲများ ပြင်းထန်လာမှုကြောင့် လူသားချင်းစာနာမှုအကူအညီများ ဖြန့်ဝေရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များမှ အကူအညီများ သွားရောက်ပေးအပ်နိုင်ရန် စီစဉ်ပေးရာ၌ စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရပါသည်။

၄။ မကြာသေးမီက သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်နှင့် ရခိုင်ပြည်နယ်အတွင်း အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများတွင် အကူအညီများပေးအပ်နေသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အပါအဝင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များအား လုပ်ငန်းဆောင်ရွက်ခွင့်များ တိုးမြှင့်ပေးအပ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပိုမိုထိရောက်စွာ ပေးအပ်နိုင်ရေးအတွက် အသေးစိတ်အစီအစဉ်များကို ကုလသမဂ္ဂနှင့် ICRC အဖွဲ့များနှင့် မကြာမီအတွင်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၅။ အစိုးရအနေဖြင့် အရပ်သားများကို အကာအကွယ်ပေးရေးနှင့် အရပ်သားများ ထိခိုက်သေကျေမှုများမှ ကာကွယ်တားဆီးရေးအတွက် လိုအပ်သည့် အစီအမံများအားလုံးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့အကြား ဘက်စုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဆောင်ရွက်မည့် ဘက်စုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နိပ္ပွန် ဖောင်ဒေးရှင်းမှ Executive Director ဖြစ်သူ Mr. Yuji Mori နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အဖွင့်အမှာစကား ပြောကြားပြီး နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director ဖြစ်သူ Mr. Yuji Mori က နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director ဖြစ်သူ Mr. Yuji Mori တို့က ဘက်စုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ကြပြီး (ယာပုံ) နားလည်မှုစာချွန်လွှာ အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယနေ့ လက်မှတ်ရေးထိုးခဲ့သည့် ဘက်စုံဒေသဖွံ့ဖြိုးရေး စီမံကိန်းကို မတ် ၂၀ ရက်မှ စတင်၍ တစ်နှစ်နှင့် နှစ်လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆၂ သန်းဖြင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံ အဆောက်အဦများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးဆိုင်ရာ လုပ်ငန်းများ၊ ဆိုလာမီးလင်းရေး ဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းဧရိယာအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ ကျေးရွာ ၇၄ ရွာရှိ ဒေသခံပြည်သူလူထုများအတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေမည့် အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# ယာဉ်သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် ထူထောင်ခြင်း စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-ကိုရီးယားနှစ်ဖက် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်သွားကြမည်

နေပြည်တော် မတ် ၂၀

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ကိုရီးယား သမ္မတနိုင်ငံ Korea International Cooperation Agency (KOICA) တို့သည် "Establishment of Vehicle Information Management System for Vehicle Inspection, Registration and Driving License In Myanmar" Project အတွက် Record of Discussion (RoD) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆွမ်းဟွာ နှင့် KOICA Myanmar Office မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့က အမှာစကား ပြောကြားကြပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် KOICA Myanmar Office မှ Chief Repre–sentative Ms. Lee Youn Soo တို့က Record of Discussion (RoD) က လက်မှတ်ရေးထိုးကြသည်။ **(အောက်ဝဲပုံ)**




အဆိုပါစီမံကိန်းကို KOICA ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (ရုံးချုပ်) အပါအဝင် လက်အောက်ခံ ရုံးခွဲ (၅၅) ရုံးတို့အကြား Fiber Network ချိတ်ဆက်၍ Virtual Private Network(VPN) တည်ဆောက်ခြင်း၊ ဌာန၏အဓိက လုပ်ငန်းများဖြစ်သည့် ယာဉ်စစ်ဆေးခြင်း၊ ယာဉ်မှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းဆိုင်ရာ အခငွေများကောက်ခံခြင်း၊ အခြား ဆက်စပ်ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းတို့ကို Online Applications များဖြင့် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ ယင်းစီမံကိန်းကို ၂၀၂၃ ခုနှစ်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Substainable Development Plan) နှင့်ကိုက်ညီသည့် မဟာဗျူဟာမြောက်စီမံကိန်းများ၌ အကျုံးဝင်သည့်အတွက် ယခုစီမံကိန်းကို စီမံကိန်းဘဏ် www.projectbank.gov.mm Website ၌လည်း လွှင့်တင်ထည့်သွင်းထားပြီးဖြစ်သည်။

အဆိုပါစီမံကိန်း၌ Master Plan ရေးဆွဲခြင်း၊ ယာဉ်သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် ထူထောင်ခြင်း၊ ဝန်ထမ်းများကိုသင်တန်းပေးခြင်း၊ ပစ္စည်းကိရိယာများ ထောက်ပံ့ခြင်း၊ မြန်မာနိုင်ငံသို့ ကိုရီးယား ကျွမ်းကျင်သူများ စေလွှတ်ခြင်း၊ စီမံကိန်းအရည်အသွေး စီမံခန့်ခွဲခြင်းစသည့် အဓိက လုပ်ငန်းစဉ်များပါဝင်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ–ကိုရီးယားနှစ်ဖက် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်သက်သာ အဆင်ပြေစေရေးအတွက် Online Services များ ဖြစ်စေရန် အသွင်ကူးပြောင်းနိုင်ရေး ကြိုးပမ်းလျက်ရှိရာ၌ ဤ "Estab–lishment of Vehicle Information Management System for Vehicle Inspection, Registration and Driving License In Myanmar" Project က များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ ဤ Grant Aid Project ကြောင့် မြန်မာပြည်သူများအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ဝန်ဆောင်မှု လုပ်ငန်းများအတွက် ထူးခြားသိသာထင်ရှားသည့် အကျိုးရလဒ်ကောင်းများ ရရှိစေမည်ဖြစ်သကဲ့သို့ မြန်မာ–ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ခိုင်မာကျယ်ပြန့်စေမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များ ထုတ်ပြန်ခြင်း

၁။ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှင့် ကြိုတင်ကာကွယ်မှုများ ပြုနိုင်ရန်အတွက် ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း အလွန်များပြားလျက်ရှိသည့် နိုင်ငံများမှ လာရောက်သော ခရီးသွားများမှတစ်ဆင့် မြန်မာပြည်သူများအပေါ် ကျရောက်နိုင်သည့် ရောဂါအန္တရာယ်ကို ထိန်းချုပ်ကန့်သတ်သွားနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကြိုတင်ကာကွယ်ရေး ထပ်တိုးအစီအမံများကို ချမှတ်လိုက်သည်။

၂။ အောက်ဖော်ပြပါ ယာယီကန့်သတ်ချက်အစီအမံများသည် ၂၁-၃-၂၀၂၀ ရက်နေ့၊ ခရီးသည်ထွက်ခွာလာမည့် နိုင်ငံ၏ ဒေသစံတော်ချိန် (၀၀:၀၀) နာရီမှ စတင်အသက်ဝင်မည်ဖြစ်ပါသည်-

(က) **COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း အလွန်မြင့်မားလာသည့် ထပ်တိုးနိုင်ငံများအပေါ် ယာယီကန့်သတ်ချက်များ**

အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့တွင် လွန်ခဲ့သည့် (၁၄) ရက်အတွင်း နေထိုင်ခဲ့သူများနှင့် သွားရောက်ခဲ့ဖူးသည့် မြန်မာနိုင်ငံသားများ အပါအဝင် ခရီးသွားများအားလုံးကို မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှ စတင်၍ (၁၄) ရက် သီးသန့်သတ်မှတ်ထားသည့် နေရာများတွင် ထားရှိစောင့်ကြည့်မှု (Facility Quarantine) ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာသံတမန်များ၊ မြန်မာနိုင်ငံအခြေစိုက်ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့်မူ မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှ စတင်၍ ၎င်းတို့၏နေအိမ်များတွင် (၁၄) ရက် သီးသန့်နေထိုင် စောင့်ကြည့်မှု (Home Quarantine) ပြုလုပ်သွားကြရန်ဖြစ်သည်။ ၎င်းတို့အားလုံးအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် လေယာဉ်များအပေါ်သို့ မတက်ရောက်မီ အပူချိန်မြင့်မားခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူမဝသည့် လက္ခဏာများမရှိကြောင်း ဖော်ပြပါရှိသည့် သက်ဆိုင်ရာနိုင်ငံမှ အသိအမှတ်ပြု ကျန်းမာရေး အဖွဲ့အစည်းများမှ ထုတ်ပေးသည့် ဆေးထောက်ခံစာ ပြသရန်လိုအပ်သည်။

**The Updated List of Additional Quarantine Measures for International Travellers and Myanmar Citizens**

| Sr no | Countries | Travel Suspension | Quarantine | | Active Health Surveillance |
|---|---|---|---|---|---|
| | | | Facilities | Home | |
| 1 | Republic of Korea | Any foreigner with a travel history to Hot Spot areas during the past 14 days | Myanmar citizens with a travel history to Hot Spot areas during the past 14 days | Anyone with a travel history during the past 14 days | |
| 2 | People's Republic of China | Any foreigner with a travel history to Hot Spot areas during the past 14 days | Myanmar citizens with a travel history to Hot Spot areas during the past 14 days | | Anyone with a travel history during the past 14 days |
| 3 | Italy | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 4 | Iran | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 5 | France | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 6 | Spain | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 7 | Germany | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 8 | The United States of America | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 9 | Switzerland | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 10 | The United Kingdom | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 11 | Netherlands | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 12 | Norway | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 13 | Denmark | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 14 | Sweden | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 15 | Austria | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |
| 16 | Belgium | | Anyone with a travel history during the past 14 days | Diplomats, UN Officials | |

Note: This will come into effect starting 00:00 hours Myanmar Standard Time (MST) on 21st March 2020.
It will be in effect until further notice.

(ခ) **ဆိုက်ရောက်ဗီဇာ (Visa on Arrival) နှင့် အီလက်ထရောနစ်ဗီဇာ (e-visa) ထုတ်ပေးခြင်းများအပေါ် ယာယီရပ်ဆိုင်းမည့် အစီအမံများ**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအားလုံးအတွက် ဆိုက်ရောက်ဗီဇာ (Visa on Arrival) နှင့် အီလက်ထရောနစ်ဗီဇာ (e- visa) ထုတ်ပေးခြင်းများကို ယနေ့မှစတင်၍ ၃၀-၄-၂၀၂၀ ရက်နေ့အထိ ယာယီရပ်ဆိုင်းလိုက်သည်။

၃။ သို့ရာတွင် မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံသို့ မလွှဲမရှောင်သာ ကိစ္စရပ်များ (သို့မဟုတ်) အရေးကြီးတာဝန်ဖြင့် လာရောက်ရန်ရှိပါက လိုအပ်သည့် ပြည်ဝင်ဗီဇာ ရရှိရေးနှင့် သီးသန့်ထားရှိရေးအစီအမံများ လွယ်ကူစေနိုင်ရန်အတွက် အနီးဆုံးမြန်မာသံရုံးများနှင့် ဆက်သွယ်ဆောင်ရွက်သွားနိုင်ပါသည်။

၄။ ၁၅-၃-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကြိုတင်ကာကွယ်မှု အစီအမံများသည်လည်း ဆက်လက်အတည်ဖြစ်မည်ဖြစ်သည်။ နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများအား နိုင်ငံအလိုက် ချမှတ်ထားပြီးဖြစ်သည့် ခရီးသွားကန့်သတ်မှုများနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအမံများ (Quarantine Measures) ဇယားကို ပူးတွဲဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်**

## ရှားတော၌ ထိုင်းနယ်စပ်မှ ဝင်လာသော ခရီးသည် ၃၄ ဦးအား COVID-19 ရောဂါ တားဆီးကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်

ရှားတော မတ် ၂၀

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါ ကြိုတင် တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်၍ ကယားပြည်နယ် ရှားတောမြို့နယ် ဈေးပိုင်းရပ်ကွက် (ကယားပိုင်း) တွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် (လ.ဝ.က)နှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်းတို့ ပူးပေါင်း၍ ဘီဘီ - ၉ (ထိုင်းနယ်စပ်) မှ ဝင်ရောက်လာသော ခရီးသည်များအား စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘီဘီ-၉ (ထိုင်းနယ်စပ်) မှ မော်တော်ယာဉ် နှစ်စီးဖြင့် ဝင်ရောက်လာသော ခရီးသည် ၃၀ နှင့် မော်တော်ဆိုင်ကယ် လေးစီးဖြင့် ဝင်ရောက်လာသော ခရီးသည် လေးဦး စုစုပေါင်း ၃၄ ဦး ဝင်ရောက်လာကာ ရာသီဥတုပူပြင်းသည့်အတွက် ခရီးသည်များအား အရိပ်အောက်တွင် ၁၅ မိနစ်ခန့် အနားပေးသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းကိရိယာ လေဆာဖြင့် ခရီးသည်၏ ကိုယ်အပူချိန်ကို တိုင်း၍ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါ ရှိ/မရှိ စစ်ဆေးဆောင်ရွက်ကြသည်။

ထို့အတူ မတ် ၁၈ ရက်တွင် ခရီးသည်လေးဦး ဝင်ရောက်လာကာ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းအောင်(ပြန်/ဆက်)**

❒ *ရှေ့ဖုံးမှ*

ကုန်ကြမ်းပေး ကုန်ချောယူလက်ခစားစနစ် လုပ်ငန်းလုပ်ကိုင်နေသော (CMP) စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းဌာနများအနေဖြင့် လုပ်ငန်းလည်ပတ်ရန် ခက်ခဲခြင်းတို့ကြောင့် လုပ်ငန်းများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ လျှော့ချခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

မှတ်ပုံတင်ထားပြီးသော လုပ်ငန်းဌာနများသည် အကြောင်းအမျိုးမျိုးကြောင့် အလုပ်ဌာနပိတ်သိမ်းခြင်း၊ အလုပ်သမားလျှော့ချခြင်းတို့ဖြစ်ပေါ်ခြင်းကို လူမှုဖူလုံရေးအဖွဲ့သို့ အကြောင်းကြားလာပါက လူမှုဖူလုံရေးအဖွဲ့ တာဝန်ရှိသူများက အမှန်တကယ် ပိတ်သိမ်းခြင်း ရှိ/မရှိ သွားရောက်စိစစ် အတည်ပြုရမည်ဖြစ်ပြီး မှန်ကန်ပါက ထည့်ဝင်ကြေးပေးသွင်းခြင်းကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သိရှိရသည်။

အလုပ်ရှင်များသည် ယာယီပိတ်သိမ်းထားရာမှ လုပ်ငန်းပြန်လည် ဖွင့်လှစ်ပါက ဖွင့်လှစ်ကြောင်းကို ၁၀ ရက်အတွင်း မဖြစ်မနေ အကြောင်းကြားရမည်ဖြစ်ပြီး ထည့်ဝင်ကြေးများကိုလည်း ပြန်လည်ပေးသွင်းရန် လိုအပ်သည်။ လုပ်ငန်းလည်ပတ်မှုကို အကြောင်းကြားရန် ပျက်ကွက်ခြင်းကြောင့် အလုပ်သမားများ ထိခိုက်မှုဖြစ်ခြင်း၊ မကျန်းမာမှုဖြစ်ခြင်းများအတွက် လူမှုဖူလုံရေးအဖွဲ့ ကိုယ်စား ဥပဒေပါခံစားခွင့်များကို ပုဒ်မ ၆၉ နှင့်အညီ အလုပ်ရှင်က တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး ထည့်ဝင်ကြေးများကိုလည်း ပြန်လည်ပေးသွင်းရမည့်အပြင် ဥပဒေ ပုဒ်မ ၉၄(ခ) နှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အဆိုပါဥပဒေအရ သိရှိရသည်။

အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဌာနများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်း၊ အလုပ်သမားလျှော့ချခြင်းများ ဖြစ်ပေါ်ပြီး အလုပ်ရှင်ကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားများသည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေများအရ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်ပါ နည်းဥပဒေ အပိုဒ် ၇၃ နှင့်အညီ အလုပ်လက်မဲ့ကာလ ခြောက်လထက် မကျော်သောကာလအထိ ဆေးကုသမှုခံယူခွင့်၊ အလုပ်လက်မဲ့ကာလအတွင်း မကျန်းမာမှုဖြစ်ပါက ထိုမကျန်းမာမှုဖြစ်သည့်နေ့ မတိုင်မီနောက်ဆုံး ခြောက်လအတွင်း ထည့်ဝင်ကြေး ၄ လ ရှိပါက ငွေကြေးအကျိုးခံစားခွင့်အဖြစ် လုပ်ခလစာ၏ ၆၀ ရာခိုင်နှုန်းကို ခြောက်လအထိ ခံစားခွင့်၊ အလုပ်လက်မဲ့ကာလအတွင်း မီးဖွားမှုဖြစ်ပေါ်ပါက မီးဖွားခွင့်မစတင်မီ လွန်ခဲ့သော ၁၂ လအတွင်း ခြောက်လ ထည့်ဝင်ကြေး ပေးသွင်းထားပါက လုပ်ခလစာ၏ ၇၀ ရာခိုင်နှုန်းကို မီးဖွားမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်များနှင့် မီးဖွားစရိတ်အပါအဝင် အကျိုးခံစားခွင့် ခုနစ်မျိုးကို ခံစားခွင့်ရှိသည်။

အာမခံထားသူအမျိုးသမီး မီးဖွားပါက မီးဖွားခွင့်မစတင်မီ လွန်ခဲ့သော ၁၂ လ အတွင်း ပျမ်းမျှလုပ်ခလစာ၏ ၇၀ ရာခိုင်နှုန်း ကို ၁၄ ပတ်မှ အမြွှာမွေးပါက ၁၈ ပတ်အထိ ငွေကြေးအကျိုးခံစားခွင့်၊မီးဖွားစရိတ်အဖြစ် ပျမ်းမျှလုပ်ခလစာ၏ ၅၀ ရာခိုင်နှုန်းမှ အမြွှာမွေးပါက ၁၀၀ ရာခိုင်နှုန်းအထိ ခံစားခွင့်၊ကိုယ်ဝန်ပျက်မှုအတွက် ပျမ်းမျှလုပ်ခလစာ၏ ၇၀ ရာခိုင်နှုန်းကို အများဆုံး ခြောက်ပတ်အထိ ခံစားခွင့်၊ အာမခံထားသူအမျိုးသမီးသည် တစ်နှစ်အောက်ကလေး မွေးစားမှုအတွက် ပျမ်းမျှလုပ်ခလစာ၏ ၇၀ ရာခိုင်နှုန်းကို ရှစ်ပတ်အထိ ခံစားခွင့်နှင့် အာမခံထားသူအမျိုးသမီး၏ တစ်နှစ်အောက်ကလေးအတွက် တစ်နှစ်အထိ ဆေးကုသမှုခံယူခွင့်၊ အာမခံထားသူအမျိုးသား၏ ဇနီး မီးဖွားမှုအတွက် မွေးကင်းစကလေး စောင့်ရှောက်ခွင့်အဖြစ် ပျမ်းမျှလုပ်ခလစာ၏ ၇၀ ရာခိုင်နှုန်းကို ၁၅ ရက် အထိ ခံစားခွင့်၊ အာမခံထားသူအမျိုးသား၏ ဇနီး မီးဖွားခြင်းအတွက် မီးဖွားစရိတ်အဖြစ် ပျမ်းမျှလုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းမှ အမြွှာမွေးပါက ၅၀ ရာခိုင်နှုန်းအထိ ခံစားခွင့်တို့ရရှိမည်ဖြစ်သည်။

ထို့ပြင် အလုပ်လက်မဲ့ကာလအတွင်း သေဆုံးမှုမဖြစ်မီ နောက်ဆုံး သုံးလ အတွင်း နှစ်လ ထည့်ဝင်ကြေးပေးသွင်းထားခြင်း၊ ကပ်လျက် နှစ်လကို ထည့်ဝင်ကြေး မရှိသော်လည်း အလုပ်လက်မဲ့ဖြစ်သူအတွက် ထည့်ဝင်ကြေးပေးသွင်းပြီးသကဲ့သို့ သတ်မှတ်၍ နာရေးစရိတ်ခံစားခွင့်၊ အလုပ်လက်မဲ့ဖြစ်သည့်ကာလ အများဆုံး ခြောက်လအထိ ဆေးဖိုးနှင့် ခရီးစရိတ် ခံစားခွင့်၊၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ နှစ်ရပ်ပေါင်း ထည့်ဝင်ကြေးကာလ လပေါင်း ၁၈၀ အထက်ရှိပါက အငြိမ်းစားယူသူများ ဆေးကုသမှုဆက်လက်ခံယူခွင့်များကိုလည်း ရရှိခံစားနိုင်ကြောင်း သိရသည်။

အလုပ်ရှင်ကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် အပိုဒ် (၄) ပါ အကျိုးခံစားခွင့်များ ရရှိသကဲ့သို့ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှု အာမခံစနစ်သို့ ဆန္ဒအလျောက် အလုပ်ရှင် ၂ ရာခိုင်နှုန်း၊ အလုပ်သမား ၂ ရာခိုင်နှုန်း၊ စုစုပေါင်း ၄ ရာခိုင်နှုန်းကို ထည့်ဝင်ကြေးများ ပေးသွင်းပြီး ဆက်လက်အာမခံထားရှိပါက ဆေးကုသမှု ခံယူခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်နှင့်ဆိုင်သည့် အပိုဒ် (၄) ပါ ငွေကြေးအကျိုးခံစားခွင့် ခုနစ်မျိုး၊ ဆေးဖိုး၊ ခရီးစရိတ်၊၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ နှစ်ရပ်ပေါင်း ထည့်ဝင်ကြေးကာလ လပေါင်း ၁၈၀ အထက်ရှိပါက အငြိမ်းစားယူသူများ ဆေးကုသမှုဆက်လက်ခံယူခွင့်တို့အပြင် နာရေးစရိတ်ကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **ခင်ရတနာ**

# ပြည်သူ့သာလျှင် အဓိက

❋ ရှေ့ဖုံးမှ

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့(၄) ဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်ထံမှ ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့ (၄)ဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှုအင်အား အတိုင်း ခွဲဝေပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆန္ဒမဲပေးမှုပြီးမြောက်ပြီးနောက် သက်ဆိုင်ရာတာဝန်ခံများက ဆန္ဒမဲပုံး များကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေး ထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိ သည့်ဆန္ဒမဲလက်မှတ် အရေအတွက်အခြေအနေကို စစ်ဆေးရေတွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စား လှယ်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် ၆၂၉ စောင်ဖြစ်ပြီး ယခုဆန္ဒမဲ ပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၂၉ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်းနှင့် ဆန္ဒမဲပေးမှုအထမြောက် ကြောင်း ကြေညာသည်။

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ (၈)ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ရေတွက်ကြရာ နိုင်ငံရေး ပါတီ အစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စား လှယ်များက သတ်မှတ်နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

ဆက်လက်၍ အဖွဲ့(၈)ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှု ပြီးမြောက်ပြီး နောက် သက်ဆိုင်ရာ ရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ် (၅)ဦးပါဝင်သည့်အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲ အရေအတွက် ရာခိုင်နှုန်း တွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယနေ့ လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲရရှိမှုအရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရ နှင့် လွှတ်တော်၏ ဆုံးဖြတ်အတည်ပြုချက်တို့ကို ကြေညာရာတွင် ပုဒ်မ ၄၀၅ ပုဒ်မခွဲ(က) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၄ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်း ဖြစ်ကြောင်း၊ ပုဒ်မ ၄၃၇ ပုဒ်မခွဲ(က) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၉၅ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်း ဖြစ်ကြောင်း၊ အခန်း(၁၄) အခန်းခေါင်းစဉ် ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလ အတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၄၁ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်း ဖြစ်ကြောင်း၊ ပုဒ်မ ၄၄၂ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊

ပုဒ်မ ၄၄၃ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၄၄၄ ပုဒ်မခွဲ (က) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၄၄၄ ပုဒ်မခွဲ (ခ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၄၄၅ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၄၄၆ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၉၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း။

ပုဒ်မ ၄၄၇ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၄ မဲဖြစ်ပြီး ထောက်ခံ ဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၄၄၈ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၄၄၉-က အဖြစ် အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲ ဖြစ်ပြီး ထောက်ခံ ဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၄၄၉-ခ အဖြစ် အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ်(၅) အပါအဝင် ပြင်ဆင်ချက် အားလုံးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်




ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။ သတင်းစဉ်

ပြီးဆုံးပြီဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော်နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) တို့တွင် အကျုံးဝင်သော ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ပြီးဆုံးပြီဖြစ်ပါ ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပြင်ဆင်ချက် ၅၅ ခုအနက် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲရရှိသည့် ပြင်ဆင်ချက် (၂)ခုဖြစ်ပါကြောင်း၊ ယင်းတို့မှာ ပုဒ်မ ၃၂ ပုဒ်မခွဲ(က)ပါ မူလပြဋ္ဌာန်း ချက်ဖြစ်သည့် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်း မစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဆိုသည့် စကားရပ်အစား မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ သက်ကြီး ရွယ်အိုများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက် ရမည်ဆိုသည့် စကားရပ် နှင့် ပုဒ်မ ၃၂ ပုဒ်မခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်ဖြစ်သည့် မသန်မစွမ်းဖြစ်လာသော တပ်မတော်သားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေ ရန်နှင့် အသက်မွေးပညာကို အခလွတ်သင်ယူနိုင်စေရန် စီမံဆောင်ရွက်ရမည် ဆိုသည့် စကားရပ်အစား မသန်စွမ်းဖြစ်လာသော တပ်မတော်သားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် အသက်မွေးပညာကို အခလွတ် သင်ယူနိုင်စေရန် စီမံဆောင်ရွက်ရမည်ဆိုသည့် စကားရပ်အဖြစ် အစားထိုးပြင်ဆင်ခြင်း ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ပြင်ဆင် ချက် ၈၀ ခုအနက် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲရရှိသည့် ပြင်ဆင်ချက် (၂)ခုဖြစ်ပါကြောင်း၊ ယင်းတို့မှာ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)ပါ မူလ ပြဋ္ဌာန်းချက်ဖြစ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ များထဲကဖြစ်စေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည် ဆိုသည့် စကားရပ်အစား ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ် ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၃၄၄ ပါ မူလပြဋ္ဌာန်းချက်ဖြစ်သည့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့ စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်ဆိုသည့် စကားရပ်အစား မသန်စွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက် ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင် ခြင်းဖြစ်ပါကြောင်း၊ အထက်ပါ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲရရှိသည့် ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာသည်။

## အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့်ထောက်ပံ့ငွေ ဒေါ်လာ ၁၀ သန်း ရယူနိုင်ရေးကိစ္စ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့်ထောက်ပံ့ငွေ ဒေါ်လာ ၁၀ သန်း ရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြ သည်။

ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းက ကမ္ဘာ့ဘဏ်သည် ကမ္ဘာပေါ် တွင် အကြီးဆုံးသော Financial Institution ဖြစ်သည့်အတွက် ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် ငွေကြေးစီမံခန့်ခွဲမှု၊ စီမံကိန်း၊ စီမံချက်များ၏ စီမံခန့်ခွဲမှု၊ စီမံကိန်းကြီးကြပ်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ်များ စီမံခန့်ခွဲမှု အတွေ့အကြုံများကို အများအပြားရရှိမည်ဖြစ်ပါကြောင်း၊ ငွေကြေးချေးငှားခြင်း တစ်ခုတည်းသာမက နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများစွာ ရရှိမည်ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်၏ ချေးငွေကို ရယူသုံးစွဲခြင်းအားဖြင့် မိမိတို့ နိုင်ငံအတွက် ငွေကြေးပိုင်းဆိုင်ရာ အကူအညီများရရှိသကဲ့သို့ နည်းပညာပိုင်း ဆိုင်ရာ အတွေ့အကြုံများလည်း အများအပြားရရှိမည်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ လာသော မှတ်ချက်အရ ဝန်ကြီးဌာနအနေဖြင့် ချေးငွေများကို လက်ရှိဆောင်ရွက် လျက်ရှိသည့် အဓိကကျပြီး လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်း မီ ရရှိရေးစီမံချက်ကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အတွက် ရယူသုံးစွဲသွားမည်ဖြစ်သည်ကို သိရှိရပါကြောင်း၊ စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းအတွင်းပါ မြို့နယ်များရှိ ပြည်သူများ အနေဖြင့် အရည်အသွေးမီသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလက်လှမ်းမီ စွာ ရရှိနိုင်ခြင်း၊ ကျန်းမာရေးစနစ်များ တည်ဆောက်ခြင်း၊ လုပ်ငန်းစွမ်းဆောင် ရည်မြှင့်တင်ခြင်း၊ သတင်းအချက်အလက်နှင့် စီမံချက်၊ စီမံခန့်ခွဲမှုများ အားကောင်းစေခြင်း၊ အရေးပေါ်အခြေအနေများ ကြုံတွေ့လာပါက ဝန်ကြီးဌာန အနေဖြင့် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကို အချိန်မီ ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးလွှဲပြောင်းသုံးစွဲနိုင်မည့် အစီအမံများ ထားရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အတွက် ချေးငွေရယူခြင်း အပေါ် အားရကျေနပ်မိပါကြောင်း ဆွေးနွေးသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းက လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံအတွက် အကြီးမားဆုံးအရင်းအနှီးဖြစ်ပါကြောင်း၊ ကျောက်သံပတ္တမြား၊ ရွှေ၊ ငွေ၊ သစ်တော၊ ရေနံများအပေါ်တွင် အခြေခံသည့် ခေတ်စနစ်မှ လူ့စွမ်းအား အရင်းအမြစ်အပေါ် အခြေခံသည့် စီးပွားရေးအဖြစ် ပြောင်းလဲကြိုးစားနေရသည့် အချိန်တွင် ပြည်သူများကျန်းမာသန်စွမ်းပြီး အသက်မွေးဝမ်းကျောင်းနှင့် ဝိဇ္ဇာသိပ္ပံပညာရပ်များ တတ်မြောက်ရန် အလွန်အရေးကြီးပါကြောင်း၊ ယခု ချေးယူမည့် ချေးငွေသည် ပြည်သူများကျန်းမာကြံ့ခိုင်စေရန်ဖြစ်သည့်အတွက် သင့်မြတ်မှန်ကန်ပါကြောင်းနှင့် တိုင်းရင်းသားဒေသများကို ပို၍အကျိုးပြုမည်ဖြစ် သည့်အတွက် လွှတ်တော်မှအတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေး သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင်၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀) မှ ဒေါက်တာကျော်ငွေ၊ နမ္မတူ မဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၊ ရောဝတီတိုင်းဒေသ ကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်း အဝေး ၂၈ ရက်မြောက်နေ့ကို မတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ-စိုးဝင်းထွန်း**

# ကမ္ဘာ့မိုးလေဝသနေ့

ကျော်လွင်ဦး(မိုးဇလ)

**၂၀၂၀ပြည့်နှစ် မတ်လ ၂၃ ရက်နေ့ဟာ ကမ္ဘာ့မိုးလေဝသနေ့ဖြစ်ပါတယ်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီးနဲ့ အဖွဲ့ဝင်နိုင်ငံ အမျိုးသားမိုးလေဝသနဲ့ ဇလဗေဒဌာနများက ကမ္ဘာ့မိုးလေဝသနေ့ကို ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီး တည်ထောင်ခဲ့တဲ့ အထိမ်းအမှတ်အဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပလေ့ရှိကြပါတယ်။ ဒီနှစ်မှာတော့ မတ်လ ၂၂ ရက်နေ့မှာ ကျရောက်မယ့် ကမ္ဘာ့ရေနေ့ (World Water Day ) နဲ့ ကမ္ဘာ့မိုးလေဝသနေ့ (World Meteorological Day) အခမ်းအနားကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ရုံးမှာ ပူးတွဲကျင်းပကြမှာ ဖြစ်ပါတယ်။ ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပရာမှာ လက်ရှိဖြစ်ပေါ်နေတဲ့ မိုးလေဝသ၊ ရာသီဥတုအခြေအနေများနှင့် ဆက်စပ်တဲ့အခြေအနေများကို အလေးထားစေလိုတဲ့ ခေါင်းစဉ်တစ်ခု သတ်မှတ်ကျင်းပလေ့ရှိပါတယ်။ ဒီနှစ်အတွက် ကမ္ဘာ့မိုးလေဝသနေ့ ဆောင်ပုဒ်ကတော့ (Climate & Water)- ရာသီဥတုနှင့် ရေသယံဇာတများ ကောင်းမွန်ရေး၊ လူတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနဲ့ ရေသယံဇာတ စီမံခန့်ခွဲမှုများ အပြန်အလှန်ဆက်စပ်နေမှုနဲ့ အရေးပါမှုကို ပိုမိုသိရှိအလေးထားနိုင်စေရန် ဖော်ညွှန်းလိုခြင်းဖြစ်ပါတယ်။**

**ရာသီဥတု**

ယနေ့ကမ္ဘာကြီးမှာ သန့်ရှင်းတဲ့သောက်သုံးရေလိုအပ်ချက်များလာတာ၊ ရေကြီးတာ၊ မိုးခေါင်တာတွေရဲ့စိန်ခေါ်မှုတွေ ပိုပြီးရင်ဆိုင်လာနေရချိန်မှာပဲ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ကမ္ဘာမြေရဲ့ ပျမ်းမျှအပူချိန်ဟာ ၁၉၈၁-၂၀၁၀ ပုံမှန် ဖေဖော်ဝါရီလ အပူချိန်ထက် ၀ ဒသမ ၈ ဒီဂရီစင်တီဂရိတ် ပိုနေခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က မတ်လ ၅ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါဟာ အပူဆုံး ဖေဖော်ဝါရီလဖြစ်တဲ့ ၂၀၁၆ ခုနှစ်ကထက် ၀ ဒသမ ၀၈ ဒီဂရီ လျော့ခဲ့တာဖြစ်ပါတယ်။

ထို့အတူ ဥရောပတိုက်မှာလည်း ယခုနှစ် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ဟာ ၁၉၈၁-၂၀၁၀ ပုံမှန် ဖေဖော်ဝါရီလအပူချိန်ထက် ၃ဒသမ ၉ ဒီဂရီစင်တီဂရိတ် ပိုနေခဲ့ပြီး ဒုတိယအပူဆုံး ဖေဖော်ဝါရီလအဖြစ် စံချိန်တင်နေခဲ့တယ်လို့ သိရှိရပါတယ်။ အရှေ့တောင်အာရှဒေသနိုင်ငံတွေမှာလည်း ဒီနှစ် ဖေဖော်ဝါရီလမှာ ပုံမှန်ထက်ပိုတဲ့ ပျမ်းမျှအပူချိန်တွေ တိုင်းထွာရရှိခဲ့တာ တွေ့ရပါတယ်။ ကာလရှည်အပူချိန်ရာသီမှတ်တမ်းတွေရဲ့ သတ်မှတ်ရည်ညွှန်းကာလအပူချိန်တွေထက် ပိုပူလာတာကို တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ရာသီဥတု ပိုပြီးပူလာတာနဲ့အတူ မိုးရွာသွန်းမှုနည်းပါးတာကြောင့် မိုးခေါင်မှုလို အစွန်းရောက်ရာသီဥတုဖြစ်စဉ်တွေကလည်း ကမ္ဘာ့တစ်ဝန်းမှာ ဖြစ်ပေါ်လျက်ရှိနေပါတယ်။

စားနပ်ရိက္ခာဖူလုံမှုနဲ့ ကျန်းမာရေးအပေါ် သက်ရောက်မှုတွေ အဓိက ဖြစ်ပေါ်စေတတ်တဲ့ မိုးခေါင်ခြင်းနဲ့အတူ ဆင်းရဲမွဲတေမှု၊ စနစ်မကျတဲ့ မြေအသုံးချမှုတွေကြောင့်လည်း မိုးခေါင်မှုဒဏ် ခံစားရနိုင်ခြေများ မြင့်လာပါတယ်။ ရာသီဥတုပြောင်းလဲလာမှုနဲ့အတူ ကမ္ဘာ့နေရာဒေသအများအပြားမှာ မိုးခေါင်မှုကြိမ်နှုန်း၊ ပြင်းအားနဲ့ ကြာမြင့်ချိန်ကာလတွေ ပိုပြီးတိုးလာနိုင်ခြေ ရှိနေတယ်လို့ သုံးသပ်နေကြပါတယ်။ မိုးခေါင်ခြင်းကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၆ ဘီလီယံမှ ၈ ဘီလီယံခန့်အထိ ဆုံးရှုံးမှုရှိပြီး အခြား သဘာဝဘေးတွေထက် လူဦးရေထိခိုက်မှုများပါတယ်။ ဆုံးရှုံးမှုအများဆုံး သဘာဝဘေးတစ်ခု ဖြစ်တယ်လို့ ဆိုပါတယ်။

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်ကတော့ Global Water Partnership အဖွဲ့နဲ့ ပူးပေါင်းပြီး ဒေသအလိုက် မိုးခေါင်မှုဆိုင်ရာ မူဝါဒနဲ့ စီမံခန့်ခွဲမှုတွေ လုပ်ဆောင်နိုင်ဖို့ မိုးခေါင်မှုဆိုင်ရာ စောင့်ကြည့်ခြင်း၊ ကြိုတင်သတိပေးချက်၊ လူမှုစီးပွားနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်နိုင်ခြေ ဆန်းစစ်အကဲဖြတ်ဖို့တွေ၊ မူဝါဒများချမှတ်တာ၊ လေ့ကျင့်သင်တန်းပေးတာ၊ မိုးခေါင်မှုလျော့ပါးရေးဆိုင်ရာ နိုးကြားတဲ့အလေ့အထတွေ၊ ကြိုတင်ပြင်ဆင်ရေးတွေအတွက် ပူးပေါင်းဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ မြန်မာ့ရာသီဥတုအနေနဲ့လည်း မိုးခေါင်မှုကို နှစ်စဉ် ကြုံတွေ့ရပါတယ်။ ဥပမာအနေနဲ့ ၂၀၁၉ ခုနှစ် မိုးရာသီကာလဖြစ်တဲ့ မေလမှ စက်တင်ဘာလအတွင်း မိုးလေဝသဆိုင်ရာ မိုးခေါင်မှုဖြစ်ပွားခြင်း (Meteorological Drought) အခြေအနေကို မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို၊ မင်းတပ်၊ ဟားခါး၊ ဖလမ်း၊ ခန္တီး၊ ဟုမ္မလင်း၊ ကသာ၊ မော်လိုက်၊ ကလေးဝ၊ ကလေး၊ တမူး၊ မင်းကင်း၊ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ ကြေးမုံ၊ မန္တလေး၊ မိတ္ထီလာ၊ ညောင်ဦး၊ မြင်းခြံ၊ မိုးကုတ်၊ လွန်ကျော်၊ လှိုင်းတက်၊ ပျဉ်းမနား၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ ပခုက္ကူ၊ ချောက်၊ မင်းဘူး၊ မကွေး၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ဂွ၊ တောင်ငူ၊ ပဲခူး၊ သာယာဝတီ၊ မှော်ဘီ၊ မအူပင်၊ ပုသိမ်၊ မြောင်းမြ၊ သိမ်ဇရပ်၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့တို့တွင် မိုးခေါင်မှုဖြစ်ပွားခဲ့တာကိုတွေ့ရပြီး ကာလရှည်မိုးခေါင်မှု အခြေအနေကို စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့မှာ တွေ့ခဲ့ရပါတယ်။

ရာသီဥတုမူမမှန်မှုတွေ ဖြစ်ပေါ်စေတတ်တဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုရဲ့ အကျိုးဆက်များနဲ့အတူ မြန်မာ့ရာသီဥတုအခြေအနေများ ပြောင်းလဲလာမှုအပေါ် လိုက်လျောညီထွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖို့ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၃၀ နှင့်အညီ အားလုံးပူးပေါင်းဆောင်ရွက်နေကြရဦးမှာ ဖြစ်ပါတယ်။

**ရေသယံဇာတ**

လာမည့် ခရစ်နှစ် ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေ ၉ ဒသမ ၇ ဘီလီယံရှိလာနိုင်မယ်လို့ မျှော်မှန်းထားကြပါတယ်။ လူဦးရေတိုးတက်လာခြင်းနဲ့အတူ စားနပ်ရိက္ခာဖူလုံမှုနဲ့ လုံလောက်တဲ့သန့်ရှင်းသော သောက်သုံးရေ ရရှိဖို့တော့ အဓိကကျတဲ့ လိုအပ်ချက်များနဲ့အတူ ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်၊ ပန်းတိုင်များ အောင်မြင်စွာအကောင်အထည်ဖော်ဖို့ ကြိုးစားနေကြရပါတယ်။ ၂၀၅၀ ပြည့်နှစ်လောက်အထိ ကမ္ဘာ့ရေလိုအပ်ချက်က ဆက်လက်တိုးလာနိုင်ပြီး လက်ရှိရေသုံးစွဲမှုအခြေအနေထက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း၊ လူဦးရေ ၂ ဘီလီယံကျော်က ရေရှားပါးမှုပြဿနာကြုံတွေ့ရနိုင်ကြောင်း ကုလသမဂ္ဂရဲ့ World Water Development Report 2019 က သုံးသပ်ပါတယ်။

> **“ရာသီအခါမဲ့မိုးတွေ အန္တံ့အပြားရွာတာ၊ ကာလရှည်မြစ်ရေကြီးမှုတွေ ဖြစ်ပေါ်စေတာ၊ အချိန်တိုအတွင်း မိုးကြီးသည်းထန်မှုကြောင့် ရုတ်တရက် ရေကြီးတာ၊ မြေပြို၊ တောင်ပြို ဘေးတွေကို အခုနောက်ပိုင်း မကြာခဏကြုံတွေ့လာခြင်းဟာ ရာသီဥတုပြောင်းလဲလာမှုရဲ့ စိန်ခေါ်မှုများကို အလေးထားပြင်ဆင်၊ ဆောင်ရွက်ကြရတော့မယ့် အချိန်ဖြစ်ကြောင်း သတိပေးနေသကဲ့သို့ဖြစ်”**

လွန်ကဲတဲ့ မိုးလေဝသနဲ့ ရာသီဖြစ်စဉ်တွေက ရေရှားပါးမှု ပိုဖြစ်စေတာ၊ ကြိုတင်မှန်းဆဖို့ ခက်ခဲတာနဲ့ ရေထုညစ်ညမ်းမှု ပိုဖြစ်စေတတ်ပါတယ်။ ရာသီဥတုပြောင်းလဲလာမှုကို တုံ့ပြန်ကြရာမှာ ရေသယံဇာတများ စနစ်တကျ အသုံးချမှု အလွန်အရေးကြီးသကဲ့သို့ ဇလဗေဒဆိုင်ရာ အချက်အလက်တွေနဲ့ သချာ်ပုံစံတွက်ချက်မှုတွေမှတစ်ဆင့် လွန်ကဲတဲ့ မိုးလေဝသ၊ ဇလဗေဒဖြစ်ရပ်တွေရဲ့ အကြိမ်ရေနဲ့ ပမာဏတို့ကို ဆန်းစစ်တွက်ချက်၍ ရေကြီးမှု၊ မိုးခေါင်မှုဆိုင်ရာ ထိရောက်တဲ့ မူဝါဒတွေကိုချမှတ် အကောင်အထည်ဖော်နိုင်ပါတယ်။

ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်တွေက နိုင်ငံရဲ့ရေအရင်းအမြစ်ပမာဏ၊ အရည်အသွေးနဲ့ ဖြန့်ဝေပေးနိုင်မှု၊ ရေအားလျှပ်စစ် စက်ရုံတွေ၊ ရေကြောင်းခရီးသွားလာမှု၊ ဆည်ရေပေးဝေမှုတို့အတွက် လိုအပ်တဲ့စီမံချက်၊ ဒီဇိုင်းပုံစံများ ဆောင်ရွက်နိုင်ရေး၊ လူမှုစီးပွားနဲ့ ပတ်ဝန်းကျင်ကဏ္ဍတွေအပေါ် သက်ရောက်နိုင်ခြေများ၊ ရေနဲ့ဆက်နွယ်တဲ့ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်းဘေးများမှ ကာကွယ်နိုင်ရန်၊ ဥပဒေပြုခြင်း၊ လက်တွေ့ကျတဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေ ပြုမူဆောင်ရွက်ခြင်းနဲ့ လျော့ပါးရေး၊ ရေသယံဇာတများ ရေရှည်အသုံးပြုနိုင်မှုတို့ကို ပူးပေါင်းဆောင်ရွက်ကြရာမှာ များစွာအကျိုးပြုစေပါတယ်။

ရာသီဥတုပြောင်းလဲလာခြင်းရဲ့ သက်ရောက်မှုအထွေထွေက နေရာဒေသအလိုက် ကွဲပြားနိုင်ပေမယ့် အပူလွန်ကဲလာတာ၊ မိုးသည်းထန်မှုတွေ ပိုလာနိုင်တာတွေကြောင့် အပူလှိုင်းတွေ၊ မိုးခေါင်မှုတွေ၊ ရေကြီးမှုဘေးတွေကလည်း ပိုပြီးဖြစ်နိုင်ခြေများတဲ့အတွက် ရေနဲ့ ပတ်သက်တဲ့ ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုတွေ လျော့နည်းသက်သာအောင် စီမံဆောင်ရွက်နေကြရပါတယ်။ မေလလယ်မှ အောက်တိုဘာလလယ်အထိ ရာသီမှန် တိုက်ခတ်လေ့ရှိတဲ့ အနောက်တောင် မုတ်သုံလေစီးကြောင်းတွေရဲ့ အကျိုးကျေးဇူးကြောင့် တစ်နှစ်ပတ်လုံး ရွာသွန်းတဲ့ မိုးရေချိန်ရဲ့ ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းကျော်ကို မုတ်သုံကာလအတွင်းမှာရရှိပြီး မြန်မာ့ရေသယံဇာတ အရင်းအမြစ်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါတယ်။

မြန်မာနိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီတို့ရဲ့ ဦးဆောင်မှုနဲ့အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လျော့ပါးရေး၊ ရေသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို မိမိတို့အခန်းကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါတယ်။

**ရာသီဥတု စိန်ခေါ်မှုများအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်**

လူ့ပယောဂများကြောင့် ဖြစ်ပေါ်ရတဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ အယ်နီညို၊ လာနီညာကဲ့သို့ ရာသီဥတုမူမမှန်စေမှုများက ရေကဏ္ဍအပေါ် သိသိသာသာ သက်ရောက်မှုရှိပြီး အပူချိန်ပိုတာနဲ့ ရေငွေ့ပျံနှုန်း တိုးလာမှုကြောင့် ကမ္ဘာ့ရေသံသရာစက်ဝန်းကိုလည်း ပိုပြီးမြန်ဆန်စွာပြောင်းလဲစေပါတယ်။ အပူချိန်ပိုရင် ရေငွေ့ပျံနှုန်းတိုးပြီး အချိုးမညီတဲ့ရွာသွန်းမှုတွေ ဖြစ်စေတတ်ပါတယ်။ ရာသီဥတုပြောင်းလဲခြင်း၊ အစွန်းရောက်မိုးလေဝသ၊ ဇလဗေဒဖြစ်ရပ်များနဲ့သဘာဝဘေးအန္တရာယ်များက ဆက်နွယ်မှုရှိပါတယ်။

သဘာဝဘေးတွေရဲ့ စရိုက်လက္ခဏာတွေကို ခွဲခြားသိရှိပြီး အချိန်ယူကြိုတင်ပြင်ဆင်ထားနိုင်တယ်ဆိုရင် ဆုံးရှုံးမှုများစွာ လျော့ပါးစေနိုင်ပါတယ်။ သဘာဝဘေးတွေကို ခွဲခြားကြည့်ရင် မြေငလျင်လှုပ်ရှားခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနဲ့ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်စေတဲ့ ဘူမိဗေဒဆိုင်ရာဘေး၊ လေထုဆိုင်ရာ မိုးလေဝသဘေးများကတော့ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းကျရောက်ခြင်းတို့ဖြစ်ပြီး နောက်ဆက်တွဲ ဘေးတွေကတော့ မြေပြိုခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်း ဒီရေတက်ခြင်းတို့ဖြစ်ပါတယ်။ အချို့ဘေးများက တစ်ခုတည်းသာဖြစ်ပြီး မြေငလျင်၊ မုန်တိုင်း၊ မိုးခေါင်ခြင်း၊ မိုးသည်းထန်ခြင်းတို့လို ဘေးတွေကျတော့ တစ်ခုပြီးတာနဲ့ အခြားဘေးတစ်ခု ဆက်တိုက်ဖြစ်ပေါ်ပြီး ဆုံးရှုံးမှုကြီးမားပါတယ်။

အချို့ဘေးများကတော့ နေရာကျဉ်းကျဉ်းမှာပဲဖြစ်ပေါ်ပြီး မုန်တိုင်း၊ မိုးခေါင်၊ ရေကြီး၊ အပူလှိုင်း၊ အအေးလှိုင်း၊ မြေငလျင်၊ ဆူနာမီဘေးတွေကျတော့ ဖြစ်ပွားတဲ့နေရာကျယ်ပြန့်ပါတယ်။ အချို့ဘေးများ(မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း) က အချိန်တိုအတွင်း အမြန်ဖြစ်ပြီး အမြန်ပျက်သွားတတ်ပေမယ့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့လို ဘေးအန္တရာယ်တွေကျတော့ စတင်ဖြစ်ပွားချိန် အထန်ဆုံးပေမယ့် အချိန်ကြာမြင့်စွာ ဖြစ်ပွားလေ့ရှိပါတယ်။ ရာသီအခါမဲ့မိုးတွေ အန္တံ့အပြားရွာတာ၊ ကာလရှည်မြစ်ရေကြီးမှုတွေ ဖြစ်ပေါ်စေတာ၊ အချိန်တိုအတွင်း မိုးကြီးသည်းထန်မှုကြောင့် ရုတ်တရက် ရေကြီးတာ၊ မြေပြို၊ တောင်ပြို ဘေးတွေကို အခုနောက်ပိုင်း မကြာခဏကြုံတွေ့လာခြင်းဟာ ရာသီဥတုပြောင်းလဲလာမှုရဲ့ စိန်ခေါ်မှုများကို အလေးထားပြင်ဆင်၊ ဆောင်ရွက်ကြရတော့မယ့်အချိန်ဖြစ်ကြောင်း သတိပေးနေသကဲ့သို့ဖြစ်ပါတယ်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း နိုင်ငံတော်အစိုးရနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ရဲ့ ကြီးကြပ်ပံ့ပိုးလမ်းညွှန်မှုများ၊ တိုင်းထွာရေး ကိရိယာပစ္စည်းများ တိုးချဲ့အသုံးပြုခြင်း၊ နည်းပညာ၊ ကျွမ်းကျင်မှုတိုးတက်ဖို့အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ ပူးပေါင်းကူညီပံ့ပိုးဆောင်ရွက်မှုတွေ၊ မိုးလေဝသနဲ့ ရာသီဥတုဘေး၊ ဘူမိဆိုင်ရာဘေးများနဲ့ ဇလဗေဒဆိုင်ရာဘေးများ ဖြစ်ပေါ်နိုင်မှုတွေကို စောင့်ကြည့်ပြီး သတင်း၊ ခန့်မှန်းချက်၊ ကြိုတင်သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ ထို့အတူ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်များ၊ ရာသီဥတုပြောင်းလဲမှုနဲ့ ရေသယံဇာတများ စီမံခန့်ခွဲမှုဆိုင်ရာ ရေတို/ ရေရှည် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေမှာလည်း တက်တက်ကြွကြွ ဆက်လက် ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာ့မုတ်သုံမိုးရေများနဲ့ မြန်မာ့ရေသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စွာ အသုံးပြု၍ လူမှုစီးပွားအခြေအနေများတိုးတက်ပြီး ရာသီသဘာဝဘေးဒဏ်များကို ကြံ့ကြံ့ခံ၊ ရင်ဆိုင်ကျော်လွှားနိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် မတ်လ ၂၃ ရက်နေ့မှာ ကျရောက်တဲ့ အကြိမ်(၆၀)မြောက် ကမ္ဘာ့ မိုးလေဝသနေ့အား ကြိုဆိုဂုဏ်ပြု တင်ပြလိုက်ပါတယ်။ ။

---

## တောင်ကုတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

သံတွဲ မတ် ၂၀

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော သက်မွေးအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းကို ယမန်နေ့က ဖွင့်လှစ်ရာ သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး)ဒေါ်မြသန္တာသန်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူးသည် တောင်ကုတ်မြို့နယ် တရဂူမြစိမ်းရောင်ကျေးရွာသို့ ကွင်းဆင်း၍ မြစိမ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံကာ ငွေစာရင်းထိန်းသိမ်းမှုများကိုလည်းကောင်း၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တောင်ကုတ်ကျေးလက်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ဟုန်းပေါက်ကျေးရွာ အိမ်တိုင်ရာရောက် ရေမီတာအပါအဝင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကိုလည်းကောင်း စစ်ဆေးပြီး ကျေးရွာရေပေးဝေရေးလုပ်ငန်းကော်မတီဝင်များအား ယင်းလုပ်ငန်းများ ရေရှည်တည်တံ့ဝိုင်းဝန်းထိန်းသိမ်းကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အောင်လှဖြူ

# အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်ခဲ့သော COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၃၇/၂၀၂၀) ကျင်းပ

## ပြည်ပနိုင်ငံများမှ မဟာသင်္ကြန်ကာလမတိုင်မီအတွင်း ပြန်လာမည့် မြန်မာနိုင်ငံသား အများအပြားအား လိုအပ်ပါက အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် အဆောက်အဦနေရာများကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အစိုးရအဖွဲ့များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်မည်

**နေပြည်တော် မတ် ၂၀**

အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်ခဲ့သော COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၇/၂၀၂၀)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ Video conferencing ပုံစံဖြင့် ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများအားလုံး ပါဝင်ဆွေးနွေးနိုင်ခြင်းဖြင့် လုပ်ငန်းချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းခြင်း၊ ကဏ္ဍစုံမှ လုပ်ငန်းသဘောသဘာဝများကို သိရှိညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ နောက်ဆုံးရ သတင်းအချက်အလက်များကို ဝေမျှနိုင်ခြင်းအကျိုးကျေးဇူးများ ရရှိနိုင်ပြီဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မိမိတို့ဦးစီးကျင်းပသည့် အစည်းအဝေးပွဲကြီးများ၊ မွမ်းမံသင်တန်းများ၊ အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းကို ယခုကာလအတွင်း ရပ်ဆိုင်းထားပြီဖြစ်ပြီး ယခုကဲ့သို့ Video Conferencing များ ပြုလုပ်ခြင်းနှင့် အီးမေးလ်အစုအဖွဲ့၊ viber group များ၊ အင်တာနက်ကွန်ရက် အသုံးပြုချိတ်ဆက်မှုများဖြင့် ယခုကာလသာမက ရေရှည်တွင်လည်း ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် ဖျားနာခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ကိုယ်လက်မအီမသာ ကိုက်ခဲခြင်းရှိပါက အိမ်မှသာလျှင် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်ဖြင့် လုပ်ငန်းဆောင်ရွက်စေလိုပါကြောင်း၊ အစည်းအဝေးအများစုကို Video Conferencing ဖြင့် ဆောင်ရွက်ခြင်းဖြင့် ငွေကုန်ကြေးကျနည်းပါးသည့်အပြင် မိမိတို့ဝန်ထမ်းများ ခရီးသွားလာရန်လည်း မလိုအပ်တော့သဖြင့် ဘက်စုံမှ အကျိုးရှိမည် ဖြစ်ပါကြောင်း။

### ပြတ်သားတိကျစွာ ဆောင်ရွက်ချက်များသည် မှန်ကန်သည့်အတွက် လေ့လာဆောင်ရွက်ရမည်

ယခုလက်ရှိ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါဖြစ်ပွားမှုများ ကျဆင်းလာလျက်ရှိသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကပ်ရောဂါတစ်ခုဖြစ်ပွားမှုကို ဤကဲ့သို့ ပြတ်သားတိကျစွာ ဆောင်ရွက်ချက်များသည် ကပ်ရောဂါဗေဒဆိုင်ရာ ကျွမ်းကျင်မှုရှုထောင့်မှ မှန်ကန်သည့်အတွက် မိမိတို့အနေဖြင့် အသိအမှတ်ပြုမှတ်တမ်းတင်ရမည့်အပြင် လေ့လာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့ကဲ့သို့ နိုင်ငံများ၏ သာဓကများကို ဆန်းစစ်ရာတွင် ပြည်သူများကိုယ်တိုင် ရောဂါကာကွယ်ရေး နည်းလမ်းများကို ကျင့်သုံးကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်ကို တွေ့ရှိရသဖြင့် မိမိတို့သည်လည်း ဤကိစ္စကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံမှ ပြည်သူများ အထူးသဖြင့် ရောဂါဖြစ်ပွားပါက ပြင်းထန်ပြီး အသက်သေဆုံးနိုင်ခြေများပြားသော အသက်အရွယ်ကြီးသူများနှင့် ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အသည်းရောဂါအပါအဝင် အခြားရောဂါအခံရှိသူများအနေဖြင့် တတ်နိုင်သမျှ မိမိနေအိမ်တွင်သာ နေထိုင်ပါရန်နှင့် မိမိ၏ စိတ်အလိုကို မလိုက်ဘဲ မိမိကိုယ်တိုင် ရောဂါမရရှိစေရန်သာမက အခြားသူများထံ မကူးစက်စေရန်အတွက် လူစုလူဝေးနေရာများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်း။

ကမ္ဘာတစ်ဝန်း၌ COVID-19 ဖြစ်ပွားပျံ့နှံ့မှု မကျဆင်းမီ ကာလပတ်လုံး မိမိတို့အားလုံး ညီညွတ်စွာဖြင့် မိမိတို့၏ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ စဉ်းစားကာ ပူးပေါင်းအားထည့် ဆောင်ရွက်ပါက မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်လာနိုင်ခြေရှိသော ဤကပ်ရောဂါကိုကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အချို့နိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားပြီး သက်သာကောင်းမွန်ခဲ့သူများတွင် ဒုတိယအကြိမ် ထပ်မံဖြစ်ပွားသည်ဟု ပြောဆိုနေမှုများရှိ၍ မိမိတို့အနေဖြင့် အဆိုပါအချက်ကိုလည်း သတိထားလေ့လာရမည်ဖြစ်ပါကြောင်း။

ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပ၌ ရောဂါဖြစ်ပွားသည့် နိုင်ငံအရေအတွက်နှင့် ကူးစက်မှုပုံစံ၊ သေဆုံးမှုအရေအတွက်များသည် တစ်နေ့တခြား တိုးမြင့်လာလျက်ရှိသဖြင့် COVID-19 ရောဂါသည် ဆက်လက်၍ အရှိန်အဟုန်မြင့်နေမည်ဟု ခန့်မှန်း၍ ရပါကြောင်း၊ မိမိအနေဖြင့် ဖေဖော်ဝါရီလလယ်ပိုင်းကတည်းက မကြာခဏ ပြောကြားချက်ဖြစ်သည့် "မိမိတို့နိုင်ငံသို့ COVID-19 ရောဂါ အချိန်မရွေး ဝင်ရောက်ဖြစ်ပွားနိုင်သည်ဟု ခံယူကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်မြှင့်၍ ရွက်နေရမည်" ဆိုသည့်အချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကလည်း ရောဂါမဝင်ရောက်သေးသည့် နိုင်ငံများသို့ အချိန်မရွေး ရောဂါဝင်ရောက်နိုင်သည်ဟု လွန်ခဲ့သော နှစ်ရက်ခန့်က ပြောကြားခဲ့သည်ကို သိရှိရပါကြောင်း။



အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်ခဲ့သော COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၇/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

နေ့စဉ်နီးပါး ကျင်းပနေသည့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများတွင် မိမိပြောကြားခဲ့သော အချက်များအားလုံးကို စုစည်း၍ တိုင်းဒေသကြီး/ ပြည်နယ်များအားလုံးသို့ ဖြန့်ဝေပြီးဖြစ်သည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဌာနများ၊ ဆေးရုံများအနေဖြင့် အဆိုပါအချက်များကို သက်ဆိုင်ရာ နေရာဒေသ၊ ဌာနနှင့် ဆေးရုံများ၏ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီစေရန်နှင့် ချိန်ထိုးကာ မိမိတို့နိုင်ငံတွင်းသို့ COVID-19 ရောဂါ ဝင်ရောက်ခြင်းမရှိစေရန်နှင့် ရောဂါဝင်ရောက်လာပါကလည်း ထပ်မံပြန့်ပွားမှုမရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါ ပြောကြားချက်များတွင် ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ လက်တွေ့ဆောင်ရွက်ရမည့်အချက်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်၌ ပြည်သူ့ကျန်းမာရေးဘာသာရပ်ကို သင်ကြားသည့်အခါ မီးမောင်းထိုးပြသင့်သည့်အချက်များ၊ ရေရှည်တွင် ရည်ညွှန်းကိုးကားရမည့်အချက်များပါရှိသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် အလေးထားဖတ်ရှုလေ့လာ၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း။

### ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဦးစားပေးအားဖြည့်ဆောင်ရွက်နေ

မိမိတို့နိုင်ငံ၌ ရောဂါကာကွယ်ရေးလုပ်ငန်းများသည် ပီပြင်စွာဆောင်ရွက်နေသည်ကို တွေ့ရှိရပြီး ယခုအခါတွင် ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဦးစားပေး အားဖြည့်ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၌ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူတစ်ဦး တွေ့ရှိပါက လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းနှင့် အသွားအလာ ကန့်သတ်ခြင်းဆောင်ရွက်ရန်၊ ကုသရေးလုပ်ငန်းများကို ဆေးပညာအထူးကုဆရာဝန်ကြီးများ ရေးဆွဲထားသော လုပ်ငန်းလမ်းညွှန်များအတိုင်း ဆောင်ရွက်ရန် စသည်တို့ကို စနစ်တကျဖြစ်စေရေးအတွက် လုပ်ငန်းအဆင့်ဆင့်ကို ပုံစံ (flow chart) ရေးဆွဲကာ အမြန်ဆုံး ဖြန့်ဝေထားရှိရမည် ဖြစ်ပါကြောင်း။

ယခင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရောဂါအဓိပ္ပာယ်သတ်မှတ်ချက်နှင့်အညီ ရောဂါဖြစ်ပွားရာနေရာဒေသများသို့ ခရီးသွားရာဇဝင်ရှိပြီး နိုင်ငံတွင်းသို့ ဝင်ရောက်လာကာ သံသယရောဂါလက္ခဏာရှိသူများ၊ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့ပြီး သံသယရောဂါလက္ခဏာရှိသူများကိုသာ COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးခဲ့ရာမှ ယခုအခါတွင် မိမိတို့နိုင်ငံ၌ အဆိုပါလူနာများကိုသာမက ပြောင်းလဲလာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရောဂါအဓိပ္ပာယ်သတ်မှတ်ချက်နှင့်အညီ ခရီးသွားရာဇဝင်နှင့် ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိစေကာမူ သံသယလက္ခဏာများရှိပါက ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများကို ပိုမိုကျယ်ပြန့်စွာ တိုးမြှင့်လုပ်ဆောင်နေသည်ကို ပြည်သူများ သိရှိရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများသည် ပြည်သူ့ကျန်းမာရေးပညာရှင်များ ဖြစ်သည်နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဆေးရုံတွင် လုပ်ဆောင်ရန်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြတ်သားစွာ ဆုံးဖြတ်ချက်ချ လုပ်ဆောင်ရန်ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒရှုထောင့်မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြတ်ပြတ်သားသားဆုံးဖြတ်၍ ဆောင်ရွက်စေလိုပါကြောင်း၊ မူဝါဒရေးရာကိစ္စရပ်များကိုသာ ဗဟိုအဆင့် တာဝန်ရှိသူများထံ တင်ပြရန်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် လိုအပ်ချက်များအား စာရင်းပြုစုကာ အမြန်ဆုံးတင်ပြကြစေလိုပါကြောင်း၊ ပြည်သူများထံမှ လှူဒါန်းလက်ခံရရှိငွေများကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ စနစ်တကျသုံးစွဲရန် လမ်းညွှန်နှင့်အတူ ယနေ့ပင် ခွဲဝေချထားမည်ဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အသက်ရှူစက်များအပါအဝင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများနှင့် ပတ်သက်၍ လိုင်စင်လုပ်ငန်းများကို အထူးဦးစားပေးအနေဖြင့် ခြွင်းချက်ဖြင့် ချက်ချင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများမှ မဟာသင်္ကြန်ကာလမတိုင်မီအတွင်း ပြန်လာမည့် မြန်မာနိုင်ငံသား အများအပြားအား လိုအပ်ပါက အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် အဆောက်အဦနေရာများကို တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် အစိုးရအဖွဲ့များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ရောဂါဖြစ်ပွားသေဆုံးမှုများပြားသော နိုင်ငံအရေအတွက်လည်း တိုးပွားလာသည်ဖြစ်၍ ပြည်တွင်းသို့ ဝင်ရောက်လာသူများကို အသွားအလာကန့်သတ်မည့် နိုင်ငံစာရင်းကို ယနေ့ပင် ထပ်မံတိုးမြှင့်တော့မည် ဖြစ်ပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် မိမိတို့၏ သောင်းဂဏန်းအရေအတွက်ရှိသော အခြေခံကျန်းမာရေးဝန်ထမ်း ပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်း ပညာရှင်များအတွက် လုပ်ငန်းလမ်းညွှန်များကို Mobile Tablet များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အမြန်ဆုံးဖြန့်ဝေပေးသွားရမည်ဖြစ်ပါကြောင်း၊ ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျေးလက်ဒေသအထိ လွှမ်းခြုံမှုရှိသည့်အပြင် ပြည်သူများနှင့် နီးစပ်စွာထိတွေ့ကာ ကျန်းမာရေးဝန်ဆောင်မှုပေးနေသော အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှသာလျှင် ထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း။

### နိုင်ငံတွင်းသို့ ရောဂါဝင်ရောက်ဖြစ်ပွားမှုမရှိစေရေးနှင့် ဖြစ်ပွားပျံ့နှံ့မှုမရှိစေရေး အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းဆောင်ရွက်

အချက်အလက်ရှာဖွေရေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားသည်ဖြစ်သည့်အတွက် ၎င်းအဖွဲ့အနေဖြင့် Video Conferencing မှတစ်ဆင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် ဆေးရုံများရှိ ဆရာဝန်၊ သူနာပြုများနှင့် နီးနွှယ်ဝန်ထမ်းများထံသို့

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိန်း COVID-19 ရောဂါ ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

## ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လတ်တလောစတင်ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများကို ယာယီရပ်နားထား

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိန်းသည် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)တွင် မတ် ၁၅ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်လျက်ရှိသည့် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမှု လာရောက်ဖြေဆိုသူများအား COVID-19 ရောဂါကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် COVID-19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လတ်တလောစတင်ဖွင့်လှစ်မည့် သင်တန်းများကို COVID-19 ရောဂါကာကွယ်နိုင်ရန်အတွက် ယာယီရပ်နားထားကြောင်း သိရသည်။

ထိုသို့ COVID-19 ရောဂါ ကာကွယ်နိုင်ရန်အတွက် လတ်တလော စတင်ဖွင့်လှစ်သည့် သင်တန်းများ ယာယီရပ်နားထားမည်ဖြစ်ရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရှိ အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၈၆၊ ၈၇၊ ၈၈)၊ စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၉၇၊ ၉၈၊ ၉၉၊ ၁၀၀)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၁၁၆၊ ၁၁၇၊ ၁၁၈)၊ စာရေးဝန်ထမ်း အခြေခံ သင်တန်းအမှတ်စဉ် (၁၉၉၊ ၂၀၀၊ ၂၀၁၊ ၂၀၂)တို့မှ သင်တန်းသားများကို ပြန်လည်စေလွှတ်ပြီးဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိန်း စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမှု လာရောက်ဖြေဆိုသူများအား COVID-19 ရောဂါ ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

သို့သော် မကြာမီသင်တန်းပြီးဆုံးတော့မည့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၅)ကို သတ်မှတ်ရက် မတ် ၂၆ ရက်တွင် သင်တန်းဆင်းနိုင်ရေးအတွက် လည်းကောင်း၊ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၁၂)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရှိ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၆၀)တို့ကို သတ်မှတ်ကာလထက်စော၍ သင်တန်းဆင်းနိုင်ရေး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားကြောင်း၊ ခွင့်ပြုချက်ရသည်နှင့် မတ် ၂၆ ရက်တွင် သင်တန်းဆင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ သင်တန်းများ ဖွင့်လှစ်ထားရခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဒုတိယအမြဲတမ်းအတွင်းဝန်က "အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၁၅)က သတ်မှတ်ကာလပြီးဆုံးမယ့် မတ် ၂၆ ဆို သင်တန်းဆင်းတော့မှာပါ။ သင်တန်းမဆင်းခင် ကျန်တဲ့ရက်အပိုင်းအခြားအတွင်းမှာ သင်တန်းသားတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးသလို COVID-19 ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ အခုဖွင့်လှစ်နေဆဲ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၂) နဲ့ (၆၀) ကိုလည်း သင်တန်းစောပြီး ဆင်းနိုင်ဖို့အတွက် အချိန်ပိုသင်တန်းပို့ချမှုတွေ ဆောင်ရွက်နေပါတယ်။ သင်တန်းဖွင့်ထားတဲ့ အချိန်မှာလည်း သင်တန်းသားတွေရဲ့ ကျန်းမာရေး အတွက် ဝန်ဆောင်မှုပေးနေသလို ကာကွယ်ရေး၊ အသိပညာပေးရေးလုပ်ငန်းတွေကိုလည်း ဗဟိုကော်မတီရဲ့ ညွှန်ကြားချက်တွေနဲ့အညီ အချိန်နဲ့တစ်ပြေးညီ လိုက်နာဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အစိုးရက ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် ဖွင့်လှစ်ရမယ့် တခြားသင်တန်းတွေကတော့ ယာယီပိတ်လိုက်ပါပြီ" ဟု ပြောသည်။

**ကေတာ**

# COVID-19 ရောဂါ ကာကွယ်ရေးအတွက် ငွေကျပ် ၁၁၁ သိန်းကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးသို့ လှူဒါန်း

**ရန်ကုန် မတ် ၂၀**

COVID-19 ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ငွေကျပ် ၁၁၁ သိန်းကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်း ကိုးမျိုးကို သီရိသုခမ္မမဏ္ဍိဇောတဓရ ဦးဇော်ဝင်း (ဥက္ကဋ္ဌ၊ ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီအုပ်စု) - ဒေါ်မိမိတင် (ချမ်းမြေ့မေတ္တာအထူးကုဆေးရုံ)၊ သမီး မအိမွန်မွန် (CEO ချမ်းမြေ့မေတ္တာအထူးကုဆေးရုံ - သန်လျင်)တို့က ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

**သတင်းစဉ်**



*စာမျက်နှာ ၈ မှ*

နောက်ဆုံးပေါ်တွေ့ရှိချက်များကို မျှဝေရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိမိတို့နိုင်ငံတွင်းသို့ ရောဂါဝင်ရောက်ဖြစ်ပွားမှု မရှိစေရေးနှင့် ဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးတို့အတွက် အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ တာဝန်ရှိသူများ၊ ဆေးရုံအသီးသီးမှ အထူးကုဆရာဝန်ကြီးများက Video Conferencing ဖြင့် ဆောင်ရွက်နေသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အတွေ့အကြုံများ၊ အခက်အခဲများ၊ လိုအပ်ချက်များ၊ အသွားအလာကန့်သတ်ခြင်း ပြုလုပ်ရန်အတွက် အဆောက်အဦနေရာ စီစဉ်ထားရှိမှုများ၊ မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနကို ဇီဝလုံခြုံမှုအဆင့်(၂)မှ အဆင့်ပိုမြင့်ရန် Enhanced Biosafety level – 2 အဖြစ်သို့ အဆင့်မြှင့်တင်မှုပြုလုပ်ကာ COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည့်ကိစ္စ၊ COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများတွင် ခရီးသွားရာဇဝင်နှင့် ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ရာဇဝင်မရှိသော လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါ လူနာရှိသူများကိုပါ ပိုမိုစစ်ဆေးသွားမည့်ကိစ္စ၊ COVID-19 ရောဂါကုသမှု ကုထုံးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းအင်အားများလိုအပ်သည့် ကိစ္စများ၊ ဘဏ္ဍာငွေနှင့် ဆေးပစ္စည်း ထပ်မံလိုအပ်ချက်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ၏ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်များ စသည်တို့ကို တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး)နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်ရန် ပြည်ပသို့ အလုပ်သမားစေလွှတ်ခြင်း ရပ်ဆိုင်းပြီး ပြည်ပရောက် မြန်မာများလည်း အရေးပေါ်ဆက်သွယ်နိုင်

**နေပြည်တော် မတ် ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို လတ်တလောဖြစ်ပွားနေသော ကူးစက်ရောဂါ ကိုဗစ်- ၁၉ တားဆီးကာကွယ်နိုင်ရန်အတွက် ပြည်ပသို့ အလုပ်သမားစေလွှတ်ခြင်းကို မတ် ၁၈ ရက်မှစတင်၍ ယာယီဆိုင်းငံ့ထားကြောင်း သိရသည်။

ပြည်ပသို့ အလုပ်သမားစေလွှတ်ခြင်းအပြင် ရန်ကုန်မြို့၊ ဘားအံမြို့၊ မြဝတီမြို့နှင့် ကော့သောင်းမြို့များတွင် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ရန်ကုန်မြို့၊ မြဝတီမြို့နှင့် ကော့သောင်းမြို့များတွင် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား ထုတ်ပေးခြင်း၊ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းများ ဖွင့်လှစ်ခြင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ သက်ဆိုင်ရာ နိုင်ငံအလိုက် အလုပ်ခေါ်စာများ တင်ပြဆောင်ရွက်ခြင်း၊ အလုပ်သမားသံအရာရှိများမှ အလုပ်ခေါ်စာ စိစစ်ထောက်ခံခြင်း စသည့်လုပ်ငန်းစဉ်များအားလုံးကိုလည်း ယာယီဆိုင်းငံ့ထားကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် သက်ဆိုင်ရာ နိုင်ငံများ၏ ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်စဉ် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာလိုက်နာကြရန် လိုအပ်ကြောင်း အဆိုပါ ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အခက်အခဲ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများအပြင် ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ရှိ မြန်မာအလုပ်သမားသံအရာရှိရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ယနေ့ရက်စွဲဖြင့် ဝန်ကြီးဌာနမှ ကြေညာချက်ထုတ်ပြန်ထားသည်။

| အလုပ်သမားသံအရာရှိများ | | |
|---|---|---|
| ကိုရီးယားသမ္မတနိုင်ငံ | ဦးဇေယျာတင်ဝင်းထင် | (၀၀၈၂) ၀၁၀၃၇၉၉၄၆၉၀ |
| ထိုင်းနိုင်ငံ | ဦးမျိုးမြင့်နိုင် | (၀၀၆၆) ၀၉၄ ၈၈၄၅ ၄၈၄ |
| | ဦးကျော်စိုးဝေ | (၀၀၆၆) ၀၆၅ ၂၂၀၆ ၉၅၁ |
| | ဦးရဲရန်အောင် | (၀၀၆၆) ၀၆၅ ၂၂၀၆ ၉၅၂ |
| | ဦးဝေလင်းမောင် | (၀၀၆၆) ၀၆၅ ၂၂၀၆ ၉၅၃ |
| | ဦးဇော်မင်းထွေး | (၀၀၆၆) ၀၉၉ ၀၅၉၂ ၃၅၂ |
| မလေးရှားနိုင်ငံ | ဦးကျော်လင်းထွန်း | (၀၀၆၀) ၀၁၇ ၂၂၃ ၆၄၉၀ |
| | ဦးအောင်ဇော်မင်း | (၀၀၆၀) ၀၁၇ ၂၂၃ ၆၅၁၅ |

**ခင်ရတနာ**

# မဟာအောင်မြေမြို့နယ် ၆၂ လမ်းပေါ်ရှိ ယခင် နဒီမြန်မာဟိုတယ်ကို လိုအပ်လာပါက သီးသန့်ဆေးရုံအဖြစ် ဆောင်ရွက်နိုင်ရေးပြင်ဆင်

**မန္တလေး မတ် ၂၀**

COVID-19 ရောဂါ ဖြစ်လာပါက ထိန်းချုပ်ရန်အတွက် သီးသန့်ဆေးရုံများ လိုအပ်လာမည်ဖြစ်ရာ မန္တလေးမြို့၌ လက်ရှိတွင် ကန်တော်နဒီဆေးရုံအပြင် ကမ်းနားလမ်းရှိ ယခင်က ကူးစက်ရောဂါကုသရေးဆေးရုံအဖြစ် ထားရှိသည့် ဆေးရုံနှင့် ဟိုတယ်အဖြစ် မဆောင်ရွက်ဘဲထားရှိသည့် ၆၂ လမ်းပေါ်ရှိ ယခင် နဒီမြန်မာဟိုတယ်တို့ကိုလည်း လိုအပ်လာပါက သီးသန့်ဆေးရုံအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၏ ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

၆၂ လမ်းပေါ်ရှိ နဒီမြန်မာဟိုတယ်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို မတ် ၁၉ ရက် ညနေပိုင်း၌ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဒေါက်တာရဲလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၃-၂၀၂၀) ရက်နေ့၊ ည (၉:၃၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သည် တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံအသီးသီးမှ COVID-19 ရောဂါစောင့်ကြည့်လူနာများအဖြစ် သတ်မှတ်ထားရှိသော လူနာများထံမှ ဓာတ်ခွဲနမူနာများကို ဓာတ်ခွဲစစ်ဆေးပေးလျက်ရှိပါသည်။

၂။ ယနေ့ည (၂၀-၃-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ပေးပို့လာသော ဓာတ်ခွဲအဖြေ(ဇယား-၁)အရ သက်ဆိုင်ရာဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ(၁၇)ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၃။ ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ နေပြည်တော်တွင် (၁၈-၃-၂၀၂၀) ရက်နေ့၌ စောင့်ကြည့်လူနာအဖြစ် ကုသမှုပေးနေစဉ် သေဆုံးခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် နေထိုင်သည့် အသက်(၇၄) နှစ်အရွယ်၊ အမျိုးသားတစ်ဦးနှင့်(၁၇-၃-၂၀၂၀) ရက်နေ့တွင် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ကျိုင်းတုံမြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုပေးနေစဉ် သေဆုံးခဲ့သော ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် နေထိုင်သော အသက်(၃၀)နှစ်အရွယ် အမျိုးသားတစ်ဦးတို့၏ ဓာတ်ခွဲအဖြေတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၄။ (၁၉-၃-၂၀၂၀) ရက်နေ့တွင် ကြို့ပင်ကောက်မြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ခုသို့ တက်ရောက် ဆေးကုသမှုခံယူခဲ့ပြီး ယင်းနေ့တွင်ပင် သေဆုံးခဲ့သော ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် နေထိုင်သည့် အသက် (၇၁)နှစ်အရွယ် အမျိုးသမီးတစ်ဦး၏ ဓာတ်ခွဲအဖြေတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း(မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၅။ ဆေးရုံများ၌ထားရှိ၍ အသွားအလာ ကန့်သတ်မှု (Hospital Quarantine)ပြုလုပ်ထားသော တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ မြန်မာနိုင်ငံသား (၇)ဦး၏ (၂၀-၃-၂၀၂၀) ရက်နေ့တွင် ပေးပို့သော ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၆။ ယနေ့ (၂၀-၃-၂၀၂၀) ရက်နေ့၊ ည (၉:၃၀) နာရီ အချိန်အထိ စောင့်ကြည့်လူနာ (၁၂) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၀-၃-၂၀၂၀) ရက်နေ့၊ ည (၉:၃၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးရုံ | ဆေးရုံ စတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| ၁ | ၃၀ နှစ် | ကျား | ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် | ကျိုင်းတုံပြည်သူ့ဆေးရုံကြီး | ၁၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂ | ၄၀ နှစ် | ကျား | ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် | မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံ | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃ | ၂၀ နှစ် | ကျား | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Guangdong ပြည်နယ် | တာချီလိတ် မြို့နယ် ဆေးရုံ | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၄ | ၄၄ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် | ကျောက်တံခါး မြို့နယ် ပြည်သူ့ဆေးရုံ | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၅ | ၅၁ နှစ် | ကျား | မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် | အောင်လံမြို့နယ် ပြည်သူ့ဆေးရုံ | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၆ | ၃၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ | ရန်ကုန်ပြည်သူ့ ဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၇ | ၄၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်ပြည်သူ့ ဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၈ | ၃၃ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး | ကန်တော်နဒီ ဆေးရုံ | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၉ | ၃၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ် | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၀ | ၆၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၁ | ၅၀ နှစ် | မ | မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် | မန္တလေး ပြည်သူ့ ဆေးရုံကြီး | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၂ | ၇၄ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ် | ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ နေပြည်တော် | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၃ | ၃၉ နှစ် | မ | ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် | ကျောက်တံခါး မြို့နယ် ပြည်သူ့ ဆေးရုံ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၄ | ၄၁ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် | ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၅ | ၂၄ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၆ | ၄၁ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၇ | ၂၂ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် | အင်းစိန်ပြည်သူ့ ဆေးရုံကြီး | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၈ | ၃၈ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် | အင်းစိန်ပြည်သူ့ ဆေးရုံကြီး | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၉ | ၃၅ နှစ် | ကျား | မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် | သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၄-၁-၂၀၂၀ ရက်နေ့မှ ၂၀-၃-၂၀၂၀ ရက်နေ့ထိ) (၂၀-၃-၂၀၂၀) ရက်နေ့၊ ည (၉:၃၀) နာရီ

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၉-၃-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန်(၀၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သတင်းအချက်အလက်များအား တစ်နေ့လျှင် တစ်ကြိမ်သာ ထုတ်ပြန်ဖော်ပြလေ့ရှိပါသည်။

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့် နယ်မြေဒေသစုစုပေါင်း - (၁၆၈) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၂၀၉,၈၃၉) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၈,၇၇၈) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၂) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၁၇၄ | ၃,၂၄၂ |
| ၂ | အီတလီ | ၃၅,၇၁၃ | ၂,၉၇၈ |
| ၃ | အီရန် | ၁၇,၃၆၁ | ၁,၁၃၅ |
| ၄ | စပိန် | ၁၃,၇၁၆ | ၅၉၈ |
| ၅ | ပြင်သစ် | ၉,၀၄၃ | ၂၄၄ |
| ၆ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၄၁၃ | ၈၄ |
| ၇ | ဂျာမနီ | ၈,၁၉၈ | ၁၃ |
| ၈ | အမေရိကန် | ၇,၀၈၇ | ၁၀၀ |
| ၉ | ဆွစ်ဇာလန် | ၃,၀၁၀ | ၂၁ |
| ၁၀ | အင်္ဂလန် | ၂,၆၃၀ | ၁၀၃ |
| ၁၁ | နယ်သာလန် | ၂,၀၅၁ | ၅၈ |
| ၁၂ | ဩစတြီးယား | ၁,၆၄၆ | ၄ |
| ၁၃ | ဘယ်လ်ဂျီယံ | ၁,၄၈၆ | ၁၄ |
| ၁၄ | နော်ဝေး | ၁,၄၂၃ | ၃ |
| ၁၅ | ဆွီဒင် | ၁,၂၇၉ | ၃ |
| ၁၆ | ဒိန်းမတ် | ၁,၀၄၄ | ၄ |
| ၁၇ | ဂျပန် | ၈၇၃ | ၂၉ |
| ၁၈ | မလေးရှား | ၆၇၃ | ၂ |
| ၁၉ | ပေါ်တူဂီ | ၆၄၂ | ၂ |
| ၂၀ | ကနေဒါ | ၅၆၉ | ၈ |
| ၂၁ | ချက်ပြည်သူ့သမ္မတနိုင်ငံ | ၅၂၂ | ၀ |
| ၂၂ | ဩစတြေးလျ | ၅၁၀ | ၆ |

**မှတ်ချက်။ ဓာတ်ခွဲအတည်ပြုလူနာ(၅၀၀)ဦးနှင့် အထက်ရှိသော နိုင်ငံများအား ရွေးချယ်ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။**

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၉-၃-၂၀၂၀)တွင် ထုတ်ပြန်သော Situation Report (59) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပနိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသောနိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၉၃) နိုင်ငံ ရှိပါသည်-
  - (၁) ဥရောပဒေသ - ၃၉ နိုင်ငံ
  - (၂) အမေရိကဒေသ - ၁၆ နိုင်ငံ
  - (၃) အနောက်ပစိဖိတ်ဒေသ - ၁၁ နိုင်ငံ
  - (၄) အရှေ့အလယ်ပိုင်းဒေသ - ၁၁ နိုင်ငံ
  - (၅) အာဖရိကဒေသ - ၈ နိုင်ငံ
  - (၆) အရှေ့တောင်အာရှဒေသ - ၆ နိုင်ငံ
  - (၇) နယ်မြေဒေသ - ၂ နိုင်ငံ
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါ အတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၂၆) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၀-၃-၂၀၂၀)ရက်နေ့၊ ညနေ (၄:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (PUI-Person Under Investigation) (၁၈၆)ဦးနှင့် သံသယလူနာ (၂)ဦးအပါအဝင်စုစုပေါင်း(၁၈၈)ဦးရှိပြီး ၎င်းတို့အနက်-
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၁၇၆) ဦး
  - ဓာတ်ခွဲနမူနာရယူရန် ပေးပို့ဆဲ - (၁၂) ဦး
  - ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူ - (၁၀၆) ဦး
  - COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း အခြားရောဂါများဖြင့် သေဆုံးသူ - (၉) ဦး
  - ၎င်းတို့အနက် နာတာရှည်ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃)ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁)ဦး၊ နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁)ဦး၊ နာတာရှည်အဆုတ်ပွရောဂါဖြင့် သေဆုံးသူ (၁)ဦး၊ ဘက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၂) ဦးနှင့် လတ်တလော အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးသူ (၁)ဦး တို့ ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၀-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၈၀)ဦး၊ ရှမ်းပြည်နယ်တွင် (၂၇) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၃၃) ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၄၈)ဦး၊ စုစုပေါင်း (၁၈၈) ဦးတို့ ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၀-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း (Hospital Quarantine) ပြုလုပ်ထားသူ စုစုပေါင်း (၁၈၆)ဦးမှာ

- မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ - (၆၇) ဦး
- ဝေဘာဂီအထူးကုဆေးရုံ - (၄၁) ဦး
- တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး - (၅၆) ဦး
- ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ - (၄) ဦး
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ - (၃) ဦး
- ပြည်သူ့ဆေးရုံ၊ မောက်မယ်မြို့ - (၃) ဦး
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့ - (၂) ဦး
- ပြည်သူ့ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့ - (၂) ဦး
- နှဲသမိန်၊ တိုက်နယ်ဆေးရုံ ထန်းတပင်မြို့ - (၂) ဦး
- သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး - (၁) ဦး
- ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ - (၁) ဦး
- ခရိုင်ပြည်သူ့ဆေးရုံ၊ တာချီလိတ်မြို့ - (၁) ဦး
- ပြည်သူ့ဆေးရုံ၊ လှည်းကူးမြို့ - (၁) ဦး

*စာမျက်နှာ ၁၁ သို့*

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၉-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၂၀-၃-၂၀၂၀) ရက် နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၁၄) ဦး ရှိပါသည်။

**(ဇယား -၁)**

၃။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျေးသီးမြို့နယ်တွင် နေထိုင်သော အသက် (၄၁)နှစ်အရွယ် အမျိုးသမီး (၁) ဦးသည် (၅-၃-၂၀၂၀)ရက်နေ့မှစ၍ ချောင်းဆိုးခြင်း၊ မောပန်းခြင်းစသည့် ရောဂါလက္ခဏာများခံစားခဲ့ရသဖြင့် မိုင်းနောင်တိုက်နယ် ပြည်သူ့ဆေးရုံတွင် (၁၉-၃-၂၀၂၀) ရက်နေ့၌ လာရောက်ပြသခဲ့ရာ လူနာမှာ လွန်ခဲ့သော (၂)ပတ်အတွင်း ထိုင်းနိုင်ငံသို့ ခရီးသွား ရာဇဝင်ရှိခဲ့သဖြင့် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်လျက်ရှိပြီး လိုအပ်သော ဆေးကုသမှုများပေးနေစဉ် (၂၀-၃-၂၀၂၀) ရက်နေ့တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။ သေဆုံးရသော အကြောင်းအရင်းမှာ ပြင်းထန်အဆုတ်ရောင်ရောဂါနှင့် နာတာရှည်ရောဂါအခံဖြစ်သော ဆီးချိုရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။

၄။ ယနေ့ (၂၀-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအချိန်အထိ စောင့်ကြည့်လူနာ (၂၉) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၅။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးမှုအဖြေများကို သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ (၂၀-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၆၇) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေ ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား -၁

(COVID-19) ရောဂါ စောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | ရောဂါ လက္ခဏာများ | ရောဂါ လက္ခဏာများ စတင် ဖြစ်ပွားသည့် ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင် တွေ့ရှိသည့် နေရာ | COVID-19 ရောဂါ လူနာနှင့် ထိတွေ့မှု ရှိ/ မရှိ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက် ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံ သို့ ရောက်ရှိ သည့်ရက် | | | | |
| ၁ | ၃၉ နှစ် | မ | ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း | ၁၈-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၆-၃-၂၀၂၀ | ကျောက်တံခါး မြို့နယ်ပြည်သူ့ ဆေးရုံ | ထိတွေ့မှု မရှိပါ။ | ကျောက်တံခါး မြို့နယ် ပြည်သူ့ ဆေးရုံ (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၂ | ၆၃ နှစ် | မ | ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ | ၁၅-၃-၂၀၂၀ | မရှိပါ။ | - | ကွမ်းခြံကုန်း မြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှု မရှိပါ။ | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၃ | ၁၈ နှစ် | ကျား | ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ် | အပြင်းဖျားခြင်း၊ ချောင်းဆိုးခြင်း၊ | ၅-၃-၂၀၂၀ | မရှိပါ။ | - | လွိုင်ကော် မြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှု မရှိပါ။ | လွိုင်ကော် မြို့နယ် ပြည်သူ့ဆေးရုံ (၁၈-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၄ | ၅၈ နှစ် | ကျား | ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ | ၁၄-၃-၂၀၂၀ | မရှိပါ။ | - | ဒီမောဆိုတိုက်နယ် ဆေးရုံ | ထိတွေ့မှု မရှိပါ။ | လွိုင်ကော် မြို့နယ် ပြည်သူ့ဆေးရုံ (၁၈-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၅ | ၂၇ နှစ် | ကျား | ကယားပြည်နယ်၊ လွိုင်ကော်မြို့ | အပြင်းဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ | ၁၄-၃-၂၀၂၀ | မရှိပါ။ | - | လွိုင်ကော် မြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှု မရှိပါ။ | လွိုင်ကော် မြို့နယ် ပြည်သူ့ဆေးရုံ (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၆ | ၄၇ နှစ် | ကျား | ကယားပြည်နယ်၊ ဖယ်ခုံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ | ၁၄-၃-၂၀၂၀ | မရှိပါ။ | - | လွိုင်ကော် မြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှု မရှိပါ။ | လွိုင်ကော် မြို့နယ် ပြည်သူ့ဆေးရုံ (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၇ | ၄၁ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ | ၁၉-၂-၂၀၂၀ | မလေးရှားနိုင်ငံ | ၁၇-၃-၂၀၂၀ | ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှု မရှိပါ။ | ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၈ | ၂၄ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၈-၃-၂၀၂၀ | စင်ကာပူနိုင်ငံ | ၁၂-၃-၂၀၂၀ | မင်္ဂလာဒုံပြည်သူ့ ကျန်းမာရေးဦးစီး ဌာန | ထိတွေ့မှု မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံ (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၉ | ၄၁ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ | ၁၈-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၂-၃-၂၀၂၀ | ပုဂ္ဂလိကဆေးရုံ | ထိတွေ့မှု မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံ (၁၉-၃-၂၀၂၀) | ပါကစ္စတန် နိုင်ငံသား |
| ၁၀ | ၂၂ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၆-၃-၂၀၂၀ | မရှိပါ။ | - | အင်းစိန်ပြည်သူ့ ဆေးရုံကြီး | ထိတွေ့မှု မရှိပါ။ | အင်းစိန်ပြည်သူ့ ဆေးရုံကြီး (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၁၁ | ၃၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၉-၃-၂၀၂၀ | မရှိပါ။ | - | ပုဂ္ဂလိက ဆေးခန်း | ထိတွေ့မှု မရှိပါ။ | မင်္ဂလာပြည်သူ့ ဆေးရုံကြီး (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၁၂ | ၃၈ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း | ၁၅-၃-၂၀၂၀ | မရှိပါ။ | - | အင်းစိန်ပြည်သူ့ ဆေးရုံကြီး | ထိတွေ့မှု မရှိပါ။ | အင်းစိန်ပြည်သူ့ ဆေးရုံကြီး (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၁၃ | ၃၅ နှစ် | ကျား | မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၄-၃-၂၀၂၀ | မလေးရှားနိုင်ငံ | ၁၀-၃-၂၀၂၀ | ဝဲခမိတိုက်နယ် ဆေးရုံ | ထိတွေ့မှု မရှိပါ။ | သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံ (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၁၄ | ၄၁ နှစ် | မ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျေးသီးမြို့နယ် | ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း | ၂၈-၂-၂၀၂၀ | ထိုင်းနိုင်ငံ | ၆-၃-၂၀၂၀ | မိုင်းနောင် တိုက်နယ်ဆေးရုံ | ထိတွေ့မှု မရှိပါ။ | မိုင်းနောင် တိုက်နယ်ဆေးရုံ (၁၉-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |

*စာမျက်နှာ ၁၀ မှ*

- ရွှေပန်းတော တိုက်နယ်ဆေးရုံ၊ အောင်လံမြို့ - (၁) ဦး
- ကြိမ်ချောင်းတိုက်နယ်ဆေးရုံ၊ ဘိုကလေးမြို့ - (၁) ဦးတို့ ဖြစ်ကြပါသည်။
  - ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိနိုင်ရန် ဓာတ်ခွဲနမူနာအရေအတွက် တိုးမြှင့်စစ်ဆေးခြင်းကို လုပ်ဆောင်လျက်ရှိရာ ဆေးရုံများတွင် အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူများအနက် (၇၉) ဦးအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ ၎င်းတို့တွင် COVID-19 ရောဂါပိုးမတွေ့ရှိရကြောင်း သိရှိရပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်သူလူထုအတွင်း မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လူတိုင်းလိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## သပြေကုန်းဈေးနှင့် မြို့မဈေးကြီး ယာယီပိတ်မည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိဟုဆို

နေပြည်တော် မတ် ၂၀

COVID-19 ကြောင့် နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေးနှင့် မြို့မဈေးကြီးတို့ကို ဆေးဖျန်းရန် ယာယီပိတ်ထားမည်ဟု သတင်းများ ထွက်ပေါ်နေခြင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် NPTDC Webportal တွင် သတင်းအမှန်များကို ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ကိုပေါက်(ဥက္ကမြေ)

# ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့် ဆက်နွှယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့်**
**ဆက်နွှယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေကြမ်း**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**
**၁၃၈၁ ခုနှစ်၊    လ    ရက်**
**(၂၀၂၀ ပြည့်နှစ်၊    လ    ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့် ဆက်နွှယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည် –

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများ၊ ဆက်နွှယ်ထိခိုက်ခံရသူများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

( ဂ ) **ကော်မတီအဆင့်ဆင့်** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်များတွင် ဤဥပဒေအရ ဖွဲ့စည်းသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများ၊ ဆက်နွှယ်ထိခိုက်ခံရသူများဆိုင်ရာ ကော်မတီအဆင့်ဆင့်ကို ဆိုသည်။

(ဃ) **ရောဂါ** ဆိုသည်မှာ ခန္ဓာကိုယ်၏ ရောဂါပြီးခုခံအားစနစ် (Immune system) ကို ကျဆင်းမှုဖြစ်စေသော ကူးစက်ရောဂါပိုးကြောင့် ဖြစ်ပေါ်လာသော ရောဂါလက္ခဏာစု (Acquired Immune Deficiency Syndrome – AIDS) ကို ဆိုသည်။

( င ) **ရောဂါပိုး** ဆိုသည်မှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါဖြစ်စသော ပိုး (Human Immunodeficiency Virus–HIV) ကို ဆိုသည်။

( စ ) **ရောဂါပိုးကူးစက်မှုအန္တရာယ်လျှော့ချရေးနည်းလမ်း** ဆိုသည်မှာ ကွန်ဒုံးအသုံးပြုခြင်းနှင့် ရောဂါပိုးကူးစက်နိုင်မှုနည်းပါးစေသော လိင်ဆက်ဆံမှု၊ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေးနည်းလမ်းများ၊ ရောဂါပိုးရှိသော မိခင်မှသန္ဓေသား သို့မဟုတ် ကလေးသို့ ရောဂါပိုးကူးစက်မှုကို ကာကွယ်တားဆီးရေးနည်းလမ်းများနှင့် အခြားအန္တရာယ်လျှော့ချရေးနည်းလမ်းများကိုဆိုသည်။

(ဆ) **မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေး** ဆိုသည်မှာ မူးယစ်ဆေးသုံးစွဲခြင်း၏ နောက်ဆက်တွဲအန္တရာယ်များဖြစ်သော ရောဂါပိုးနှင့် အခြားယှဉ်တွဲရောဂါပိုးများ ကူးစက်ပျံ့နှံ့ခြင်းမှကာကွယ်ရန်နှင့် ကျန်းမာရေးနှင့်လူမှုရေးအန္တရာယ်များ လျှော့ချရန် ပြည်သူ့ကျန်းမာရေးနှင့် လူ့အခွင့်အရေးအခြေပြုသည့် ဆောင်ရွက်ချက်ကို ဆိုလိုသည်။

( ဇ ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ရောဂါပိုးရှိသူများနှင့် ဆက်နွှယ်ထိခိုက်ခံရသူများနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူများကို ကျန်းမာရေးပညာပေးခြင်း၊ စမ်းသပ်စစ်ဆေးခြင်းအပါအဝင် ကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုများကိုဆိုသည်။

( ဈ ) **နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း** ဆိုသည်မှာ ရောဂါပိုးမစစ်ဆေးမီ၊ စစ်ဆေးပြီးနှင့် ဆေးကုသမှုခံယူနေစဉ် ကာလအတွင်း ရောဂါပိုး၏ သဘောသဘာဝ၊ စစ်ဆေးခြင်းမှ ရရှိလာသောအဖြေ၊ ကုထုံးများ၊ ရောဂါပိုးကူးစက်မှုအန္တရာယ်လျှော့ချရေး နည်းလမ်းများနှင့် ရောဂါပိုးရှိသူ၏ ကြုံတွေ့ရင်ဆိုင်ရနိုင်သည့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်ရန် တိုင်ပင်ဆွေးနွေးအကြံပေးခြင်းကိုဆိုသည်။

(ည) **ကျန်းမာရေးစောင့်ရှောက်မှုပေးသူ** ဆိုသည်မှာ တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်၊ ရောဂါဗေဒပညာရှင်၊ သူနာပြု၊ သားဖွားဆရာမနှင့် တရားဝင် ကျွမ်းကျင် လက်မှတ်ရရှိထားသည့် ကျန်းမာရေးဝန်ဆောင်မှုပေးသူကို ဆိုသည်။

( ဋ ) **ရောဂါပိုးစစ်ဆေးခြင်း** ဆိုသည်မှာ ရောဂါပိုး သို့မဟုတ် ရောဂါပိုးဆိုင်ရာ ပဋိပစ္စည်းများ (HIV Antigens or HIV Antibodies) ရှိမရှိ စမ်းသပ်စစ်ဆေးခြင်းကို ဆိုသည်။

( ဌ ) **အသိပညာပေးပစ္စည်းများ** ဆိုသည်မှာ ရောဂါပိုးကူးစက်ခြင်းဆိုင်ရာ အကြောင်းအရာများသိရှိနားလည်မှုကို မြင့်တင်ရန်ရည်ရွယ်သည့် ရေးသားချက်၊ ရုပ်ပုံ၊ ပုံစံ၊ ဓာတ်ပုံနှင့် ပညာပေးသရုပ်ပြ အထောက်အကူပြုပစ္စည်းများ၊ ရုပ်ရှင်နှင့် ဗီဒီယိုဓာတ်လမ်းများနှင့် အီလက်ထရောနစ် နည်းပညာဖြင့် ဖန်တီးထားသော တင်ဆက်မှုများကို ဆိုသည်။

( ဍ ) **ရောဂါပိုးရှိသူ** ဆိုသည်မှာ သွေးစစ်ဆေးချက်အရ ရောဂါပိုး ကူးစက်ခံထားရသူကို ဆိုသည်။

( ဎ ) **ဆက်နွှယ်ထိခိုက်ခံရသူ** ဆိုသည်မှာ ရောဂါပိုးရှိသူ၏ လိင်ဆက်ဆံဖက်များနှင့် အတူနေမိသားစုဝင်များကို ဆိုသည်။

(ဏ) **ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူများ** ဆိုသည်မှာ လိင်ဝိသေသလက္ခဏာနှင့် လိင်စိတ်ခံယူမှုအရ ပြုမူနေထိုင်သူများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူများ၊ လိင်လုပ်သားများ၊ အချုပ် သို့မဟုတ် ထောင်ဒဏ် ကျခံနေရသူများ၊ ရွှေ့ပြောင်းလုပ်သားများကို ဆိုသည်။

(တ) **ရောဂါပိုးနှင့် ဆက်စပ်သောသတင်းအချက်အလက်** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်–

(၁) သူတစ်ဦးသည် အသက်ရှင်ဆဲဖြစ်စေ၊ ကွယ်လွန်ပြီးဖြစ်စေ၊ ရောဂါပိုးရှိသူ သို့မဟုတ် ရောဂါရှိသူ သို့မဟုတ် ရောဂါပိုးရှိ မရှိ စစ်ဆေးခံပြီးသူဖြစ်ကြောင်း သတင်းအချက်အလက်၊

(၂) သူတစ်ဦးသည် ၎င်း၏ လိင်ဝိသေသလက္ခဏာနှင့် လိင်စိတ်ခံယူမှုအရ ပြုမူနေထိုင်သူဖြစ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လိင်လုပ်သားဖြစ်ခြင်း စသည်တို့နှင့် ဆက်စပ်နေသော သတင်းအချက်အလက်။

(ထ) **လိင်ဝိသေသလက္ခဏာ (Gender Identity)** ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ အတွင်းစိတ်က မိမိကိုယ်မိမိ ခံယူထားသည့်အတိုင်း လိင်ဝိသေသ ဖော်ပြချက်ကို ဆိုသည်။

( ဒ ) **လိင်စိတ်ခံယူမှု (Sexual Orientation)** ဆိုသည်မှာ အခြားသူတစ်ဦးအပေါ် (လိင်တူဖြစ်စေ၊ လိင်ကွဲဖြစ်စေ၊ လိင်တူလိင်ကွဲ နှစ်မျိုးလုံးကိုဖြစ်စေ) ချစ်ခင်စိတ်၊ စွဲလမ်းစိတ်၊ တိမ်းညွတ်စိတ် ရှိနေခြင်းကို ဆိုသည်။

( ဓ ) **လိင်လုပ်သား** ဆိုသည်မှာ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အခကြေးငွေယူ၍ လိင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။

( န ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

( ပ ) **လိင်ဆက်ဆံဖက်** ဆိုသည်မှာ တရားဝင် အိမ်ထောင်ဖက်၊ ပုံမှန်အတူတကွ ပေါင်းသင်းနေထိုင်သူ သို့မဟုတ် အိမ်ထောင်ဖက်ကဲ့သို့ ပြုမူဆက်ဆံနေထိုင်သူကို ဆိုသည်။

( ဖ ) **ကွန်ရက်** ဆိုသည်မှာ အုပ်စုတူ ဘဝတူများအတွက် ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် လက်တွဲဆောင်ရွက်နိုင်ရန် ချိတ်ဆက်ဖွဲ့စည်းထားသည့် အသိုက်အဝန်းကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တိုက်ရိုက်ရောင်းချခြင်း ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်း**
**(----ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် --။)**
**---- ခုနှစ်၊ ---လ----ရက်**
**(----ခုနှစ်၊ ---လ---ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တိုက်ရိုက်ရောင်းချခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည်–

(က) **တိုက်ရိုက်ရောင်းချခြင်း** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဆိုင်တွင် ခင်းကျင်းရောင်းချခြင်း မဟုတ်ဘဲ စားသုံးသူထံ တွေ့ဆုံ၍ဖြစ်စေ၊ အမှာစာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းစနစ်ဖြင့် ဆက်သွယ်၍ဖြစ်စေ ကမ်းလှမ်း၍ ရောင်းချခြင်းကို ဆိုသည်။

( ခ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

( ဂ ) **ဦးစီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနကို ဆိုသည်။

(ဃ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဦးစီးဌာနတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်ခြင်းကို ဆိုသည်။

( င ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဦးစီးဌာနကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

( စ ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ရန် ဦးစီးဌာနက တာဝန်ပေးအပ်သည့်အရာရှိကို ဆိုသည်။

(ဆ) **အဖွဲ့ဝင်သစ်စုဆောင်းခြင်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် အရောင်းကိုယ်စားလှယ်က ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက်ရောင်းချခြင်း နည်းလမ်းဖြင့် ရောင်းချခြင်း သို့မဟုတ် ပေးအပ်ခြင်း ဆောင်ရွက်ရန်အတွက် လူစုဆောင်းခြင်းကို ဆိုသည်။

( ဇ ) **စီးပွားရေးလုပ်ငန်းရှင်** ဆိုသည်မှာ တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ဦးစီးဌာနတွင် ဤဥပဒေအရ မှတ်ပုံတင်ထားသည့်တစ်ဦးချင်းကိုသော်လည်းကောင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုသော်လည်းကောင်း ဆိုသည်။

( ဈ ) **အရောင်းကိုယ်စားလှယ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို စားသုံးသူထံ တိုက်ရိုက်ရောင်းချခြင်းနည်းလမ်းဖြင့် ဖြန့်ဖြူးရောင်းချသူကို ဆိုသည်။

(ည) **အရောင်းစာချုပ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင်နှင့် အရောင်းကိုယ်စားလှယ်တို့အကြား တိုက်ရိုက်ရောင်းချခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ စာဖြင့်လက်မှတ်ရေးထိုးချုပ်ဆိုထားသော စည်းကမ်းချက်များ၊ ကတိကဝတ်များ၊ သဘောတူညီချက်များကို ဆိုသည်။

( ဋ ) **ကုန်စည်ပြန်လည်အပ်နှံခြင်း** ဆိုသည်မှာ အရောင်းကိုယ်စားလှယ်က စီးပွားရေးလုပ်ငန်းရှင်ထံ အရောင်းစာချုပ်ပါ စည်းကမ်းချက်နှင့် အညီ ကုန်စည် ပြန်လည်အပ်နှံခြင်းကို ဆိုသည်။

( ဌ ) **စားသုံးသူ** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပြုရန်မဟုတ်ဘဲ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူ အတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်းပြုသူကို ဆိုသည်။

( ဍ ) **ကုန်စည်** ဆိုသည်မှာ ဤဥပဒေအလို့ငှာ တိုက်ရိုက်ရောင်းချခြင်း ပြုရန်အတွက် ထိတွေ့နိုင်သော သို့မဟုတ် အပြည့်အဝမထိတွေ့နိုင်သော၊ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ကုန်သွယ်နိုင်သည့်အရာကို ဆိုသည်။

( ဎ ) **ဝန်ဆောင်မှု** ဆိုသည်မှာ ဤဥပဒေအရ တိုက်ရိုက်ရောင်းချခြင်း နည်းလမ်းကို အသုံးပြု၍ လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏ လိုအပ်ချက်ကို တန်ဖိုးဖြင့်ဖြစ်စေ၊ တန်ဖိုးမပါဘဲဖြစ်စေ ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုကို ဆိုသည်။

(ဏ) **ဆုကြေး** ဆိုသည်မှာ တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို သတ်မှတ်စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်က အရောင်းကိုယ်စားလှယ်အား ပေးအပ်သည့် ငွေကြေး၊ ရပိုင်ခွင့် သို့မဟုတ် အခြားခံစားခွင့် တစ်ရပ်ရပ်ကို ဆိုသည်။

(တ) **သင်တန်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် အရောင်းကိုယ်စားလှယ်က တိုက်ရိုက်ရောင်းချခြင်းပြုရာတွင် အထောက်အကူဖြစ်စေရန်အတွက်ဖြစ်စေ၊ အရောင်းကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန်အတွက်ဖြစ်စေ အသိပညာပေးခြင်း၊ ဟောပြောခြင်းနှင့် ဆွေးနွေးခြင်းများကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို စနစ်တကျ မှတ်ပုံတင် ဆောင်ရွက်စေခြင်းဖြင့် ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

( ခ ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကြောင့် နိုင်ငံတော်နှင့်နိုင်ငံသားများကို နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ ထိန်းကျောင်းကာကွယ်နိုင်ရန်၊

( ဂ ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းကို ဆောင်ရွက်နိုင်စေရန်၊

(ဃ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုရိုနာဗိုင်းရပ်စ် အတားအဆီးမဲ့ ပျံ့နှံ့သွားပါက လူဦးရေသန်းနှင့်ချီပြီးသေဆုံးနိုင် ဟု ကုလအကြီးအကဲပြော

**ဂျီနီဗာ မတ် ၂၀**

ကိုရိုနာဗိုင်းရပ်စ် အတားအဆီးမဲ့ပျံ့နှံ့လာပါက အထူးသဖြင့် ဆင်းရဲသည့်နိုင်ငံများတွင် လူဦးရေသန်းနှင့်ချီကာ သေဆုံးနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က မတ် ၁၉ ရက်တွင် သတိပေး ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကို တစ်ကမ္ဘာလုံး ပူးပေါင်းနှိမ်နင်းရေးအတွက် မေတ္တာရပ်ခံပန်ကြားစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အကယ်၍ ဗိုင်းရပ်စ်ပျံ့နှံ့မှုမှာ တောမီးကဲ့သို့ အတားအဆီးမဲ့ဖြစ်သွားခွင့်ပြုလိုက်လျှင် အထူးသဖြင့် ကမ္ဘာ့ဆင်းရဲသည့်နိုင်ငံများတွင် ရောဂါကူးစက်ပျံ့နှံ့လာပါက လူဦးရေသန်းနှင့်ချီပြီးသေဆုံးမှု ဖြစ်ပေါ်လာနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာစည်းလုံးညီညွတ်မှုသည် အလွန်အရေးကြီးသည့် ကိစ္စဖြစ်ရုံသာမက လူတိုင်းလူတိုင်း၏ အကျိုးပင်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ကျန်းမာရေးကပ်ရောဂါကိုနှိမ်နင်းရန် တစ်ကမ္ဘာလုံးက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟု ဂူတာရက်စ်က ဆက်လက်ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကို တစ်ကမ္ဘာလုံးအနှံ့ လူပေါင်း ၂၁၇၅၀၀ ကူးစက်ခံထားရပြီးလူပေါင်း ၉၀၀၀ ကျော်အသက်ဆုံးရှုံးခဲ့ရသည်ဟု ၎င်းက ပြောသည်။ နိုင်ငံအသီးသီးသည် ကိုယ်ပိုင်ကျန်းမာရေးမဟာဗျူဟာများချမှတ်ကာ ဆောင်ရွက်နေပြီး ကိုရိုနာဗိုင်းရပ်စ်ကို ကိုင်တွယ်ဖြေရှင်းရန် အကူအညီလိုအပ်သည့် နိုင်ငံများကို တစ်ကမ္ဘာလုံးက ကူညီပေးကြရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ဆစ်ဒနီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စောင့်ဆိုင်းနေကြသည့် ခရီးသည်များအား မတ် ၁၈ ရက်က တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရန် သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ သဘောတူ

**တိုကျို မတ် ၂၀**

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထိန်းသိမ်းရန် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၀ ရက်က ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်ဆု မိုတီဂီ၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးကန်ကျောင်းဝါတို့သည် ဗီဒီယိုဖြင့်တစ်နာရီကျော်ကြာဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့ကြောင်း သတင်း ရရှိသည်။ မိုတီဂီက ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုသည် ကမ္ဘာ့စီးပွားရေးကိုထိခိုက်စေကြောင်းပြောကြားသည်။

မိမိတို့သည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသလို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်တားဆီးရန်လည်း မိမိတို့သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း ၎င်းကပြောကြားသည်။

မိုတီဂီက ကိုရိုနာဗိုင်းရပ်စ်နယ်စပ်များတွင် ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားရန် ဝင်ပေါက်ဆိပ်ကမ်းများကို သတ်မှတ်အချိန်တစ်ခုအထိ ထိန်းချုပ်ထားရန်လိုကြောင်းပြောသည်။




ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်ဆုမိုတီဂီ၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ကန်ကျောင်းဝါတို့ကို တွေ့ရစဉ်။

အလားတူ သုံးနိုင်ငံ ကျန်းမာရေးဝန်ကြီးများကလည်း အစောပိုင်းက ဗီဒီယိုအစည်းအဝေးပြုလုပ်ပြီး ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး မည်သို့မည်ပုံ ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ထို့အတူ ဆေးနှင့်ကာကွယ်ဆေးဆိုင်ရာ တိုးတက်မှုများအပေါ် သတင်းအချက်အလက်များ ဖလှယ်ရန်လည်း သဘောတူခဲ့ကြောင်း သတင်းရရှိသည်။ တိုကျို အိုလံပစ်အားကစားပြိုင်ပွဲများနှင့် မသန်စွမ်းပြိုင်ပွဲများကို သင့်တော်သော အခြေအနေတွင် ကျင်းပပေးနိုင်မည်ဟု ဝမ်က ယုံကြည်လျက်ရှိကြောင်း မိုတီဂီက ဗီဒီယိုတွေ့ဆုံဆွေးနွေးပွဲအပြီး သတင်းထောက်များကို ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုထိန်းချုပ်ရန် အပြင်မထွက်ရ အမိန့်ထုတ်ပြန်

**ကိုလံဘို မတ် ၂၀**

သီရိလင်္ကာနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန် အစိုးရက နိုင်ငံတစ်ဝန်းတွင် မတ် ၂၀ ညနေ ၆ နာရီမှစတင်ကာ မတ် ၂၃ ရက် နံနက် ၆ နာရီအထိ အပြင်မထွက်ရအမိန့်အား ထုတ်ပြန်ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ကြေညာချက်တွင် သမ္မတရုံးက သီရိလင်္ကာနိုင်ငံသားများအားလုံး အမိန့်လိုက်နာကြရန်နှင့် နေအိမ်အတွင်း၌ နေထိုင်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသမ္မတ ဂိုတာဘာယာရာဂျာပက်ဆာက လူတိုင်းနေအိမ်တွင်နေထိုင်ရန်အတွက် မတ် ၂၀ မှစကာ ရက်သတ္တတစ်ပတ်ကြာ နေအိမ်မှ အလုပ်လုပ်ကြရန် စည်းမျဉ်းတစ်ခုကို ယမန်နေ့က ကြေညာခဲ့ကြောင်းလည်း သိရသည်။

အစိုးရအရာရှိများက အဆိုပါ စည်းမျဉ်းသည် မတ် ၂၇ ရက်အထိ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ ရထားဘူတာရုံတွင် ရထားစီးရန် စောင့်ဆိုင်းနေသူများကို မတ် ၁၈ ရက်က တွေ့ရစဉ်။

သီရိလင်္ကာနိုင်ငံ၌ လတ်တလောတွင် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားသူ အတည်ပြုလူနာ ၅၉ ဦးရှိပြီး နိုင်ငံတစ်ဝန်း သတ်မှတ်ထားသည့်ဆေးရုံများတွင် လူနာ ၂၃၀ ကျော် စောင့်ကြည့်ကြပ်မတ်ကုသမှု ခံယူနေကြောင်း သိရသည်။ **ဆင်ဟွာ**

# အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရသော်လည်း အမေရိကန်က အီရန်အပေါ်ပိတ်ဆို့မှုများချမှတ်

**ဝါရှင်တန် မတ် ၂၀**

အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေသော်လည်း အီရန်နိုင်ငံအပေါ်ဖိနှိပ်မှုလုပ်ဆောင်ရန် မတ် ၁၉ ရက်က နောက်ထပ် ပိတ်ဆို့မှုများ အမေရိကန်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ ယူအေအီးအခြေစိုက်ကုမ္ပဏီ ငါးခုကို ပစ်မှတ်ထားကာ အမေရိကန်က ပိတ်ဆို့မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီငါးခုမှာ အီရန်နိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ ရောင်းချမှုနှင့်ဆက်စပ်မှုရှိသည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

၂၀၁၉ ခုနှစ်တွင် ယူအေအီးအခြေစိုက် အဆိုပါကုမ္ပဏီငါးခုမှာ ယူအေအီးသို့တင်ပို့ရန် အီရန်အမျိုးသားရေနံကုမ္ပဏီ (NIOC) မှ ရေနံနှင့်ရေနံထွက်ပစ္စည်းများ မက်ထရစ်တန်ချိန် ထောင်နှင့်ရာနှင့်ချီ၍ ဝယ်ယူခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ပါဝင်သည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်က အီရန်နိုင်ငံသည် ရေနံရောင်းချအခွန်များမှ အကြမ်းဖက်အဖွဲ့အစည်းများကို ထောက်ပံ့ရန် အသုံးပြုခဲ့သည်ဟု စွပ်စွဲခဲ့သည်။

ယခုအခါ အဆိုပါ ကုမ္ပဏီငါးခု၏ ပိုင်ဆိုင်မှုများ၊ အကျိုးအမြတ်များအားလုံးကို ပိတ်ဆို့လိုက်ပြီဖြစ်ပြီး အမေရိကန်နိုင်ငံသားများသည်လည်း ယင်းကုမ္ပဏီများနှင့် ဆက်သွယ်အလုပ်လုပ်ကိုင်ခွင့် မရတော့ပေ။ အီရန်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်အတွင်း အမေရိကန်၏ ပိတ်ဆို့မှုကြောင့်ဖြစ်ပေါ်လာမည့် လူ့ဂယက်များအတွက် အမေရိကန်တွင်သာ တာဝန်ရှိလိမ့်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်ဖ်က မတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

ယခုအခါ အီရန်နိုင်ငံသည် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရသည့်အတွက် အီရန်အပေါ်တစ်ဖက်သတ်တရားမဝင် ချမှတ်ထားသည့် အမေရိကန်၏ ပိတ်ဆို့မှုများကို ဖယ်ရှားရန် အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံ၏ ထောက်ပံ့မှုကို ကျေးဇူးတင်ကြောင်း ဇင်ဘာဘွေသမ္မတပြောကြား

**ဟာရာရီ မတ် ၂၀**

ဇင်ဘာဘွေနိုင်ငံတွင် ကိုဗစ်-၁၉ နှိမ်နင်းရေးအတွက် တရုတ်နိုင်ငံနှင့်အခြားနိုင်ငံများက ကူညီထောက်ပံ့ပေးမှုအတွက် ကျေးဇူးတင်ကြောင်း မတ် ၁၉ ရက်နေ့တွင် ဇင်ဘာဘွေ သမ္မတ မနန်ဂါဂွာက ပြောသည်။ ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ပြန်လည်တုံ့ပြန်ရေးအစီအစဉ်အခမ်းအနား၌ ဇင်ဘာဘွေ သမ္မတက မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့မိန့်ခွန်းပြောကြားရာတွင် တရုတ်နိုင်ငံနှင့်ဗြိတိန်နိုင်ငံတို့၏ အကူအညီများကို အသိအမှတ်ပြုကြောင်း မနန်ဂါဂွာက ဆက်လက်ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ၏ ကုသရေးစင်တာ အဆင့်မြှင့်တင်ရေးနှင့်ပြင်ဆင်မွမ်းမံရေးအတွက် တရုတ်နိုင်ငံက ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ အဆိုပါကုသရေးစင်တာမှာ မြို့တော်ဟာရာရီရှိ ဝေလ်ကင်ဆေးရုံတွင် တည်ဆောက်ထားသည်။

ဇင်ဘာဘွေနိုင်ငံတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့်ပေးရေး တရုတ်နိုင်ငံက ဆေးအဖွဲ့တစ်ဖွဲ့စေလွှတ်ပေးထားသည်။ ဇင်ဘာဘွေနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လူထုစုဝေးပွဲ အခမ်းအနားများကို တားမြစ်ထားသည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် တရုတ်ကိုကျော်လွန်သွားတဲ့ အီတလီ

*ထွန်းသစ်စ*

**ကိုရိုနာဗိုင်းရပ်စ်ကြောင့် အီတလီနိုင်ငံရဲ့ သေဆုံးသူအရေအတွက်ဟာ အခုဆိုရင် တရုတ်နိုင်ငံကို ကျော်လွန်သွားပြီဖြစ်ပါတယ်။ အလားတူပဲ အမေရိကန်ပြည်ထောင်စုက လူဦးရေ ၃၉ သန်းမီတင်းနေထိုင်တဲ့ ကယ်လီဖိုးနီးယားပြည်နယ်ကိုလည်း အလုံပိတ်လိုက်ပြီဖြစ်ပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကုသရာမှာ ငှက်ဖျားရောဂါကာကွယ်ရေးဆေးတွေကို အသုံးပြုလို့ ရ မရ စီမံချက်များချမှတ်ကာဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ထို့ပြင် တရုတ်နိုင်ငံကိုလည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ကမ္ဘာကြီးကို စောစောစီးစီး မပြောခဲ့ရကောင်းလားဆိုပြီး အပြစ်တင်ခဲ့ပါတယ်။**

**မထိန်းချုပ်နိုင်မှာ စိုးရွံ့နေ**

ကမ္ဘာတစ်ဝန်းမကူးစက်မီ တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့တွင် လွန်ခဲ့သောနှစ် ဒီဇင်ဘာလောက်ကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ အခုအခါမှာတော့ တရုတ်နိုင်ငံမှာ နောက်ထပ်အသစ်ထပ်မံကူးစက်မှုမဖြစ်ပွားတော့ဘူးလို့ ဒုတိယနေ့အဖြစ် သတင်းဖော်ပြခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံမှာ မျှော်လင့်ချက်ရောင်ခြည်သန်းလာခဲ့ပြီဖြစ်သော်လည်း တချို့နိုင်ငံအများစုမှာတော့ သူတို့ရဲ့နယ်စပ်တွေကို တင်းကျပ်လိုက်သလို တချို့ကိုလည်းအလုံပိတ်ထားခဲ့ပါတယ်။ လူပေါင်းသန်းချီကာ ကိုယ့်ရဲ့ အိမ်တွေမှာပဲနေပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုမရှိအောင် လုပ်ဆောင်နေကြပါတယ်။

ကမ္ဘာတစ်ဝန်းလုံး ဂရုမစိုက်မိဘဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခဲ့ပါက လူပေါင်းသန်းချီသေဆုံးနိုင်တယ်လို့ ကုလသမဂ္ဂအကြီးအကဲကလည်း သတိပေးထားပါတယ်။

ကမ္ဘာ့ခေါင်းဆောင်တွေကလည်း ကမ္ဘာ့စီးပွားရေး ဂယက်ထမှုမဖြစ်အောင် ထောက်ကူပေးတဲ့အနေနဲ့ အမေရိကန်ဒေါ်လာ တစ်ထရီလီယံနီးနီးခွင့်ပြုထားပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဟာ ရာစုနှစ်တစ်စုမှာတွေ့ရခဲတဲ့ ကူးစက်ရောဂါဖြစ်ပြီး သူ့ကိုမထိန်းချုပ်နိုင်မှာ စိုးရွံ့နေကြပါတယ်။

**အများစုဟာ အသက်ကြီးသူတွေ ဖြစ်ကြ**

သေဆုံးနှုန်းဟာ ဥရောပနိုင်ငံတွေမှာလည်း မြင့်တက်လာခဲ့သလို အီတလီနိုင်ငံမှာလည်း ကြာသပတေးနေ့ တစ်နေ့တည်းကိုပဲ ၄၂၇ ဦးသေဆုံးခဲ့ပြီး ယခုအချိန်အထိ စုစုပေါင်းသေဆုံးသူ ၃၄၀၅ ဦးအထိရှိခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားခဲ့တဲ့ တရုတ်နိုင်ငံမှာတောင် သေဆုံးသူဦးရေဟာ ၃၂၄၅ ဦးအထိသာရှိခဲ့ပြီး အီတလီနိုင်ငံမှာတော့ သူ့ထက်ပိုများနေတာကို တွေ့ရ မှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သူအများစုဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကြောင့်ဖြစ်ပြီး အများစုဟာ အသက်ကြီးသူတွေ ဖြစ်ကြပါတယ်။

ပြင်သစ်နိုင်ငံမှာ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူဦးရေဟာ ၁၀၈ ဦးကျော်ဖြစ်လာပြီး စုစုပေါင်း သေဆုံးသူပေါင်းဟာ ၃၇၂ ဦးအထိရှိခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးအနေနဲ့ မတ် ၂၀ ရက်ထိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်းဟာ ၈၇၇၈ ရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာပေါင်း ၂၀၉၈၃၉ ရှိခဲ့ပါတယ်။ ထို့အတူ ကိုရိုနာဗိုင်းရပ်စ်ဟာ အခုဆိုရင် နိုင်ငံပေါင်း ၁၆၈ နိုင်ငံအထိ ပျံ့နှံ့လို့လာခဲ့ပါပြီ။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကလည်း ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်တဲ့ ကြောက်စရာဆိုးကျိုးတွေကို သတိပေးခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တောမီးကဲ့သို့ ခွင့်ပြုလိုက်မယ်ဆိုရင် လူပေါင်းသန်းချီသေဆုံးကြလိမ့်မယ်လို့ ဂူတာရက်စ်က ပြောကြားလိုက်ပါတယ်။

**တန်ဖိုးကြီးကြီးပေးဆပ်ရမယ်**

ကမ္ဘာကြီးရဲ့ ကျန်တဲ့အပိုင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်နဲ့ သေဆုံးမှုအရေအတွက်ဟာ တရုတ်နိုင်ငံမှာဖြစ်ပွားတဲ့ သေဆုံးမှုနဲ့ ကူးစက်မှုအရေအတွက်ထက် ပိုများနေတာကို တွေ့ရပါတယ်။ အခုအခါမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေဖို့ တင်းကျပ်တဲ့တားဆီးဆောင်ရွက်မှုတွေ ပြုလုပ်လျက်ရှိသလို ခွဲခြားစောင့်ကြည့်မှုတွေနဲ့ အလုံပိတ်လိုက်ရတဲ့ အခြေအနေတွေလည်း ပြုလုပ်လျက်ရှိပါတယ်။

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းပေါ် တုံ့ပြန်မှုတွင် ဝေဖန်မှုများနဲ့ ရင်ဆိုင်ခဲ့ရသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာမရှိတဲ့အတွက် ကမ္ဘာကြီးအနေနဲ့ တန်ဖိုးကြီးကြီးပေးရတော့မယ်လို့ စွပ်စွဲပြောကြားခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအသစ်ထပ်မံမဖြစ်ပွားသော်လည်း ကမ္ဘာကြီးအနေနဲ့ သူတို့ရဲ့ လုပ်ရပ်နဲ့ပတ်သက်ပြီး တန်ဖိုးကြီးကြီးပေးဆပ်ရတော့မယ်လို့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပါတယ်။

**အီတလီနိုင်ငံမှာ သေဆုံးမှုနဲ့ ကူးစက်မှုနှုန်းမြင့်တက်လာ**

ကိုရိုနာဗိုင်းရပ်စ်ကြောင့် အီတလီနိုင်ငံမှာ သေဆုံးမှုနဲ့ ကူးစက်မှုနှုန်းမြင့်တက်လာပြီးနောက် အီတလီနိုင်ငံဟာ သူ့နိုင်ငံကို ဧပြီ ၃ ရက်အထိ အလုံပိတ်ထားလိုက်ပြီဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက ပြောကြားခဲ့ပါတယ်။

ပြင်သစ်နိုင်ငံသမ္မတကလည်း သူ့ရဲ့နိုင်ငံကို ရက်သတ္တပတ်နှစ်ပတ်ကြာ အလုံပိတ်ထားမယ့် အမိန့်ကို တိုးမြှင့်လိုက်ပါတယ်။ အာဂျင်တီးနားသမ္မတ အယ်လ်ဘာတိုဖာနန်ဒက်ဇ်က ကိုရိုနာဗိုင်းရပ်စ်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ မတ်လ ၃၁ ရက်အထိ အလုံပိတ်ထားမှာဖြစ်ပါတယ်။ ထို့အတူ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းသိမ်းရန် ဘရာဇီးလ်နိုင်ငံ ရီယိုဒီဂျနေးရိုးကလည်း သူ့ရဲ့ ကျော်ကြားလှတဲ့ ကမ်းခြေတွေကို ပိတ်လိုက်သလို စားသောက်ဆိုင်တွေနဲ့ ဘားတွေကိုလည်း ၁၅ ရက်ကြာ ပိတ်လိုက်ပါတယ်။

ကယ်လီဖိုးနီးယားမြို့တော်ဝန် ဂယ်ဗင်နယူးဆမ်က မိမိပြည်နယ်ကို ကြာသပတေးနေ့မှာ စတင်အလုံပိတ်သွားမှာဖြစ်တယ်လို့ ပြောပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က မိမိတို့နိုင်ငံအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ရက်သတ္တ ၁၂ ပတ်အတွင်း သင့်တော်တဲ့ စီမံဆောင်ရွက်မှုမျိုးပြုလုပ်သွားမှာဖြစ်ကြောင်းနဲ့ လူထုမှုကိုရှောင်ရှားရန် အကြံပေးထားကြောင်း သိရပါတယ်။




ဘာစီလိုနာ – အယ်ပရက်လေဆိပ်တွင် စပိန်စစ်ဘက်ဆိုင်ရာအရေးပေါ်အဖွဲ့ ကိုရိုနာဗိုင်းရပ်စ်တားဆီးကာကွယ်ရေး ဆောင်ရွက်နေစဉ်။

> "သေဆုံးနှုန်းဟာ ဥရောပနိုင်ငံတွေမှာလည်း မြင့်တက်လာခဲ့သလို အီတလီနိုင်ငံမှာလည်း ကြာသပတေးနေ့ တစ်နေ့တည်းကိုပဲ ၄၂၇ ဦးသေဆုံးခဲ့ပြီး ယခုအချိန်အထိ စုစုပေါင်းသေဆုံးသူ ၃၄၀၅ ဦးအထိ ရှိခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားခဲ့တဲ့ တရုတ်နိုင်ငံမှာတောင် သေဆုံးသူဦးရေဟာ ၃၂၄၅ ဦးအထိသာရှိခဲ့ပြီး အီတလီနိုင်ငံမှာတော့ သူ့ထက်ပိုများနေတာကို တွေ့ရမှာ ဖြစ်ပါတယ်"

ကိုရိုနာဗိုင်းရပ်စ်ဟာ နိုင်ငံရေးမှာ နာမည်ကြီးဖြစ်တဲ့ ဥရောပသမဂ္ဂဘရက်ဆစ်ညှိနှိုင်းရေးမှူး မိုက်ကယ်ဘာနီယာ၊ မိုနာကို မင်းသားအယ်လ်ဘတ်–၂ နဲ့ အနည်းဆုံး အင်န်ဘီအေအားကစားသမားထက်ဝက်ကျော်လောက် ရောဂါကူးစက်ခံနေရပါတယ်။

**ဗီဒီယိုတွေ့ဆုံမှုနဲ့ သာ ဆွေးနွေးခဲ့ကြ**

စက်မှုထိပ်သီးနိုင်ငံခေါင်းဆောင်တွေရဲ့ အစည်းအဝေးကို အစပိုင်းက ဝါရှင်တန်အနီးမှာကျင်းပဖို့ လျာထားပေမယ့် နောက်ပိုင်းမှာတော့ ဗီဒီယိုတွေ့ဆုံမှုနဲ့သာ ဆွေးနွေးခဲ့ကြပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စတော့ဈေးကွက်ပြိုဆင်းလာတာကြောင့် ဥပဒေပြုသူတွေဟာ ကမ္ဘာ့စီးပွားရေးတိုးတက်အောင် ကြိုးစားဆောင်ရွက်နေကြရပါတယ်။ ဥရောပသမဂ္ဂဗဟိုဘဏ်ကလည်း ယူရို ၇၅၀သန်းငွေချေးစာချုပ်တွေကိုဝယ်ဖို့ အစီအစဉ်တွေတောင်လုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း ဘဏ္ဍာရေးဝန်ကြီး စတီဗင် မန်နျူချင်က လွှတ်တော်ကို အရေးပေါ်ငွေရေးကြေးရေးအစီအစဉ် Stimulus Package အမေရိကန်ဒေါ်လာ တစ်ထရီလီယံကို ချပေးဖို့ တိုက်တွန်းပြောကြားထားတာ ရှိပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ရဲ့ ရိုက်ခတ်မှုကြောင့် အာဖရိကပါမကျန် တစ်ကမ္ဘာလုံးလှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရပါတယ်။ နိုင်ဂျီးယားနိုင်ငံရဲ့ မြို့တော်လာဂို့စ်မှာလည်း ကျောင်းတွေပိတ်လိုက်သလို ဘာကီနာဖာဆိုမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူတစ်ဦးသေဆုံးကြောင်း အတည်ပြုခဲ့ပါတယ်။

အလားတူ ရုရှားနိုင်ငံမှာလည်း တစ်ဦးသေဆုံးခဲ့ပြီး ဖီဂျီမှာလည်း ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးရှိကြောင်း အတည်ပြုခဲ့ပါတယ်။ အခုဆိုရင်တော့ ကမ္ဘာ့နိုင်ငံတွေဟာကိုရိုနာဗိုင်းရပ်စ်တားဆီးကာကွယ်ရေးကို ဖြစ်နိုင်သမျှသော နည်းလမ်းတွေနဲ့ စွမ်းစွမ်းတမံ လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကြောင့် ဂျပန်ကို လာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် သိသိသာသာကျဆင်း

**တိုကျို မတ် ၂၀**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကြောင့် ဂျပန်ကိုလာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် သိသိသာသာကျဆင်းခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ယခုကဲ့သို့ ဖြစ်ပွားမှုသည် ငါးလဆက်တိုက်ကျဆင်းမှုဖြစ်ကြောင်းနှင့်ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ် ကူးစက်ပျံ့နှံ့မှုကြောင့်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံ၌ ခရီးသွားအရေအတွက်မှာ ၈၇၂၀၀ ရှိပြီး အရင်နှစ်အလားတူကာလထက် ၈၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းနှင့် တောင်ကိုရီးယား၌ ခရီးသွားအရေအတွက်မှာလည်း ၁၄၃၉၀၀ သာရှိပြီး ၈၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ဂယက်ရိုက်ခတ်မှုသည် ပိုမိုဆိုးရွားလာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် လူပေါင်း ၂၅ သန်း အလုပ်လက်မဲ့ဖြစ်နိုင်

**ဂျီနီဗာ မတ် ၂၀**

လတ်တလောဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် လူပေါင်း ၂၅ သန်းနီးပါး အလုပ်လက်မဲ့ ဖြစ်စေနိုင်ကြောင်း ကုလသမဂ္ဂအေဂျင်စီတစ်ခုက ပြောကြားလိုက်သည်။

သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကိုင်တွယ်လုပ်ဆောင်မှုများကို အပူတပြင်းလုပ်ဆောင်မည်ဆိုပါက ယခုအရေအတွက် လျော့ကျနိုင်ကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာတစ်ဝန်း အလုပ်လက်မဲ့ အရေအတွက်သည် ၂၄ ဒသမ ၇ သန်းအထိရှိပြီး ၂၀၀၈ ခုနှစ်ငွေကြေးအကျပ်အတည်းကာလက အလုပ်လက်မဲ့ ၂၂ သန်းဆုံးရှုံးခဲ့ရသည်ထက် ပိုများနိုင်ဖွယ်ရှိကြောင်း ပြောကြားထားသည်။

အလုပ်သမားများ၏ ဝင်ငွေဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ထရီလီယံအထိရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယခုကိစ္စသည် ကျန်းမာရေး အကျပ်အတည်းသက်သက်မဟုတ်ဘဲ အလုပ်အကိုင်ဈေးကွက်နှင့် စီးပွားရေးဆိုင်ရာ အကျပ်အတည်းလည်းဖြစ်သည်ဟု အိုင်အယ်လ်အိုက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပဲခူးဆေးရုံသို့ ထောက်ပံ့ငွေများပေးအပ်

**ပဲခူး မတ် ၂၀**

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားကာ ထောက်ပံ့ငွေကျပ်သိန်း ၅၀၀ ကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းထံသို့ ပေးအပ်ခဲ့ပြီး အရေးပေါ်လိုအပ်လာပါကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ အရေးပေါ်ရန်ပုံငွေကျပ် တစ်ဘီလီယံ ကြိုတင်လျာထားပြီးဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးအဆင့် ကော်မတီဝင်များ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်း COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းထံ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်စဉ်။



# ယခုကာလအတွင်း ဆေးနှင့် ဆေးပစ္စည်း ပြတ်လပ်မှု မရှိစေရေး မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ကြိုးပမ်းနေ

**နေပြည်တော် မတ် ၂၀**

COVID-19 ရောဂါ ပြည်တွင်း၌ ဖြစ်ပွားခြင်း မရှိသေးသော်လည်း လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ကာ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကပ်ရောဂါနှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်း၊ ဖြစ်ပွားခြင်းကို ကာကွယ်ရန်နှင့် မြန်မာနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် လိုအပ်မည့် ဆေးနှင့် ဆေးပစ္စည်းများကို နိုင်ငံတွင်းသို့ လျင်လျင်မြန်မြန်တင်သွင်းနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဇော်မိုးခိုင်ထံမှ သိရသည်။

လိုအပ်သည့် အရည်အသွေးနှင့် အာနိသင်ရှိသည့် ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာနိုင်ငံအတွင်း တင်သွင်းရာတွင် လျင်မြန်မှုရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရပြီး ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းရောင်းချသူများ၏ လိုအပ်သည့်သွင်းကုန်ပါမစ်များနှင့် ပတ်သက်၍လည်း အသင်းမှ တစ်ပတ်လျှင် ရုံးဖွင့်ရက် ခြောက်ရက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ညီနောင်အသင်းတွေက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးကြတာရှိပါတယ်။ COVID-19 ကြောင့် လတ်တလောမှာ ကုန်ဈေးနှုန်းတွေ တက်သွားမှာ စိုးရိမ်ကြတာရှိပါတယ်။ ဒါကြောင့် ကုန်ဈေးနှုန်းတွေ ထိန်းသိမ်းတဲ့သဘောနဲ့ တွေ့ဆုံဖြစ်ပါတယ်။ ဆန်စပါးအသင်းချုပ်၊ ဆန်ကုန်သည်များအသင်း၊ ဆီကုန်သည်များအသင်း၊ ဆေးဝါးနဲ့ပတ်သက်တဲ့ အသင်းစတဲ့ ညီနောင်အသင်းတွေကို ဖိတ်ခေါ်ဆွေးနွေးပါတယ်။ ကျွန်တော်နားလည်သလောက် ပြန်ရှင်းပြရရင် ဆန်တို့၊ ဆီတို့က ပြတ်လပ်မှု မရှိပါဘူး။ လုံလုံလောက်လောက်ရှိနေပါတယ်။ အစပိုင်း တစ်ရက်နှစ်ရက်မှာ ဆီက ဈေးတက်သလိုရှိပေမယ့် အခုတော့ ပြန်ငြိမ်သွားပါပြီ။ သိပ်ပြီး စိတ်ပူစရာ မရှိပါဘူး။ ကျွန်တော်တို့မှာ အနည်းငယ် အခက်အခဲရှိနိုင်တာကတော့ ဆေးနဲ့ ဆေးပစ္စည်းတွေပေါ့။ ဆေးတွေ တင်သွင်းချင်ပေမယ့် အချိန်မီ မရောက်လာနိုင်တာရှိမယ်။ တစ်ဖက်က ပေးပို့မယ့်နိုင်ငံတွေကလည်း တားမြစ်ထားတာတွေ ရှိနိုင်သလို၊ အချိန်မီ ထုတ်လုပ်မပေးနိုင်တာလည်း ဖြစ်နိုင်တာပေါ့။ ကြုံလာနိုင်တာမို့ ကြိုတင်စဉ်းစားရပါတယ်။ အချို့ဆေးတွေက လုံလောက်ပေမယ့် အချို့ဆေးတွေက လိုအပ်တာမျိုးရှိပါတယ်။ အဲဒါတွေကို နည်းလမ်းပေါင်းစုံနဲ့ ဘယ်လိုတင်သွင်းကြမလဲ၊ ရောင်းချကြမလဲ ဆိုတာတွေလည်း ဆွေးနွေးဖြစ်ပါတယ်။ အသင်းချုပ်ကလည်း ကူညီနိုင်တဲ့ဘက်ကနေ အတတ်နိုင်ဆုံးကူညီပေးသွားမှာပါ။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကလည်း လုပ်ငန်းလျင်မြန်အောင် ကူညီပေးကြဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်၏ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

ထို့ပြင် ဆေးနှင့် ဆေးပစ္စည်းများ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းရာတွင် လိုအပ်သည့် ထောက်ခံချက်များ၊ လိုင်စင်များနှင့် ပတ်သက်၍ အခက်အခဲရှိပါက အသင်းရုံးသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပြီး အာနိသင်ရှိသည့် ဆေးနှင့် ဆေးပစ္စည်းများ မြန်မာနိုင်ငံအတွင်းသို့ အမြန်ဆုံးတင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ထို့ပြင် COVID-19 ရောဂါရှာဖွေရေး၊ ကာကွယ်ရေး၊ ကုသရေးတို့တွင် အသုံးပြုသော ဆေးနှင့် ဆေးပစ္စည်းများ ပံ့ပိုးရောင်းချဖြန့်ဖြူးပေးရန် အဆင်သင့်ရှိပါက အသင်း၏ ဖုန်းနံပါတ် ၀၉-၄၂၀၉၀၁၀၀၃ သို့ ဆက်သွယ်နိုင်ပြီး ဆေးများဝယ်ယူလှူဒါန်းလိုသော်လည်း ဈေးမှန်၊ ပစ္စည်းမှန်၊ တရားဝင်တင်သွင်းသည့် ဆေးများဖြစ်ရန် အခက်အခဲရှိပါကလည်းကောင်း၊ မည်သည့်နေရာတွင် ဝယ်ယူရမှန်းမသိရှိ၍ ဝယ်ယူရန် အခက်အခဲရှိပါက လည်းကောင်း အသင်းက ဝယ်ယူလိုသူနှင့် လှူဒါန်းလိုသူများကို ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ရတနာ**

# COVID-19 ရောဂါကို ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်ရန် ထိုင်း-မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတား ၁၄ ရက်ကြာ ယာယီပိတ်မည်

**ရန်ကုန် မတ် ၂၀**

လတ်တလော ဖြစ်ပွားနေသည့် COVID-19 ရောဂါကို ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်မှုများ ပြုလုပ်သွားနိုင်ရန် ကရင်ပြည်နယ် မြဝတီမြို့ရှိ ထိုင်း-မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတားကို မတ် ၂၁ ရက်မှစ၍ ၁၄ ရက်ကြာ ယာယီပိတ်ထားမည်ဖြစ်ကြောင်း မြဝတီမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်ထံမှ သိရသည်။



ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က "မနက်ဖြန်က စတင်ပြီး ထိုင်း-မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတားကို ၁၄ ရက် ယာယီပိတ်သွားမယ်လို့ သိရတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ကူးစက်ရောဂါအခြေအနေပေါ် မူတည်ပြီး အချိန်ထပ်ပြီးတော့လည်း တိုးသွားနိုင်တယ်။ လူဝင်၊ လူထွက်နဲ့ ဖြတ်သန်းသွားလာမှုကိုတော့ အခုလက်ရှိကာလမှာသုံးနေတဲ့ အမှတ်(၁) ချစ်ကြည်ရေးတံတားမှာလိုပဲ အမှတ်(၂) ချစ်ကြည်ရေးတံတားမှာ ဖြတ်သန်းခွင့်ပြုသွားမယ်။ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass)၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass) နဲ့ သွားတဲ့အတိုင်းပဲ ခွင့်ပြုသွားမယ်။ တံတားတစ်ခုကို ပိတ်လိုက်တာပဲရှိပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အမှတ်(၂) ချစ်ကြည်ရေးတံတားမှာ ကားနဲ့တင်မဟုတ်ဘဲ လူဖြတ်သန်းလို့လည်း ရတယ်။ COVID-19 ရောဂါကို နေရာတစ်ခုတည်းကပဲ အာရုံစိုက်ပြီး စောင့်ကြည့်ချင်တဲ့သဘောပါ။ ကုန်စည်စီးဆင်းမှုကလည်း ကုန်စည်စီးဆင်းသွားလာနေတဲ့ အမှတ်(၂) တံတားကို ဖွင့်ထားမှာဆိုတော့ ပုံမှန်အတိုင်း ရှိနေမှာပါ"ဟု ပြောသည်။

ထိုသို့ ပိတ်သိမ်းမှုကို ထိုင်းနိုင်ငံအစိုးရ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အမှတ်(၁) ချစ်ကြည်ရေးတံတား ယာယီပိတ်သိမ်းထားသောကာလတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံပြည်သူများအနေဖြင့် ဖြတ်သန်းသွားလာလိုပါက သက်ဆိုင်ရာ၏ ကျန်းမာရေးစိစစ်မှုများကို ခံယူကာ ယာယီ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass)၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass) တို့ဖြင့် အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါ နယ်စပ်ဖြတ်ကျော်ဂိတ်မှ ဝင်ရောက်လာသူများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း၊ သွား၊ လာ နေထိုင်မှုဆိုင်ရာ အချက်အလက်မှတ်တမ်းများ ကောက်ယူခြင်းများ ပြုလုပ်ကာ ဖြတ်သန်းဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"အခုလို လုပ်လိုက်တဲ့အတွက် COVID-19 ထိန်းချုပ်မှုအပိုင်းမှာ အနည်းငယ်ထိရောက်မှု ရှိမယ်လို့ တော့မြင်တယ်။ မြန်မာဘက်ကလည်း သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေတာတွေရှိတယ်။ ကုန်ဈေးနှုန်းနဲ့ ပတ်သက်ပြီးတော့လည်း ကုန်သည်ကြီးများအသင်းက ထိန်းချုပ်ပေးသွားမယ်လို့ သိရတယ်"ဟု မြဝတီမြို့ဒေသခံ ရဲတပ်ကြပ်ကြီး(အငြိမ်းစား) ဦးလှဝင်းက ပြောသည်။

ထိုင်း-မြန်မာ အမှတ်(၁)ချစ်ကြည်ရေးတံတား မပိတ်သိမ်းမီ ယနေ့ညနေ ၅ နာရီအထိ အဆိုပါတံတားမှနေ၍ ဖြတ်သန်းဝင်ရောက်လာသူ ၂၅၅၁ ဦးရှိကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်ထံမှ သိရသည်။

**သတင်း-ရဲခေါင်၊ ဇော်ကြီး**

❖ *ကျောဖုံးမှ*

ရာသီဝက်ချန်ပီယံဖြစ်ရန် ၁၈ မှတ်စီ ရထားသည့် Junior Lions အသင်းနှင့် Chinland အသင်း၊ ၁၅ မှတ် ရထားသည့် မြဝတီအသင်းတို့ မျှော်လင့်ချက်ရှိနေသော်လည်း Junior Lions အသင်းမှာ အခွင့် အရေးအများဆုံး ဖြစ်နေသည်။ Junior Lions အသင်းသည် ယနေ့ကစားမည့် နောက်ဆုံးပွဲတွင် ဂိုးပြတ်ရှုံးနိမ့်မှသာ ထိပ်ဆုံးနေရာမှ ဖယ်ပေးရမည်ဖြစ်ပြီး ပထမ အကျော့ပွဲအားလုံး ကစားထားသည့် Chinland အသင်းသည် Junior Lions အသင်း ဂိုးပြတ်အရေးနိမ့်မှသာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ မြဝတီအသင်းသည် ၁၅ မှတ်ရထားသော်လည်း ဂိုးကွာခြားချက်တွင် နည်းနေသောကြောင့် ဂိုးပြတ်အနိုင်ရမှသာ ကျန်နှစ်သင်းကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

Junior Lions အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ဖွဲ့စည်းလေ့ကျင့်နေသည့် မြန်မာ ယူ-၁၉ အသင်းမှ ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ခြောက်ပွဲစလုံးအနိုင်ရကာ ၁၈ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေခြင်းဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တောင်ငူ၌ ၂၀၂၀ ရွေးကောက်ပွဲ မဲစာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်း ညှိနှိုင်းစည်းဝေး



**တောင်ငူ မတ် ၂၀**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများ တွေ့ဆုံ၍ ခိုင်လုံသည့်မဲစာရင်းပြုစုထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများနှင့် နိုင်ငံရေးပါတီများ လိုက်နာရန်ကျင့်ဝတ်များ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၈ ရက်က မြို့နယ်ကော်မရှင်ရုံးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေး၌ တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံလှက ခိုင်လုံသည့် မဲဆန္ဒရှင်စာရင်း ရရှိရေး၊ နိုင်ငံရေးပါတီများမှ လိုက်နာကျင့်သုံးရမည့် အချက်အလက်များကို ပြည်ထောင်စုကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ နိုင်ငံရေးပါတီငါးခုတို့မှ မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် စည်းရုံးရေးကော်မတီဝင်များ တက်ရောက်ကြပြီး အပြန်အလှန်ညှိနှိုင်းကာ ၂၀၂၀ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

၀၄၈

# လယ်မြေဧက ၈၀၀ ကို အထောက်အကူဖြစ်စေမည့် လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်

**ခါမ်းပါတ် မတ် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့ ကနန်စံပြကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်( ၁ )လယ်ယာကုန်ထုတ်လမ်း အရှည် ၁ /၀ မိုင်ပေါ်တွင် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း၊ ရေပြွန် ကိုးစင်း တည်ဆောက်ခြင်းနှင့် အမှတ်( ၂ ) လယ်ယာ ကုန်ထုတ်လမ်းအရှည် ၂ /၀ မိုင်ပေါ်တွင် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း၊ ရေပြွန် ၁၄ စင်း တည်ဆောက်ခြင်း အပါအဝင် စုစုပေါင်းလမ်းအရှည် ၃ မိုင်ကို မြေသားတာပေါင်တင်၍ ၁၂ ပေ အကျယ်၊ တစ်ပေမြေသားထုနှင့် ချောင်းကျောက်ခြောက်လက်မထုခင်းခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီကတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါကုန်ထုတ်လမ်းများပြီးစီးသွားပါက လယ်မြေ ဧက ၈၀၀ ကို အကျိုးပြုဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိတို့၏ လယ်ယာထွက်ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူနိုင်မည်ဖြစ်သည်။

အဆိုပါလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# COVID-19 ရောဂါ ကာကွယ်မှုအဖြစ် ကန်ဒိုသင်တန်းများအားလုံး ပိတ်ထား

**ရန်ကုန် မတ် ၂၀**
ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်မှုအဖြစ် ကန်ဒိုသင်တန်းများအားလုံး ပိတ်ထားရကြောင်း မတ် ၁၈ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ ကန်ဒို အားကစားခန်းမ၌ ပြုလုပ်သည့် ဂျပန်နိုင်ငံကန်ဒိုအဖွဲ့ချုပ်က မြန်မာနိုင်ငံကန်ဒိုအဖွဲ့သို့ အားကစားဝတ်စုံလှူဒါန်းပွဲတွင် မြန်မာနိုင်ငံကန်ဒိုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းဇော်က ပြောသည်။

"လက်ရှိကမ္ဘာပေါ်မှာဖြစ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သင်တန်းတွေ အားလုံး ပိတ်ထားရပါတယ်။ ဧပြီလကုန်အထိတော့ ပိတ်ဖို့ ခန့်မှန်းထားပါတယ်။ ဧပြီလကုန်မှ တည်ငြိမ်မှု မရှိဘူးဆိုရင် ပိတ်မယ့်ရက်တွေကို ထပ်တိုးဖို့ရှိပါတယ်။ ပြည်တွင်း ပြည်ပပြိုင်ပွဲတွေ ပြိုင်ဖို့ အစီအစဉ် မရှိသေးပါဘူး" ဟု ဒုတိယဥက္ကဋ္ဌ ဦးထွန်းဇော်က ပြောသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ အကြံပေးMr.Hosono Junichi က ကန်ဒိုအားကစားဝတ်စုံ ၂၀ ကို မြန်မာနိုင်ငံကန်ဒိုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းဇော်ထံ ပေးအပ်လှူဒါန်းသည်။ (ယာပုံ) အာကာစိုး



# ရေကြောင်းသတိပေးချက်

**နေပြည်တော် မတ် ၂၀**
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation(Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Drilling Campaign လုပ်ငန်းများအား Drillship "MAERSK VIKING"(Call Sign:S6LY3) ဖြင့် ၂၀၁၉ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရေကြောင်းသတိပေးချက်ထုတ်ပြန်ပေးရန် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါနေ့ရက်တွင် တွင်းတူးဖော်ရေးလုပ်ငန်းများ မပြီးသေးပါသဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် မေလ ၁၈ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

Drilling Campaignလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinateများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Point A မြောက်လတ္တီတွဒ် 19˚ 51' 13.24"၊ အရှေ့လောင်ဂျီတွဒ် 92˚ 16' 16.38"၊ Point B မြောက်လတ္တီတွဒ် 19˚56' 51.21"၊ အရှေ့လောင်ဂျီတွဒ် 92˚33' 45.54" ၊ Point C မြောက်လတ္တီတွဒ် 19˚12' 50.35" ၊ အရှေ့လောင်ဂျီတွဒ် 92˚50' 20.44"၊ Point D မြောက်လတ္တီတွဒ် 19˚06' 59.69" ၊ အရှေ့လောင်ဂျီတွဒ် 92˚31' 44.40" တို့ ဖြစ်သည်။

သို့ဖြစ်၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Drilling Campaign လုပ်ငန်းများအား Drillship "MAERSK VIKING"(Call Sign:S6LY3) ဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် မေလ ၁၈ ရက်နေ့အထိလည်းကောင်း လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ၊ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် အသိပေးကြေညာထားကြောင်း သိရသည်။

မြန်မာ့အလင်း

# သံတောင်မြို့၌ ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့

**သံတောင်ကြီး မတ် ၂၀**
ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်မြို့ရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်များကို ယမန်နေ့က အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်ဦးနှင့် ဝန်ထမ်းများက ဘိုးဘွားများအား တစ်လလျှင် ငွေကျပ် တစ်သောင်းဖြင့် သုံးလစာအတွက်တစ်ဦးလျှင် ငွေကျပ် သုံးသောင်းကို ထောက်ပံ့ပေးခဲ့သည်။

သံတောင်မြို့တွင် လူမှုရေးပင်စင် အကျိုးရရှိခံစား နေသည့် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၂၅ ဦး ရှိကြောင်းနှင့် အဆိုပါ ဘိုးဘွား ၂၅ ဦးအတွက် ငွေကျပ် ၇၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၁၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၆၁၀ | ကျပ် | ၅၈၀/၆၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၆၂၀ | ကျပ် | ၅၉၅/၆၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၄၀/၅၄၀ | ကျပ် | ၅၄၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၇၀/၆၆၀ | ကျပ် | ၆၇၅/၆၈၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၈ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၉ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၃ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၉ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၄၆ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၀၄၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၉၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၉၄၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၆၆၃ | ၁၈၅၈၀၅၀၀ |
| MTSH | ၃၈၀၀ | ၃၉၀၀ | ၂၃၁၄ | ၈၈၆၇၈၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၈၀ | ၁၄၇၆၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၆ | ၄၉၇၂၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၇ | ၁၅၉၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လူစည်ကားမည့် ပွဲအခမ်းအနားများ ခေတ္တပိတ်လိုက်ခြင်းကို ထောက်ခံကြောင်း Lဆိုင်းဇီ ပြောကြား

တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည့်ရောဂါ COVID-19 မှာ တစ်ကမ္ဘာလုံးအတိုင်းအတာ ကူးစက်မှု ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံတွင် ယနေ့အထိ ရောဂါကူးစက်သူ မတွေ့ရှိရသေးသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရောဂါမကူးစက်စေရန် ရည်ရွယ်ပြီး လူစည်ကားမည့် ပွဲလမ်းသဘင်အခမ်းအနားများကို ပြုလုပ်ကျင်းပခွင့်မပြုတော့ကြောင်း မကြာမီက တရားဝင်ကြေညာလိုက်သည့်အပေါ် ထောက်ခံကြိုဆိုပြီး ကျေးဇူးတင်ကြောင်း အဆိုတော် Lဆိုင်းဇီက ပြောကြားသည်။

"ညီမကတော့ အခုလို ပွဲတော်တွေ၊ သင်္ကြန်တွေ ပိတ်လိုက်တာ သဘောကျတယ်၊ ဒီလိုပိတ်လိုက်လို့ စီးပွားရေးနဲ့ပဲကြည့်မလား၊ ဘာနဲ့ပဲကြည့်ကြည့်၊ စီးပွားရေးသမားပဲဖြစ်ဖြစ်၊ အဆိုတော်ပဲဖြစ်ဖြစ်၊ အနုပညာရှင်တွေပဲဖြစ်ဖြစ် ရှိရှိသမျှ လူတွေအကုန်လုံးကိုတော့ ထိခိုက်တာတော့ အမှန်ပဲပေါ့။ ဒီသင်္ကြန်မှာလည်း အများကြီးပေါ့။ သင်္ကြန်တွင်းမှာ စီးပွားရေးလုပ်မယ်လို့ ပြင်ထားတဲ့သူတွေလည်း အများကြီးရှိတယ်လေ။ အဲဒီလူတွေ အားလုံးအတွက်ကတော့ စိတ်မကောင်းစရာပဲပေါ့၊ ဒါပေမယ့် ရောဂါကို မဖြစ်ခင်မှာ ကြိုတင်ကာကွယ်တာ အကောင်းဆုံးလို့ ညီမမြင်တယ်။ ဒီလိုမျိုး လူစုလူဝေးဖြစ်တဲ့အခါကျတော့ ကိုယ်ကပိတ်လိုက်ရလည်း တစ်လ၊ နှစ်လ ထိခိုက်တာတော့ ရှိတာပေါ့။ ဒါပေမယ့်လည်း ကိုယ့်အတွက် ရောဂါကိုကြိုတင်ကာကွယ်နိုင်တာတော့ အကောင်းဆုံးဖြစ်မယ်။ မြန်မာနိုင်ငံက သူများနိုင်ငံတွေထက်ကို မဖွံ့ဖြိုးသေးတဲ့ အရာတွေလည်း အများကြီး ရှိနေသေးတော့ ညီမကတော့ အဲဒီလို ပိတ်လိုက်တာကို သဘောကျပါတယ်။ နိုင်ငံတော်အစိုးရ လူကြီးတွေကိုလည်း ကျေးဇူးတင်တယ်။ သင်္ကြန်မလုပ်ဖြစ်တာကိုတော့ အမှန်တိုင်းပြောရရင် ကိုယ်က ကျေးဇူးတင်သလို တစ်ဖက်က ပြန်စဉ်းစားမယ်ဆိုရင် စီးပွားရေးလုပ်မယ့်သူတွေအတွက်တော့ စိတ်တော့မကောင်းဘူးပေါ့"ဟု L ဆိုင်းဇီက ပြောသည်။

ယခုလို လူစုလူဝေးဖြစ်မည့်ပွဲများ ပိတ်လိုက်ခြင်းကြောင့် Lဆိုင်းဇီ ကိုယ်တိုင်လည်း အလုပ်များကို ရွှေ့ဆိုင်းလိုက်ရသည်များရှိကြောင်း၊ ဧပြီလထဲတွင် ပရဟိတပွဲများ ဖျော်ဖြေရန်ရှိသော်လည်း ယခု ယင်းပွဲများကို ရွှေ့ဆိုင်းထားရန် စီစဉ်ပြီးဖြစ်ကြောင်း သိရသည်။

"ဆိုင်းဇီဆိုရင် အခု ဧပြီ ၄ ရက်မှာ မော်လမြိုင်မြို့မှာရှိတဲ့ အနာကြီးရောဂါ ခံစားနေရတဲ့ ဝေဒနာရှင်တွေကို အဲဒီဆေးရုံမှာ သွားလှူဖို့ရှိတယ်။ ညီမနဲ့ ညီမသူငယ်ချင်းတွေရော၊ အနုပညာရှင်တွေရော အဝတ်အစားတွေ ရောင်းမယ်။ ညီမဆိုရင် ဖန်စီတွေပါမယ်။ အဝတ်အစားတွေပါမယ်။ ဖိနပ်တွေပါမယ်။ ရောင်းလို့ရတဲ့ပိုက်ဆံ အကုန်လုံး မယူဘဲနဲ့ အနာကြီးရောဂါ ခံစားနေရတဲ့သူတွေကို ပြန်လှူမယ်။ အရင်တုန်းကတော့ မိဘမဲ့ကလေးတွေကို အဝတ်အစားတွေ သွားလှူတာရှိတယ်။ ဒီလိုမျိုး ပွဲမှာဝတ်တဲ့ အဝတ်အစားတွေဆိုရင် အဲဒီမှာ သွားလှူလို့ အဆင်မပြေဘူး။ အဲဒီတော့ တချို့ပရိသတ်တွေကတော့ ဒီဟာမျိုးကို ဝယ်သိမ်းချင်တဲ့သူ၊ အမှတ်တရ သိမ်းချင်တဲ့သူ ရှိတယ်။ အဲဒီလို ညီမလေးတွေအတွက် ရည်ရွယ်ပြီး ရောင်းမယ်ပေါ့။ ရလာတဲ့ ပိုက်ဆံကို သွားလှူဖို့ ဧပြီ ၄ ရက်နေ့ကို လုပ်ထားတာ။ ဒါပေမယ့် အခု ဒီလိုမျိုးဖြစ်တဲ့အခါကျတော့ နောက်ကို ရွှေ့သွားတာ ၅ လပိုင်းမှပဲ အကုန်လုံး ခွင့်ပြုမယ်ဆိုတော့ အဲဒီအခါကျမှပဲ လုပ်ပါတော့မယ်"ဟု ပြောသည်။

Lဆိုင်းဇီအနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်ကာ တတ်စွမ်းသမျှ ပရဟိတအလုပ်များ လုပ်ဖြစ်နေပြီး နတ်မောက်၊ မိုးမိတ်၊ မြစ်ကြီးနား၊ မော်ဘီ၊ လှည်းကူးမြို့များတွင်ရှိသည့် လူငယ်ပြုပြင်ရေး သင်တန်းကျောင်းများသို့ အလှူငွေနှင့် အဝတ်အစား အသုံးအဆောင်များ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုလင်း



# ရွှေထူးက သီချင်းသစ်များဖန်တီးမှုအပြင် ရုပ်ရှင်ဇာတ်ကားများပါ ရိုက်ကူးမည်



လူငယ်အဆိုတော် ရွှေထူးအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း သီချင်းသစ်များ ဖန်တီးနေသည့်အပြင် Myanmar Media 7 နှင့် လက်တွဲ၍ ရုပ်ရှင်ဇာတ်ကားများလည်း ထပ်မံရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၀ ပြည့်နှစ်အတွင်းမှာ Myanmar Media 7 နဲ့ ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ကူးဖို့ရှိပါတယ်။ အခြားထုတ်လုပ်ရေးတွေက ကမ်းလှမ်းထားတာတွေလည်း ရှိတယ်။ သရုပ်ဆောင်ပိုင်းမှာ ကျွန်တော့်ကို အိုက်တင်ပိုင်းဆိုင်ရာတွေ သင်ပြပေးတဲ့ ဆရာတွေအကုန်လုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ကျွန်တော့် အမျိုးသမီး ရွှေမှုံရတီကို ကျေးဇူးတင်တယ်။ ဇာတ်လမ်းရွေးချယ်တဲ့နေရာမှာ ကျွန်တော်ကိုယ်တိုင် ရွေးချယ်ပေမယ့် အချို့ နားမလည်သေးတဲ့ ကဏ္ဍလေးတွေကိုတော့ အမျိုးသမီးဆီက အမြဲ အကြံဉာဏ်တောင်းဖြစ်ပါတယ်"ဟု ရွှေထူးက ပြောသည်။

လတ်တလောတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သင်္ကြန်ဖျော်ဖြေပွဲများ ရပ်နားထားရခြင်းနှင့်ပတ်သက်၍လည်း ရွှေထူးက "သင်္ကြန်အတွက် ပွဲတွေချိတ်ထားတာတော့ ရှိတယ်။ ဒါပေမယ့် လတ်တလော အခြေအနေတွေကြောင့် ပွဲတွေ ရပ်နားရမယ်လို့ သိရတယ်။ နိုင်ငံတော်က ချမှတ်တဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း အားလုံးလိုက်နာရမှာပါ။ ကျွန်တော့်အနေနဲ့လည်း ဒီအခြေအနေမှာ ရပ်နားသင့်တယ်လို့ ထင်ပါတယ်။ ကိုယ်ကိုယ်တိုင်လည်း ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ဂရုစိုက်မယ်။ ကိုယ့်မိသားစုနဲ့ ပတ်ဝန်းကျင်ကိုလည်း ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်တဲ့ ကျန်းမာရေးအသိတွေကို တတ်နိုင်သလောက် ဝေမျှသွားမယ်။ ဒီနှစ် သင်္ကြန်မှာ ကျွန်တော် အလုပ်မလုပ်ဖြစ်ခဲ့ရင် ဘုန်းကြီးဝတ်ဖို့ ဆန္ဒရှိပါတယ်"ဟုလည်း ရွှေထူးက ဆက်လက်ပြောကြားသည်။

ကိုလင်း

# လှမျိုးသဉ္ဇာနွယ်၏ VIP စီးရီး မီဒီယာမိတ်ဆက်

သရုပ်ဆောင်တစ်ဦးဖြစ်ပြီး တေးသီချင်းသီဆိုမှုများကိုလည်း ဝါသနာပါသူ လှမျိုးသဉ္ဇာနွယ်၏ VIP ဟု အမည်ပေးထားသော ပထမဆုံး တစ်ကိုယ်တော် တေးစီးရီးကို မတ် ၂၃ ရက်မှစ၍ ဘိုဘိုတေးထုတ်လုပ်ရေးမှ စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"အစ်မက အဆိုပိုင်းကို အရင်ကတည်းက ဝါသနာပါတယ်လေ၊ သရုပ်ဆောင်အလုပ်ကို လုပ်ကတည်းက အမြဲလိုလို သီချင်းလည်း ဆိုခဲ့တယ်ပေါ့နော်၊ ကိုယ်က သရုပ်ဆောင်အဖြစ်နဲ့ပဲ ရပ်တည်လာတာဆိုတော့ သီချင်းဆိုတဲ့အခါ အားနည်းချက်လေးတွေတော့ ရှိကောင်း ရှိနိုင်ပါတယ်၊ VIP သီချင်းလေးရဲ့ အဓိပ္ပာယ်က အစ်မရဲ့ အကြောင်းလေးတွေကို ရည်ရွယ်ထားတာ လေးပါ၊ အမျိုးသားနဲ့ အစ်မရဲ့ အကြောင်းလေး ပါပါတယ်"ဟု လှမျိုးသဉ္ဇာနွယ်က ပြောသည်။

အဆိုပါစီးရီးတွင် တေးသီချင်း ငါးပုဒ်သာ ပါဝင်ပြီး သီချင်းများကို တေးရေးကိုလေးလွင်၊ ဟသ်ာတမြင့်ငွေနှင့် နိုင်မြန်မာတို့က ရေးသားပေး၍ ဂီတမှူး ကိုနိုင်ဇော်က တီးခတ်ပေးထားကြောင်း သိရသည်။

ကိုလင်း



# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် သက်ကြီးလူရွှင်တော်များအား ပလေယာရုပ်ရှင်ဇာတ်ကားအဖွဲ့က အလှူငွေပေးအပ်

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ရိုက်ကူးခဲ့ပြီး ပရိသတ်အားပေးမှု အများအပြား ရရှိခဲ့သည့် ပလေယာ ရုပ်ရှင်ဇာတ်ကား အောင်မြင်မှုအထိမ်းအမှတ် Dinner Party နှင့်အတူ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် သက်ကြီးလူရွှင်တော်များအား ပလေယာရုပ်ရှင်ဇာတ်ကားအဖွဲ့မှ အလှူငွေ ပေးအပ်ပွဲကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ Golden Inya စားသောက်ဆိုင်၌ မတ် ၁၉ ရက်က ကျင်းပခဲ့သည် ။

"ပလေယာ ရုပ်ရှင်ဇာတ်ကားကြီးက ပရိသတ်တွေအားပေးမှု အများအပြား ရရှိခဲ့ပါတယ်။ ဒီလို အောင်မြင်ခဲ့တဲ့ အထိမ်းအမှတ်အနေနဲ့ ဇာတ်ကားမှာပါဝင်တဲ့ အနုပညာရှင်တွေအတွက် Dinner Party လေး ကျင်းပပေးတာပါ။ ဒီပွဲလေးမှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုလည်း အလှူငွေ ပေးအပ်မှာဖြစ်ပါတယ်။ သက်ကြီးလူရွှင်တော်ကြီးတွေကိုလည်း ဖိတ်ကြားထားပြီး အလှူငွေပေးအပ်မှာဖြစ်ပါတယ်။ အခုလို လှူဒါန်းနိုင်တာကလည်း ပရိသတ်တွေရဲ့ ကျေးဇူးကြောင့်ပါပဲ"ဟု ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဘိုစန်းက ပြောသည်။



အခမ်းအနားတွင် ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးနှင့် ပလေယာ ရုပ်ရှင်အဖွဲ့သားများအနေဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ အလှူငွေ ကျပ် ၁၀ သိန်းနှင့် သက်ကြီးလူရွှင်တော်များအား တစ်ဦးလျှင် ကျပ်တစ်သိန်းစီ လှူဒါန်းခဲ့ပြီး ယင်းဇာတ်ကားတွင် ပါဝင်ခဲ့သော အနုပညာရှင်များကိုလည်း ကံစမ်းမဲအစီအစဉ်ပြုလုပ်၍ လက်ဆောင်များ ပေးအပ်ခဲ့သည်။

ပလေယာဇာတ်ကားကို ဒါရိုက်တာပြည်ဟိန်းသီဟ ရိုက်ကူးပြီး မြင့်မြတ်၊ ထွန်းထွန်း၊ ခင်လှိုင်၊ ဂျူကာ၊ တိုင်ရွှန်၊ အေးချမ်းမောင်၊ ကေညီ၊ စိုးမြတ်သူဇာ၊ အိချောပို၊ ဆောင်းဝတ်ရည်မေနှင့် မေမီကိုတို့ အဓိက ပါဝင်သရုပ်ဆောင်ထားကာ ရုပ်ရှင်ရုံများပေါ်၌ ခြောက်ပတ်ကြာအထိ အောင်ပွဲခံပြသခဲ့ရသလို အချို့ရုံများတွင် Midnight Show အနေဖြင့်ပါ ပြသခဲ့ရကြောင်း သိရသည်။

ကိုလင်း

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုကြောင့် လူစုဝေးခြင်းမပြုကြရန် ရုပ်ရှင်မင်းသားကြီး အမီတာဘာချမ်း တိုက်တွန်း

ဘောလိဝုဒ်စူပါစတားမင်းသားကြီး အမီတာဘာချမ်းက လတ်တလောတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေမှုများကြောင့် ကိုဗစ်-၁၉နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ၎င်း၏ ဆိုရှယ်မီဒီယာမှတစ်ဆင့် မျှဝေပေးခဲ့သည်။ ပြည်သူများ သိသင့်သိထိုက်သည့် သတင်းစကားများကို မျှဝေပေးခဲ့ပြီး လူရှုပ်ထွေးသည့် နေရာများတွင် စုဝေးခြင်းများမပြုလုပ်ကြရန် တိုက်တွန်းခဲ့သည်။

ယခုလိုအရေးပေါ် ကူးစက်ရောဂါကိုထိန်းချုပ်ရန် သီးခြားခွဲထားသည့်အချိန်အတွင်း အမီတာဘာချမ်း၏ နေအိမ်အနီး၌ပင် စုဝေးခြင်းများမပြုလုပ်ကြရန် ပရိသတ်များကို တိုက်တွန်းခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အမီတာဘာချမ်းသည် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သတင်းများကို တက်တက်ကြွကြွ အသိပေးမျှဝေခဲ့ပြီး တတ်နိုင်သမျှ လုံခြုံစိတ်ချစွာနေထိုင်ကြရန် အကြံပြုခဲ့သည်။ အစောပိုင်းကာလကလည်း နေအိမ်၌ပင် သီးခြားခွဲနေရန် စာတမ်းကို လက်ပေါ်တွင် တံဆိပ်ရိုက်နှိပ်ထားသည့်ပုံကို အမီတာဘာချမ်းက လူမှုကွန်ရက်ပေါ်သို့ တင်ခဲ့သည်။

ထို့နောက် ယင်းလက်ပိုင်ရှင်မှာ အမီတာဘာချမ်းဖြစ်သည်ဟု ပရိသတ်များက ယူဆနေကြသည်။ သို့သော်လည်း အမီတာဘာချမ်းက ၎င်းအနေဖြင့် သတင်းစကားမျှဝေရန်သာဖြစ်ပြီး အဆိုပါလက်ပိုင်ရှင်မှာ ၎င်းမဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။ **ဘောလိဝုဒ်လိုက်**



ဘောလိဝုဒ်ရုပ်ရှင်မင်းသားကြီး အမီတာဘာချမ်း

### ကင်တပ်ကီပြည်နယ်ရှိ ဂျော်နီဒပ်ပိုင်ဆိုင်သော ၄၁ ဧကကျယ်ဝန်းသည့် ခြံကြီးကို ဈေးလျှော့ကာ ရောင်းချ

ကင်တပ်ကီပြည်နယ်ရှိ ဟောလိဝုဒ်မင်းသား ဂျော်နီဒပ်ပိုင်ဆိုင်သော ၄၁ ဧကကျယ်ဝန်းသည့် အိမ်ခြံမြေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်း တန်ကြေးရှိသော်လည်း ယခုအခါ ၁ ဒသမ ၃ သန်းဖြင့် ဈေးလျှော့ကာ ရောင်းချနေကြောင်း သိရသည်။ အဆိုပါခြံကြီးကို ရုပ်ရှင်မင်းသားဂျော်နီဒပ်က မိခင်ဖြစ်သူ ဆူးပယ်မာအတွက် ၂၀၀၅ ခုနှစ်က ဝယ်ယူပေးခဲ့ခြင်းဖြစ်ပြီး ၎င်း၏မိခင်မှာ ၂၀၁၆ ခုနှစ်တွင် သေဆုံးသွားခဲ့ပြီဖြစ်သည်။ ယင်းခြံကြီးကို ၂၀၁၇ ခုနှစ်ကတည်းက လေလံတင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း ဈေးပေးခြင်းကို ဂျော်နီဒပ်၏ စီးပွားရေး မန်နေဂျာက လက်မခံဘဲငြင်းဆိုခဲ့သည်။ ဂျော်နီဒပ်သည် မိခင်ဖြစ်သူကို ချစ်လွန်းပြီး ၎င်း၏ ခန္ဓာကိုယ်ပေါ်တွင် မိခင်၏နာမည်ကို တက်တူးထိုးထားသည်။

ဂျော်နီဒပ်၏ မိခင်သေဆုံးပြီးသုံးရက်အကြာတွင် ဂျော်နီဒပ်နှင့် ၁၅လတာ ပေါင်းသင်းခဲ့သူ ရုပ်ရှင်မင်းသမီးအမ်ဘာဟာ့ဒ်က တရားရုံးတွင် ကွာရှင်းခွင့်တင်ခဲ့သည်။ ယင်းခြံကြီးမှာ ရောင်းထွက်ရန် အချိန်ကာလကြာရှည်စွာ ယူရသော်လည်း ခြံဝင်းအတွင်း စတုရန်းပေပေါင်း ၆၀၀၀ ကျယ်ဝန်းသည့် နေအိမ်ပါရှိပြီး အိပ်ခန်း ခုနစ်ခန်း၊ ကားလေးစီးဆံ့ ကားဂိုဒေါင်တစ်ခု၊ ရေကူးကန်တစ်ခု ပါဝင်သည်။ လက်ရှိအချိန်တွင် ဂျော်နီဒပ်မှာ အမ်ဘာဟာ့ဒ်ကို အကြမ်းဖက်မှုအတွက် တရားရင်ဆိုင်နေရပြီး ဂျော်နီဒပ်၏ ဇနီးဟောင်းတစ်ဦးဖြစ်သူ ဗန်နက်ဆာ ပါရာဒစ်ကလည်း ဂျော်နီဒပ်ဘက်မှ ရပ်တည်ခဲ့သည်။

ဗန်နက်ဆာနှင့်ဂျော်နီဒပ်တို့မှာ ၁၄နှစ်ကြာပေါင်းသင်းခဲ့ပြီး ကလေးနှစ်ဦးရရှိခဲ့သည်။ ဗန်နက်ဆာကမူ ဂျော်နီဒပ်မှာ ၎င်းနှင့်ပေါင်းသင်းနေစဉ်အတွင်း အကြမ်းဖက်မှုမရှိဘဲ ရက်ရောကာ ကြင်နာတတ်သူဖြစ်ကြောင်း၊ ကလေးနှစ်ဦး၏ ဖခင်ကောင်းပီသခဲ့ကြောင်း ပြောဆိုခဲ့သည်။ **ဒေးလီးမေးလ်**



ဈေးလျှော့ရောင်းချသည့် ဂျော်နီဒပ်၏ ခြံဝင်းကို တွေ့ရစဉ်။

(ခြိုး)

# ဘာသာစာပေပေါင်းကူး(၇)



**မောင်ခင်မင် (ဓနုဖြူ)**

"ရေးတဲ့အကြောင်းအရာနဲ့ ရေးသူရဲ့ စိတ်အစဉ်ကိုလိုက်ပြီး ဝါကျအတိုအရှည် ပမာဏကွဲပြားတတ်ပုံကို ဘဘတို့ ပြောပြီးကြပြီနော်။ ခုတစ်ခါ ရေးသူရဲ့ အလေးပေးလိုတဲ့ သဘောထားအရ ဝါကျတစ်ခုရဲ့ အစိတ်အပိုင်းတွေ အနေအထား ကွဲပြားတတ်ပုံကို ပြောရအုံးမယ်"

"ဟုတ်ကဲ့၊ ပြောပြပါ ဘဘ"

"လက်တွေ့သာဓက တစ်ခုပြောရအောင်။ သမီးသင်တန်းတစ်ခု တက်နေတာ မနေ့က ကောင်းကောင်း နေမကောင်းပေမဲ့ သင်တန်းမဖျက်ချင်လို့ သွားတက်လိုက်တယ်လို့ သမီးပြောတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဒီတော့ ဘဘက အဲဒီအကြောင်း ပြောမယ်ဆိုပါတော့။ 'ခိုင်ခိုင်ဟာ နေမကောင်းပေမဲ့ သင်တန်းတက်တယ်' လို့ ပြောမှာပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဒီလိုမပြောဘဲ 'ခိုင်ခိုင်ဟာ သင်တန်းတက်ပေမဲ့ နေမကောင်းဘူး' လို့ ပြောရင်လဲဖြစ်တာပဲ မဟုတ်လား"

"ဟုတ်တယ်နော် ဘဘ။ အဲဒီလိုပြောလဲဖြစ်တာပေါ့"

"အဲဒီပြောပုံနှစ်မျိုးက ဘယ်လိုကွာတယ်ထင်သလဲ သမီး"

"ဟုတ်ကဲ့၊ အဓိပ္ပာယ်ကတော့ မကွဲပါဘူး၊ အတူတူပဲထင်ပါတယ်။ အဲ... ဒါပေမဲ့ နည်းနည်းတော့ ကွာသလိုပဲ ဘဘ"

"အဲဒါကို စဉ်းစားကြည့်ခိုင်းတာလေ သမီးရဲ့"

"သမီးထင်တာ ပြောကြည့်ပါမယ်။ 'နေမကောင်းပေမဲ့ သင်တန်းတက်တယ်' လို့ ပြောရင် သင်တန်းတက်ကြောင်း အဓိကပြောတာလို့ ထင်ပါတယ် ဘဘ"

"အဲ... သင်တန်းတက်ပေမဲ့ နေမကောင်းဘူးလို့ ပြောရင်ရော"

"ဒါကျတော့ နေမကောင်းကြောင်း အဓိကပြောတာလို့ ထင်ပါတယ် ဘဘ"

"သမီးထင်တာ မမှားပါဘူး။ သမီးက စဉ်းစားတတ်တဲ့သူပဲဟာ။ နောက်တစ်ဆင့် စဉ်းစားကြည့်ရအောင်။ ပြောတဲ့ စကားကို နားထောင်ကြည့်ရုံနဲ့ ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲသမီး"

"ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲဆိုတာတော့ သမီးရေရေရာရာ ရှင်းမပြတတ်ပါဘူး ဘဘ"

"ဟုတ်ပါပြီ။ အဲဒီတော့ တို့မြန်မာစကားရဲ့ သဘာဝကို ကြည့်ရအောင်။ မြန်မာဝါကျတွေမှာ ဘယ်အစိတ်အပိုင်းက ပဓာနလဲ သမီး"

"ကြိယာက ပဓာနကျတယ်လို့ မှတ်သားထားပါတယ် ဘဘ။ ဝါကျတစ်ခုကို ကြိယာနဲ့ အဆုံးသတ်ဖော်ပြလိုက်တော့မှ ဆိုလိုတဲ့အဓိပ္ပာယ် ပြည့်စုံသွားတာမို့ ကြိယာဟာ ပဓာနကျတယ်လို့ သင်ဖူးပါတယ်"

"ဟုတ်ပါတယ်။ မြန်မာဝါကျဟာ ကြိယာနဲ့ အဆုံးသတ်တယ်။ ပညာရှင်တွေက မြန်မာစကားကို ကြိယာနဲ့ အဆုံးသတ်တဲ့ ဘာသာစကား (verb final language) လို့ခေါ်တာ သမီးသိမှာပါ။ ဒီ◌ြပြင် ပုဒ်တွေကို လိုအပ်သလို နေရာအမျိုးမျိုးပြောင်းနိုင်ပေမဲ့ ကြိယာကိုတော့ ဝါကျအဆုံးမှာပဲ ထားလေ့ရှိတယ်။ ဒီတော့ အဲဒီလိုပဓာနကျတဲ့ ကြိယာနဲ့ ဖော်ပြတဲ့အကြောင်းအရာဟာလဲ ပဓာနကျတဲ့ အကြောင်းအရာဖြစ်မှာပေါ့ကွယ်"

"ဟုတ်ကဲ့ ဘဘ"

"ကဲ... ဒီတော့ 'ခိုင်ခိုင်ဟာ နေမကောင်းပေမဲ့' လို့ ပြောပြီးရပ်ထားလို့ မရသေးဘူးလေ။ ဝါကျမဆုံးသေးတဲ့အတွက် ပဓာနအချက်လဲ မဟုတ်သေးဘူး။ 'သင်တန်းတက်တယ်' လို့ ဝါကျကို အဆုံးသတ်လိုက်တော့မှ ဆိုလိုတဲ့အချက်ကို ရောက်ပြီး သင်တန်းတက်တယ်ဆိုတာ အဓိက ပြောချင်တဲ့အကြောင်းဖြစ်တယ်ဆိုတာ သိသာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ 'ခိုင်ခိုင်ဟာ သင်တန်းတက်ပေမဲ့' ဆိုပြီးရပ်ထားရင်လဲ အဓိကအချက်ကို မရောက်သေးဘူး။ 'နေမကောင်းဘူး' လို့ အဆုံးသတ်လိုက်တော့မှ အဓိကအချက် ထင်ရှားသွားတယ်လေ"

"နားလည်ပါပြီ ဘဘ"

"ဒီတော့ ဘာသာစာပေပေါင်းကူးအမြင်နဲ့ ကြည့်ရင် ဘာသာစကားအနေနဲ့ ဝါကျဖွဲ့ရာမှာ အဓိကကျတဲ့အချက်ကို ကြိယာနဲ့ ဖော်ပြလေ့ရှိတယ်ဆိုတဲ့ အချက်နဲ့ ခိုင်ခိုင်သင်တန်းတက်တာက အဓိကကျတာလား၊ နေမကောင်းတာက အဓိကကျတာလားဆိုတဲ့ အကြောင်းအရာ ဖော်ပြချက်ဟာ လိုက်ဖက်မှုရှိတယ်လို့ ဆိုရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အချက်အလက်နှစ်ခုကို ခုလိုယှဉ်ပြီး ပြောတဲ့အခါ ဘယ်အချက်အလက်ကို အလေးပေးချင်တာလဲဆိုတာကို မူတည်ပြီး ပြောပုံချင်းကွဲပြားသွားတာပေါ့ကွယ်။ အချက်အလက်တွေကို ခုလိုဝါကျထဲက ကြိယာတွေအဖြစ် မပြောဘဲ နာမ်တွေအဖြစ် ပြောတာမျိုးလဲ ရှိနိုင်တာပေါ့"

"ပြောပြပါ ဘဘ"

"ပြောတဲ့အချက်အလက်ဟာ သိပြီးသားအချက်အလက်လား။ ဒါမှမဟုတ် အချက်အလက်သစ်လားဆိုပြီးတော့လဲ ခွဲလေ့ရှိကြတယ်ကွဲ့"

"သြော်... ဟုတ်ကဲ့၊ သမီးမကြားဖူးသေးပါဘူး ဘဘ"

"အဲဒီအချက်အလက်နှစ်မျိုးကို ယှဉ်ပြီးပြောရင် သိပြီးသားအချက်အလက်ကတော့ အားလုံးသိနေတာမို့လို့ သိပ်မထူးခြားဘူးဆိုပါတော့။ အချက်အလက်သစ်ကတော့ ခုမှပြောတာဖြစ်တဲ့အတွက် ထူးခြားတယ်လို့ ဆိုနိုင်တာပေါ့ကွယ်"

"သာဓကကလေး..."

"အေးပါ၊ အေးပါ။ သာဓကနဲ့ ပြောမှရှင်းမှာပေါ့။ ဆိုပါတော့ ဘဘတို့ရပ်ကွက်ထဲက သိန်းတစ်သောင်းထီပေါက်တဲ့ သူတစ်ယောက်အကြောင်း ပြောမယ်ဆိုပါတော့။ အဲဒီလူရဲ့ နာမည်က ဦးဖိုးခွေး ဆိုပါတော့ကွယ်"

"ဟုတ်ကဲ့"

"ဒီအကြောင်းပြောတဲ့သူက 'ဦးဖိုးခွေးကတော့' လို့ စလိုက်ရင် ဦးဖိုးခွေးကို အားလုံးသိတာမို့ သိပြီးသားအချက်ပေါ့။ ဘာမှမထူးခြားသေးဘူး။ ဒါပေမဲ့ 'ဦးဖိုးခွေးကတော့ ဒီလ သိန်းတစ်သောင်းထီဆုကြီး ဆွတ်ခူးတဲ့ ပုဂ္ဂိုလ်ပါပဲ' လို့ ဆက်လိုက်ရင် အဲဒီအချက်က အများမသိသေးတဲ့ အချက်သစ်ဖြစ်သွားတာပေါ့။ အချက်သစ်ဖြစ်တဲ့အတွက် အများ စိတ်ဝင်စားတာပေါ့ကွယ်။ ပြောရာမှာလဲ ဒီအချက် ကို အလေးပေးရာကျတာပေါ့"

"ဟုတ်တယ်နော် ဘဘ၊ တော်တော်သိမ်မွေ့တာပဲ"

"ကဲ... သိန်းတစ်သောင်းဆုကြီး ထွက်သွားပြီလို့တော့ ကြားတယ်။ ဆုရှင်က ဘယ်သူဘယ်ဝါမှန်း မသိသေးဘူးဆိုပါတော့။ 'ဒီလ သိန်းတစ်သောင်းဆုကြီးကို ဆွတ်ခူးသွားသူကတော့' လို့ ပြောလိုက်ရင် သိန်းတစ်သောင်းဆု ထွက်သွားတာ သိပြီးသားမို့ မထူးခြားသေးပေမဲ့ 'ကျွန်တော်တို့ ရပ်ကွက်ထဲက ဦးဖိုးခွေးပါပဲခင်ဗျာ' လို့ ဆက်လိုက်တဲ့အခါကျတော့ ဦးဖိုးခွေးဟာ အများမသိသေးတဲ့ အချက်အလက်သစ်ဖြစ်နေတာပေါ့ကွယ်။ ခုမှသိရတဲ့အချက်မို့ စိတ်ဝင်စားစရာကောင်းတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဓိကကျတဲ့အချက်ကို ဝါကျရဲ့ နောက်ပိုင်းမှာ ထားတာဟာ နားထောင်သူ၊ စာဖတ်သူရဲ့ အာရုံကို တဖြည်းဖြည်းဆွဲဆောင်ရာ ရောက်လို့ အာနိသင်ရှိတယ်လို့ ပညာရှင်တွေ ပြောကြတယ်။ မြင်သာအောင် ဝါကျကလေးတစ်ခုနဲ့ သာဓကပြတာပါ။ ဒါထက်ရှည်တဲ့ စာပေအဖွဲ့တွေမှာလဲ ဒီသဘောရှိပါတယ်"

"ဟုတ်ကဲ့ပါ"

"ဆိုပါစို့။ အောင်အောင်ရဲ့ အဖေနဲ့အမေ ရုတ်တရက်ကွယ်လွန်သွားတဲ့အတွက် အောင်အောင်ကျောင်းဆက်မတက်နိုင်တော့ဘူးလို့ပြောရင် အဖြစ်အပျက်တစ်ခုပဲပေါ့။ ဒီအဖြစ်အပျက်ကို အဲဒီလို မပြောဘဲ 'အောင်အောင် ကျောင်းထွက်လိုက်ရတဲ့ အကြောင်းကတော့' ဆိုပြီး နားထောင်နေတဲ့သူရဲ့ အာရုံကိုဆွဲဆောင်လိုက်ပြီးမှ 'သူ့အဖေနှင့်အမေ ရုတ်တရက် ကွယ်လွန်သွားကြလို့ပါပဲ' လို့ အဆုံးသတ်လိုက်ရင် အဲဒီအချက်က ပိုပြီး လေးနက်သွားတာပေါ့ကွယ်။ စိတ်ဝင်စားဖို့လဲ ကောင်းသွားတာပေါ့"

"ဟုတ်ကဲ့ပါ"

" 'ဆရာစံသည် ဗြိတိသျှနယ်ချဲ့ကို ရှုပ်ရှုပ်ချွံချွံ တော်လှန်ခဲ့သော လယ်သမားခေါင်းဆောင်ကြီးဖြစ်သည်' လို့ ရေးတာနဲ့ 'ဗြိတိသျှနယ်ချဲ့ကို ရှုပ်ရှုပ်ချွံချွံ တော်လှန်ခဲ့သော လယ်သမားခေါင်းဆောင်ကြီးကား ဆရာစံပင်တည်း'လို့ ရေးတာနဲ့ ဘယ်ရေးပုံက ပိုပြီးဆွဲဆောင်မှုရှိသလဲဆိုတာ သမီး စဉ်းစားကြည့်ပေါ့ကွယ်"

"ဟုတ်ကဲ့၊ သမီးစဉ်းစားကြည့်ပါမယ် ဘဘ"

"အကြောင်းအရာက အတူတူလို့ ထင်ရပေမဲ့ ရေးပုံကိုလိုက်ပြီး အလေးပေးပုံ ကွဲတာမျိုးတွေ သတိထားကြည့်ရင် တွေ့နိုင်ပါတယ်"

" 'ဘတ်စကားက ကိုယ်ပိုင်ကားကို ဝင်တိုက်မိတယ်' ဆိုတာရယ်၊ 'ကိုယ်ပိုင်ကားက ဘတ်စကားကို ဝင်တိုက်မိတယ်' ဆိုတာရယ်၊ 'ကိုယ်ပိုင်ကားနဲ့ ဘတ်စကားတိုက်မိတယ်' ဆိုတာရယ် ဘယ်လိုကွာသလဲလို့ စဉ်းစားကြည့်စမ်းပါ၊ သမီး ဘယ်လိုထင်သလဲ"

"ဘဘ၊ ဘတ်စကားက ကိုယ်ပိုင်ကားကို ဝင်တိုက်မိတယ်ဆိုတာက ရှေ့ကသွားနေတဲ့ ကိုယ်ပိုင်ကား၊ ဒါမှမဟုတ် ရပ်ထားတဲ့ကိုယ်ပိုင်ကားကို နောက်ကဘတ်စကားက ဝင်တိုက်တာဖြစ်နိုင်ပါတယ်"

"ဟုတ်ပြီ"

"ကိုယ်ပိုင်ကားက ဘတ်စကားကို ဝင်တိုက်မိတယ်ဆိုရင်တော့ ဘတ်စကားက ရပ်ထားတာ၊ ဒါမှမဟုတ် ရှေ့ကသွားနေတာ၊ ကိုယ်ပိုင်ကားက နောက်ကဝင်တိုက်တာနေမှာပေါ့။ ကိုယ်ပိုင်ကားနဲ့ ဘတ်စကားဝင်တိုက်မိတယ်ဆိုရင်တော့ ခေါင်းချင်းဆိုင်ပြီး တိုက်မိတာဖြစ်ဖို့များမယ် ထင်ပါတယ် ဘဘ"

"ဖြစ်နိုင်ပါတယ်။ ဘာသာစကား အသုံးပြုပုံနဲ့ ရေးတဲ့အကြောင်းအရာရဲ့ အဓိပ္ပာယ်သက်ရောက်ပုံတို့ ဘယ်လိုဆက်သွယ်နေတယ်ဆိုတာ လေ့လာစရာတွေ အများကြီးပါပဲကွယ်။ ကဲ... နားကြစို့"

> "မြန်မာဝါကျဟာ ကြိယာနဲ့ အဆုံးသတ်တယ်။ ပညာရှင်တွေက မြန်မာစကားကို ကြိယာနဲ့ အဆုံးသတ်တဲ့ ဘာသာစကား (verbfinallanguage)လို့ခေါ်တာသမီးသိမှာပါ။ဒီ◌ြပြင်ပုဒ်တွေကို လိုအပ်သလို နေရာအမျိုးမျိုးပြောင်းနိုင်ပေမဲ့ ကြိယာကိုတော့ ဝါကျအဆုံးမှာပဲထားလေ့ရှိတယ်။ ဒီတော့ အဲဒီလို ပဓာနကျတဲ့ ကြိယာနဲ့ဖော်ပြတဲ့ အကြောင်းအရာဟာလဲ ပဓာနကျတဲ့ အကြောင်းအရာ ဖြစ်မှာပေါ့ကွယ်"

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄)
# တစ်သီးပုဂ္ဂလများ



မောင်စာဂ

လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပတော့မည်ဆိုလျှင် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများပါဝင်ယှဉ်ပြိုင်ကြသကဲ့သို့ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း ဝင်ရောက်ယှဉ်ပြိုင်ကြစမြဲဖြစ်သည်။ ဤတွင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဆိုသည်မှာ အဘယ်နည်း။ ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မှု အခြေအနေမည်သို့ရှိသနည်း လေ့လာမိသည်။ အနှစ်ချုပ်၍ မျှဝေပါရစေ။

**ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အခွင့်အရေး**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က) အရ ရွေးကောက်ပွဲများတွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်ရှိသကဲ့သို့ မိမိကိုယ်တိုင်ကလည်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အခွင့်အရေးရှိသည်။ ဤသည်မှာနိုင်ငံတော်၏ အခြေခံမူဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉(က) အရ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အခွင့်အရေးရှိသည်။ ဤသည်မှာ နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်သည်။

ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၅ အရ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူ မဟုတ်ပါက လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

**ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်း**

ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့် ပြည့်စုံသော နိုင်ငံသားများသည် ရွေးကောက်ပွဲများတွင် နည်းလမ်းနှစ်သွယ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။ ပထမနည်းလမ်းမှာ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ယင်းသို့ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို ပါတီကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဟူ၍ ခေါ်သည်။ ဒုတိယနည်းလမ်းမှာ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံသားတစ်ဦးအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ယင်းသို့ယှဉ်ပြိုင်ခြင်းကို တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်ဟု ခေါ်သည်။

**တစ်သီးပုဂ္ဂလအဖြစ်**
**ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းများ**

၂၀၁၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များတွင် ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တစ်ဦးရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တစ်ဦးရွေးကောက်တင်မြှောက်ခံရသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အသီးသီး၌ ၃၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လေးဦး ရွေးကောက်တင်မြှောက်ခံရသည်။

၂၀၁၂ ခုနှစ်တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၇ နေရာ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ခြောက်နေရာ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် နှစ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မည်သည့်လွှတ်တော် မဲဆန္ဒနယ်တွင်မျှ ရွေးကောက်တင်မြှောက်ခံရခြင်းမရှိခဲ့ပါ။

၂၀၁၅ ခုနှစ်တွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၉၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တစ်ဦး ရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ်ဦး ရွေးကောက်တင်မြှောက်ခံရသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီးတွင် ၁၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ်ဦး ရွေးကောက်တင်မြှောက်ခံရသည်။

၂၀၁၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ကိုးနေရာ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် သုံးနေရာ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ခုနစ်နေရာတို့အတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ မည်သည့်လွှတ်တော်မဲဆန္ဒနယ်တွင်မျှ ရွေးကောက်တင်မြှောက်ခံရခြင်းမရှိပါ။

၂၀၁၈ ခုနှစ်တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် လေးနေရာ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် တစ်နေရာ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ရှစ်နေရာတို့အတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တစ်ဦး ရွေးကောက်တင်မြှောက်ခံရသည်။

**အခွင့်အရေးနှင့် တာဝန်များ**

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့်အခါ ရွေးကောက်ပွဲအာမခံငွေ ပေးသွင်းရသည်။ သတ်မှတ်ထားသည့် အမည်စာရင်းတင်သွင်းလွှာတွင် ဖြည့်သွင်း၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရသည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာ စိစစ်မှုခံယူရသည်။ ရွေးကောက်ပွဲ ကိုယ်စားလှယ်တစ်ဦးနှင့် မဲရုံကိုယ်စားလှယ်နှစ်ဦး ခန့်ထားရသည်။ သတ်မှတ်သည့်ကာလ မဲဆွယ်စည်းရုံးရသည်။ သတ်မှတ်ထားသည့် ရွေးကောက်ပွဲအသုံးစရိတ်ငွေကို သုံးစွဲရသည်။ မဲရုံများအတွင်းသို့ ဝင်ရောက်၍ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်းကို ကြည့်ရှုရသည်။ ရွေးကောက်ပွဲပြီးလျှင် ရွေးကောက်ပွဲ ကုန်ကျစရိတ်ငွေစာရင်းကို သတ်မှတ်သည့်အတိုင်း တင်သွင်းရသည်။ ရွေးကောက်ပွဲရလဒ်အပေါ်မကျေနပ်က သတ်မှတ်သည့်အတိုင်း ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။ ဤသည်တို့မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးနှင့်တာဝန်များမှ အနှစ်ချုပ်ဖြစ်သည်။

နိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စာလှယ်လောင်းများ၏ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များမှာ အတူတူပင်ဖြစ်သည်။ ထူးခြားချက်မှာ နိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အစိုးရပိုင်ရုပ်မြင်သံကြားမှ မဲဆွယ်စည်းရုံးဟောပြောခွင့်ကို ထိုပါတီများ၏ ခေါင်းဆောင်များက ရရှိကြသော်လည်း တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ယင်းကဲ့သို့သော အခွင့်အရေးများ မရရှိပါ။

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်ပေါ်၌ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ လိုဂို အမှတ်တံဆိပ်သည် ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်လျှင် ယင်းပါတီက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တွင် မှတ်ပုံတင်စဉ်တင်ပြထားသည့် လိုဂို အမှတ်တံဆိပ်အတိုင်းဖြစ်သည်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်လျှင် ဆန္ဒမဲလက်မှတ်ပေါ်တွင် ၎င်းအသုံးပြုမည့် လိုဂို အမှတ်တံဆိပ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း ကြိုတင်တင်ပြ၍ အတည်ပြုချက် ယူရသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်တင်မြှောက်ခံရသည့် ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာထုတ်ပေးသကဲ့သို့ ရွေးကောက်တင်မြှောက်ခံရသည့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များကိုလည်း တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာထုတ်ပေးသည်။

**ရွေးကောက်ပွဲနှင့်အတူ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရည်မှန်းထားကြသည့် တစ်သီးပုဂ္ဂလများသည် မိမိတို့ဆောင်ရွက်ရန်ရှိသည်များကို ကြိုတင်ပြင်ဆင်ကြရမည်။ မည်သည့်လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ရမည်၊ မည်သည့်မြို့နယ်၊ မည်သည့်ဒေသမှ ဝင်ရောက်ယှဉ်ပြိုင်ရမည်တို့ကို စိစစ်ရွေးချယ်ရပါမည်။ မည်သူ့ကို မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်ထားမည်၊ မည်သူတို့အား မဲရုံးကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များအဖြစ် ခန့်ထားမည်ကို လျာထားရပါမည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်မှုများကို ဖတ်ရှုလေ့လာ အသိပညာပေးခြင်းများ ပြုလုပ်ရပါမည်။ မဲဆန္ဒရှင်ပြည်သူများနှင့်လည်း ထိတွေ့စည်းရုံးရန်ရှိပါသည်။ ဤမျှများပြားသော လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်ကြရမည်ဖြစ်သဖြင့် အချိန်နှင့်အမျှ အလေးထားဂရုပြု၍ သတိမူကြရပါမည်။

ဤသို့ဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မင်္ဂလာရှိသော ၂၀၂၀ ပြည့်နှစ်ကို ရွေးကောက်ပွဲလုပ်ငန်းများ စီမံဆောင်ရွက်ရင်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ ဖြတ်ကျော် ရမည်ဖြစ်ကြောင်းပါ။

- **လွှတ်တော်မဲဆန္ဒနယ်များ အားလုံးတွင် ရွေးကောက်ပွဲများကို ချောမောအောင်မြင်စွာ ကျင်းပနိုင်ပါစေ၊**
- **တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ၊**
- **အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်နိုင်ကြပါစေ။**




**"နိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များမှာ အတူတူပင်ဖြစ်သည်။ ထူးခြားချက်မှာ နိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အစိုးရပိုင်ရုပ်မြင်သံကြားမှ မဲဆွယ်စည်းရုံးဟောပြောခွင့်ကို ထိုပါတီများ၏ ခေါင်းဆောင်များက ရရှိကြသော်လည်း တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ယင်းကဲ့သို့သော အခွင့်အရေးများ မရရှိပါ"**

# မီးဝစခန်းအား ရက်ပေါင်း ၄၀ ကျော်ကြာ ဝိုင်းပတ်ပိတ်ဆို့ထားသည့် AA အဖွဲ့အား တပ်မတော်စစ်ကြောင်းများက တွန်းလှန်တိုက်ထုတ်နိုင်ခဲ့

နေပြည်တော် မတ် ၂၀

မီးဝစခန်းအား ရက်ပေါင်း ၄၀ ကျော်ကြာ ဝိုင်းပတ်ပိတ်ဆို့ထားသည့် AA အဖွဲ့အား တပ်မတော်စစ်ကြောင်းများ က တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

AA အဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်မှစ၍ ပလက်ဝ- ကျောက်တော်လမ်းကြောင်းနှင့် မီးစာ- မတူပီ လမ်းကြောင်းဆုံရာ နေရာတွင်တည်ရှိပြီး ဒေသတွင်း အချက်အချာကျသည့် မီးဝစခန်းအား အင်အားအလုံး အရင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ သို့အတွက် စစ်ကူ တပ်များအားစေလွှတ်၍ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ မတ် ၁၁ ရက်တွင် တင်းမကျေးရွာ၊ မတ် ၁၃ ရက်တွင် ပြိုင်းတိုင်းကျေးရွာနှင့်အနီးတစ်ဝိုက်၊ မတ် ၁၄ ရက်တွင် မုန့်သန်းပြင်ကျေးရွာနှင့်အနီးတစ်ဝိုက်တို့အား ပြန်လည် ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ကြောင်း၊ အထက်ပါဖြစ်စဉ် များတွင် အရာရှိ၊ စစ်သည်အချို့ ကျဆုံး/ဒဏ်ရာရရှိ ခဲ့ကာ AA အဖွဲ့လည်း သေဆုံး/ဒဏ်ရာ ရရှိမှုများ ရှိခဲ့ကြောင်း။

တပ်မတော်စစ်ကြောင်းများ၏ ချီတက်ထိုးဖောက် တိုက်ခိုက်မှုများကြောင့် လူစုကွဲနေသည့် အရာရှိ၊ စစ်သည် ၁၃ ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့သော်လည်း လက်ရှိ အချိန်အထိ အရာရှိ၊ စစ်သည်အချို့ ပျောက်ဆုံးလျက် ရှိပြီး ပြန်လည်ကယ်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိ ကြောင်း။

AA အဖွဲ့သည် ပလက်ဝနှင့် ကျောက်တော် ကားလမ်း ကြောင်းနှင့် ရေလမ်းကြောင်းကို စိုးမိုးထားသော နှုန်းဘူး စခန်းအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း တိုက်ခိုက် ခြင်း၊ ပလက်ဝဒေသ အနောက်မြောက်ဘက်ခြမ်း နယ်စပ် ဒေသအနီးရှိ စခန်းများအား ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ အတွင်း တိုက်ခိုက်ခြင်း၊ ဘူးသီးတောင်-ရသေ့တောင် ဒေသအတွင်းရှိ ရက်ခုံတိုင်ကျေးရွာအနီးနှင့် ရေစီးချောင်း ကျေးရွာတစ်ဝိုက် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော စစ်ကြောင်းများအား ဖေဖော်ဝါရီ ၂ ရက်နှင့် ၁၀ ရက် တို့တွင် တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့သော်လည်း တပ်မတော်စစ်ကြောင်းများ၏ ပြန်လည်ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဆုတ်ခွာသွားခဲ့ရကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



တိုက်ပွဲများတွင် AA အဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။

# သာစည်၊ မူဆယ်၊ ရေး၊ မိုးမိတ်နှင့် ရမည်းသင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

နေပြည်တော် မတ် ၂၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၈ ရက် ညပိုင်းတွင် သာစည်မြို့နယ် ကွဲ တပ်ဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တောင်ကြီး - မြဝတီ ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အောက်ဘက် ဘောက်အတွင်းရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၅၂၀၀ ကို လည်း ကောင်း၊ မူဆယ်မြို့ ကောင်းမူးလွယ် ရပ်ကွက်ရှိ ဟိုတယ် အခန်းအမှတ် (၂၂၀)တွင် တည်းခိုနေထိုင်သော ကျော်ရင်လုံ၏ ခရောင်းအမျိုးအစား မော်တော်ယာဉ်နောက်ဖုံးအတွင်းမှ ဘိန်းဖြူ ၃၆ ဒသမ ၇၅ ကီလို၊ အိုက်စ် ၁၀ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မတ် ၁၉ ရက် ညနေပိုင်း က ရေးမြို့နယ် ဆင်ကူးကျေးရွာနေ ချန်ဆန်၏ နေအိမ်တဲအတွင်းနှင့် ဆိုင်ကယ် တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၇ ပြား ကို လည်းကောင်း၊ မိုးမိတ်မြို့နယ် ထုံးဘိုကျေးရွာအနီး တောလမ်းတွင် မဘောက်လှိုင် မောင်းနှင်ပြီး မမန်ပီး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ပေါ်ရှိ ဆာလာအိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၄၄ ကီလိုနှင့် ဖုန်းတစ်လုံး တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် အရ မိုးမိတ်မြို့နယ် ထုံးဘိုကျေးရွာနေ မရွှယ်ဂျီး၏ နေအိမ်အိပ်ခန်းအတွင်း ရှိ လွယ်အိတ်အတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၀၀၀ ၊ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုနှင့် ဖုန်းတစ်လုံး တို့ကို လည်းကောင်း။

အလားတူ ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်နှင့် တပ်ဖွဲ့ဝင်များသည် မတ် ၁၈ ရက် ညနေပိုင်းက သိမ်ကုန်း- ကူတိုကျေးရွာ လမ်းပေါ်၌ ကူတိုကျေးရွာနေ စိုးလွင်(၃၈ နှစ်) ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈ ပြားကို သိမ်းဆည်းရမိခဲ့ရာ ကွင်းဆက်အရ သိမ်ကုန်းကျေးရွာနေ မင်းမင်း(၄၄ နှစ်)၏ နေအိမ်ခြံဝင်း အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၉ ပြားကို ထပ်မံသိမ်းဆည်းရမိခဲ့ သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေး ယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သီရိခင်(ခ) သီရိရွှေအား သက်သေခံ ပစ္စည်းများ နှင့်အတူ တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၀

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေး လျက်ရှိရာ မတ် ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၈၆၆ စီး၊ သွင်းကုန် ၁၆၅၁ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၂ စီး ကုန်စည် များ သယ်ယူပို့ဆောင်လျက်ရှိသည်။

မတ် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၃၈ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ သန်း၊ စုစုပေါင်း တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၃၃၈ သန်းအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၉ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘေထုတ်(70 kg) (8 Pkgs) နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆ သန်းအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# YBS ယာဉ်လိုင်းများပေါ်တွင် ခါးပိုက်နှိုက်ကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၄ ရက် နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏစုပေါင်း ကားမှတ်တိုင်၌ YBS-25 ယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်သတင်းရှိသူ သီရိခင်(ခ) သီရိရွှေ၏ အိတ်အတွင်းမှ ငွေကျပ် ၂၁,၅၀၀နှင့် ပတ်သက်၍စစ်မေးရာ အဆိုပါ ယာဉ်ပေါ်ပါ အသက်(၂၀ နှစ်)ခန့်ရှိ အမျိုးသမီးတစ်ဦး၏ အိတ်အတွင်းမှ နှိုက်ယူ ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

၎င်းသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ တို့တွင် သဃ်န်းကျွန်းမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်များ ပေါ်ပါခရီးသည်များထံမှ ဖုန်း ၁၈ လုံးကို နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက် သဖြင့် သက်သေခံပစ္စည်းနှင့် လက်ကိုင်ဖုန်းများကို ပြန်လည်သိမ်းဆည်း ရရှိပြီးဖြစ်၍ ၎င်းကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## မှုခင်းအသိပညာပေး ဆောင်ရွက်

နေပြည်တော် မတ် ၂၀

သာစည်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းမောင် ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် မတ် ၁၈ ရက်က အမှတ်(၁/၂)အခြေခံ ပညာအထက်တန်းကျောင်း စာစစ်ဌာနများတွင် တက္ကသိုလ် ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်း သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာ ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးတို့အတွက် အသိ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား




## တိုက်ကြီး၌ တောဆင်ရိုင်းဖျက်ဆီးမှုကြောင့် လူနေအိမ်လေးလုံးပျက်စီး

ရန်ကုန် မတ် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မြန်မာစုကျေးရွာနှင့် ညောင်လေးပင်ကျေးရွာတို့တွင် ယမန်နေ့ ည ၇ နာရီခန့်က တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ဖျက်ဆီးမှုကြောင့် လူနေအိမ် လေးလုံး ပျက်စီးသွားကြောင်း လိမ္မော်ခြံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

အဆိုပါ တောဆင်ရိုင်းသည် ငါးအိမ်စုကျေးရွာဘက်မှ ကူးလာပြီး မြန်မာစုကျေးရွာနေ အိမ်ထောင်စုလေးစုအား ဝင်ရောက်ဖျက်ဆီးကာ မတ် ၂၀ ရက် နံနက် ၁ နာရီခွဲခန့်က မင်္ဂလာရပ်ကွက် GE တပ်ဘက်သို့ ထွက်ခွာသွားကြောင်း သိရသည်။ အဆိုပါတောဆင်ရိုင်း ထပ်မံဝင်ရောက်မှုမရှိ စေရန်အတွက် ဒေသခံများစုပေါင်းပြီး ဖြောက်အိုးများဖောက်ခြင်း၊ သံပုံးတီးခြင်းတို့ဖြင့် ခြောက်လှန့် မောင်းထုတ်နေရကြောင်း သိရသည်။

မျိုးသန့်(ပြန်/ဆက်)

## မိုင်းခတ်မြို့နယ်၌ တောင်ယာမီးရှို့ရာမှတစ်ဆင့် လူနေအိမ်ရှစ်လုံး မီးလောင်

မိုင်းခတ် မတ် ၂၀

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် နောင်ဖူကျေးရွာတွင် ယမန်နေ့ မွန်းလွဲ ၂နာရီခန့်က တောင်ယာမီးရှို့ရာမှတစ်ဆင့် လူနေအိမ် ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မိုင်းခတ်မြို့နယ်နှင့် လေးမိုင်ခန့်အကွာ နောင်ဖူကျေးရွာ၏ အနောက်ဘက် တောင်ယာမီးရှို့ရာမှ အဆိုပါကျေးရွာရှိ လူနေအိမ်ရှစ်လုံးမီးလောင်မှုဖြစ်ရာ ကျေးရွာနေပြည်သူများ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်း ငြိမ်းသတ်ကြရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနေအိမ်ရှစ်လုံး၊ စပါးတင်း ၂၀၀ ခန့်နှင့် ဆိုင်ကယ်တစ်စီးတို့ မီးလောင် ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးဒေ(ပြန်/ဆက်)



နေပြည်တော် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်နယ်မြေရဲစခန်းမှူး ရဲအုပ် မြင့်ဆွေသည် မတ် ၁၉ ရက် မွန်းလွဲပိုင်းက ပင်ငါးမြောင်ကျေးရွာ ဘုန်းတော်ကြီး ကျောင်းတွင် ရာအိမ်မှူး ဦးသိန်းဇော်နှင့် ဒေသခံများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောစဉ်။

ကိုကိုရှုပ(နေပြည်တော်)

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံချက်စက်ရုံများမှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ရေနံထွက်ပစ္စည်း အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|---|
| | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | သံပရာကန် | စီဂျီအို | ဂါလန် | ၅၀၀၀၀၀ | ၂၂-၄-၂၀၂၀ | ၁၃:၀၀ | ၂၂-၄-၂၀၂၀ | ၁၄:၀၀ |
| ၂ | သံပရာကန် | ရေနံမီးသွေး | မက်ထရစ်တန် | ၁၀၀၀ | ၂၂-၄-၂၀၂၀ | ၁၃:၀၀ | ၂၂-၄-၂၀၂၀ | ၁၄:၀၀ |
| ၃ | ချောက်/ မန္တလေး | ဖယောင်းပြား | မက်ထရစ်တန် | ၁၃၆၉၉ | ၂၂-၄-၂၀၂၀ | ၁၃:၀၀ | ၂၂-၄-၂၀၂၀ | ၁၄:၀၀ |
| ၄ | ချောက် | ဖယောင်းစစ်ကျ ကျန်ရည် | ဂါလန် | ၄၁၆၈၉ | ၂၂-၄-၂၀၂၀ | ၁၃:၀၀ | ၂၂-၄-၂၀၂၀ | ၁၄:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား တစ်လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါ သည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ် ၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ဒေါ်မြနှင်းရည်လွင် ၁၂/ ကမရ(နိုင်)၀၅၆၉၀၂၊ Myahnin Yee Lwin(facebook account) နှင့် Myahnin Yee Lwin(Mamamya)(page) ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မြနှင်းရည်လွင်သည် မိမိ၏ကိုယ်ပိုင်လုပ်ငန်းဖြစ်သော သရုပ်ဆောင်လုပ်ငန်းကိုသာ ကောင်းမွန်စွာလုပ်ကိုင်လျက်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ စီးပွားရေးလုပ်ငန်းတစ်စုံတစ်ရာကို နစ်နာစေရန်အလို့ငှာ မမှန်မကန် ပြုလုပ်ဆောင်ရွက်ထားခြင်းမရှိကြောင်း သိရှိရပါသည်။

ယခုအခါ facebook, Instagram, Youtube စသည့် လူမှုကွန်ရက်ကို အသုံးပြု၍ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူအား ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ သတင်းများအဖြစ်လည်းကောင်း၊ စာသားများအဖြစ်လည်းကောင်း ဒေါ်မြနှင်းရည်လွင်၏ အမည်ကို ဖော်ပြကာ ရေးသားထားသည်များ ကို တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မြနှင်းရည်လွင်အပေါ် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အမည်နာမများ၊ ဓာတ်ပုံမှတ်တမ်းများ အသုံးပြုကာ ရေးသားဖော်ပြခြင်း၊ ကူးယူဖြန့်ချီခြင်း၊ မှတ်ချက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူပြောဆိုခြင်းများ ထပ်မံ၍လည်းကောင်း(လုံး၀)မပြုလုပ်ကြရန် ၊ ယခင်ရေးသားသည်များကို ယနေ့ ကြော်ငြာစာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ပြန်လည်ဖျက်သိမ်းပေးရန်နှင့် နောက်နောင်တွင်လည်း ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်မြနှင်းရည်လွင်၏ အမည်နာမကိုလည်းကောင်း ဖော်ပြခြင်းမျိုး၊ ရေးသားခြင်းမျိုးကို တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြနှင်းရည်လွင် Myahnin Yee Lwin(facebook account) နှင့်**
**Myahnin Yee Lwin(Mamamya)(page) ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဒေါ်ဖြိုးဖြိုး** | **ဒေါ်လှိုင်ခင်ဖြိုး** | **ဦးကျော်မြတ်မင်းဦး** | **ဒေါ်နှင်းသီရိ** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**လမ်း ၃၀၊ ၆၈X ၇၀လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံးဝင်းအတွင်း၊ ရုံးကြီးဝင်း၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၆၅၁၉၅၁၉၊၀၉-၈၉၄၇၉၅၈၁၂**

## အမည်မှန်

ဦးတင်ရွှေ၏သား ကလေးမြို့နယ်၊ ပျဉ်းတောဦးအုပ်စု၊ မင်းလှရွာနေ မောင်လာလ်ချန့်ဟိင်မ်၏ အမည်မှန်မှာ မောင်လာလ်ဆန့်ဟိန်မ်ဖြစ်ပါကြောင်း။

**မောင်လာလ်ဆန့်ဟိန်မ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၃၇၅၈၉ Honda Dream 125ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းအောင် ၁၀/မဒန(နိုင်)၁၃၀၄၄၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊ မော်လမြိုင်မြို့**

## မွေးသက္ကရာဇ်အမှန်

ဦးဟောက်ပြန်းထန်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့၊ တာဟန်းရပ်ကွက်၊ အမှတ်(၄/၆၀)နေ မောင်ထန်ရှင်းဇမွန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၀-၁၉၉၉ဖြစ်ပါကြောင်း။

**မောင်ထန်ရှင်းဇမွန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၉၅၃၀၈ Honda Dream ND 125Mယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုရည်လင်း ၁၀/သဖရ(နိုင်)၁၅၃၁၈၈၈(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး၊မော်လမြိုင်မြို့**

## အမည်မှန်

မြောက်ဦးမြို့နယ်၊ ကျောင်းတောင်ကျေးရွာနေ ဦးကျော်စံထွန်း၏သား ကျော်ငွေလင်း၏ အမည်မှန်မှာ ကျော်ငွေဝင်း ဖြစ်ပါကြောင်း။

**ကျော်ငွေဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၄၈၅၆၈ Yamaha 150FZ M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထင် ၉/ပမန(နိုင်)၂၈၃၅၁၁က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## မွေးသက္ကရာဇ်အမှန်

မြောက်ဦးမြို့နယ်၊ ကျောင်းတောင်ကျေးရွာနေ ဦးမောင်စိုးနိုင်၏သား မောင်ကျော်သိန်းစိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၁၉၉၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၁၈)၊ ကသဲစုအကွက်၊ ဦးပိုင်အမှတ်(၁၁၀/ခ)၊ ဧရိယာ ၀ဒသမ ၀၅၄ ဧကရှိ မြေကို ဒေါ်ကေသီခိုင်အမည်ဖြင့် မြေပေးမိန့် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၀/ဇေယျာမြိုင်)၊ ဦးပိုင်အမှတ်(၆၈)၊ မြေချိန်ဧရိယာ ၀ဒသမ ၁၀၀ ဧကရှိမြေသည် မွန်ပြည်နယ်အေးချမ်းသာယာရေး၏ ၆-၁၁-၂၀၀၄ ရက်စွဲပါ စာအမှတ် ၄၀၀/၂-၃/ ပယက(မွန်) အရ လ/န(၃၉)သတ်မှတ်ထားသော မြေဖြစ်ပြီး ဇေယျာမြိုင်မြို့သစ် မြေကွက်ချထားရေးအဖွဲ့မှ မော်လမြိုင်-မုတ္တမ ရထားလမ်းစီမံကိန်းဖော်ထုတ်ရာတွင် လှိုင်ရပ်ကွက်၌ ထိခိုက်မှုကြောင့် ဦးခင်မောင်အေးအား ဇေယျာမြိုင်ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၂) အား အစားထိုးပေးအပ်ခဲ့ပြီး ဦးခင်မောင်အေးမှ ၎င်း၏ ကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် ဦးတင့်လွင်အား မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၁/၂၀၀၃) အရ လွှဲအပ်ထားပါသည်။ ဦးတင့်လွင်မှ ၎င်းအား လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းထားခြင်းမရှိကြောင်း မွန်ပြည်နယ်တရားလွှတ်တော်၏ ကျမ်းကျိန်လွှာအမှတ်စဉ်(၂၀၄၀/၂၀၁၉)ဖြင့် ကျမ်းကျိန်ဆိုကာ စာချုပ်အမှတ် (၆၉၇/၂၀၁၉)ဖြင့် မှတ်ပုံတင်ပြီး ဦးတင့်လွင်မှ ဒေါ်ခင်သန်းမြင့်အား မြေသက်သက် အပြီးအပိုင်အရောင်းအဝယ်စာချုပ် (၄၈၉/၂၀၁၉)အရ ရောင်းချခဲ့သဖြင့် တရားဝင်ပိုင်ဆိုင်လာ၍ ဒေါ်ခင်သန်းမြင့် အမည်ဖြင့် နှစ်ရှည် မြေငှားဂရန်ပထမအကြိမ် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် Audio System နှင့် ECသင်ထောက်ကူပစ္စည်း ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၃-၂၀၂၀ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၆-၄-၂၀၂၀ရက် ညနေ ၄နာရီ
**အိတ်ဖွင့်တင်ဒါရွေးချယ်မည့်ရက်** - ၇-၄-၂၀၂၀ရက် ညနေ ၃နာရီ
**တင်ဒါရောင်းချမည့်နေရာ** - နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) ဖုန်း-၀၉-၂၄၀၀၂၇၈၊ ၀၉-၇၉၀၅၈၄၁၁၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံဓာတ်ငွေ့ရည်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သည့် ဖြူတိန်းရေနံဓာတ်ငွေ့ရည် ၃၀၀ (တန်သုံးရာတိတိ)ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့်ရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လိုင်စင်(ခ)သို့မဟုတ် လိုင်စင်(စ)လက်ဝယ်ရှိသူများ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၁-၄-၂၀၂၀ ရက် (အင်္ဂါနေ့)(၁၂:၀၀)နာရီ
**အချိန်နှင့် နေရာ** မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၁-၄-၂၀၂၀ရက်(အင်္ဂါနေ့)(၁၄:၀၀)နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား တစ်လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊စစ်တွေမြို့
## မူလတန်းအဆင့်သင်ကျောင်းသား / သူအတွက် အခမဲ့ဗလာစာအုပ်ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ပညာသင်နှစ် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်း အဆင့် သင်ကျောင်းသား/သူအားလုံးကို အခမဲ့ထောက်ပံ့နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဗလာစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဗလာစာအုပ်အရည်အသွေး**

- (က) စာအုပ်အရည်အသွေး - ၆.၂၅x၈.၂၅လက်မ
- (ခ) လိုင်းအရေအတွက် - ၂၂လိုင်း
- (ဂ) အဖုံးစက္ကူ - ၁၈၀ gsm Duplex board(colour)
- (ဃ) အတွင်းစက္ကူ - ၆၀ gsm indo 1k woodfree
- (င) စာမျက်နှာ - ၈၀ pages
- (စ) - စာအုပ်အရှေ့အပြင်ဘက်တွင် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည့် စာသားထည့်ရန်၊
  - စာအုပ်ရှေ့အဖုံးအတွင်းဘက်တွင် သဘာဝဘေးအန္တရာယ် သိပေးလမ်းညွှန်(၆)မျိုး၊
  - စာအုပ်၏ နောက်ကျောဖုံး၊ အပြင်ဘက်တွင် မြန်မာ့ရိုးရာ လူမှုရေးကျင့်ဝတ် (သားသမီးဝတ်၊တပည့်ဝတ်၊ မိဘဝတ်၊ ဆရာဝတ်) နှင့် Time Tableဇယားကွက်
  - စာအုပ်နောက်ကျောဖုံး အတွင်းဘက်တွင် အမြှောက်အလီအပေါင်း ၁မှ ၁၂အထိ

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၃-၃-၂၀၂၀ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၄-၂၀၂၀ရက် ညနေ ၄နာရီ
**တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၄၃-၂၀၂၂၆၄၉
ရခိုင်ပြည်နယ်ပညာရေးမှူးရုံး၊ စစ်တွေမြို့ ဖုန်း-၀၄၃-၂၀၂၁၀၄၆

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့်လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန် ဥပဒေအရ အရေးယူထားသော စက်မှုကုန်ကြမ်း(ဘေထုပ်)များအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိ ပေး ကြေညာအပ်ပါသည်။

- (က) **နေ့ရက်/အချိန်** - ၆-၄-၂၀၂၀ ရက်(၁၀)နာရီ
- (ခ) **နေရာ** - ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး
- (ဂ) **ပစ္စည်းအမျိုးအမည်** - စက်မှုကုန်ကြမ်း(ဘေထုပ်)များ
- (ဃ) **လေလံပုံစံရောင်းချခြင်း** - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း)ပူးတွဲလျက် တစ်စုံလျှင် ကျပ်(၅၀၀၀/-)(ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ၁-၄-၂၀၂၀ရက်မှ ၂-၄-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
- (င) **ပစ္စည်းပြသမည့်အချိန်** - လေလံပုံစံဝယ်ယူပြီးသူများအား ၂-၄-၂၀၂၀ ရက်နှင့် ၃-၄-၂၀၂၀ရက် ၊ ၁၀ နာရီမှ ၁၆:၀၀နာရီအထိ (၂)ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၂၂၇၅၃၁၊၀၉-၂၆၈၇၆၉၄၁၀၊ ၀၉-၇၇၅၂၆၈၅၄၈၊၀၉-၉၆၇၃၆၉၄၄၄သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြင်ဦးလွင်ခရိုင်တရားမရုံးတော်၌
## ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၁

ဒေါ်သန္တာဘသန်းတင် **နှင့်** ၁။ ဦးသန်းဇော်
၂။ ဒေါ်ဇာနည်ဘသန်းတင်
၃။ ဒေါ်ခိုင်သီတာညွန့်
၄။ ဦးရှမ်းလေး

**တရားလို** **တရားပြိုင်များ**

ဦးသန်းဇော် (ကိုစိုင်းဇော်မင်း-မထွန်းနီနီဇော်မှတစ်ဆင့်) ကျောက်ပြသဒ်ရွာ၊ မိုးကုတ်မြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဧပြီ ၂၀ရက် (၁၃၈၂ခုနှစ် တန်ခူးလပြည့်ကျော်၁၃ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၃ ၄၇)၊ မြေဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးအိုက်လောင်း(ဘ) ဦးဖန်ပေါင်း ၁/မကန(နိုင်)၁၃၁၇၆၁အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်နှင်း အေးလှိုင်(ဘ) ဦးစံထွန်း ၁၃/တခလ(နိုင်)၀၉၃၄၂၃မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်း များတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၁၃- B၊ ၊ ဧရိယာ ၀ဒသမ ၀၉၉ ဧကရှိ ဒေါ်အေးအေးခိုင် အမည်ပေါက် မြေကွက်အား ဒေါ်ဆိုင်းလိုင်၊ ဒေါ်ဝင့်ဝါအောင်(ဘ) ဦးဇော်ခေါင်၊ ဦးအောင်ဝင်း ၁/ဗမန(နိုင်)၀၄၉၀၃၃၊ ၁/မစန(နိုင်)၀၃၂၃၀၀ မှ မြေပေးမိန့် အရောင်းအဝယ်စာချုပ်၊ ရောင်းသူဝယ်သူ ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ၀ဒသမ၁၁၀ဧကရှိ ဦးဇော်မြင့်ဦး ၅/ကလတ(နိုင်)၀၀၅၅၄၁(ဘ) ဦးဝင်းဇော် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၂၅၆)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၆၂/၂၀၂၀ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးကျော်ညွန့် ၇/ကတခ(နိုင်)၀၅၄၁၀၃(ဘ)ဦးထွန်းရှိန်မှ ဒေါ်ခင်လှိုင် ၁၂/ဒလန(နိုင်)၀၆၁၂၅၂ နှင့်မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်၉၅ရှိ Basement + (၂)ခန်းတွဲ (၃)ထပ်တိုက် အဆောက်အအုံအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ၄-၄-၂၀၁၆ ရက်စွဲပါ စာအမှတ် ၀၈(ရ)/၀၀၈/စည်ပင်-ယာ(အုံ)အရ ပိုင်ရှင် ဦးဇင်ဝေသိမ်း၊ လိုင်စင်ရ အင်ဂျင်နီယာ ဒေါ်စန္ဒာထွန်း (LS -၁၈၂၅)၊ လိုင်စင်ရ ကန်ထရိုက်တာ ဒေါ်စန်း(LC-၃၉၁)ဖြင့် ဆောက်လုပ်ခွင့် ပြုခဲ့ပါသည်။

အထက်ပါအဆောက်အအုံကို လိုင်စင်ရကန်ထရိုက်တာ ဒေါ်စန်း (LC-၃၉၁)မှာ ကွယ်လွန်သွားပါ၍ ကန်ထရိုက်တာ ကင်းလွတ်ခွင့်ဖြင့် BCC ခွင့်ပြုပေးပါရန် ပိုင်ရှင် ဦးဇင်ဝေသိမ်းနှင့် ကွယ်လွန်သူ ဒေါ်စန်း (LC-၃၉၁)၏သားအကြီးဖြစ်သူ ဦးမျိုးမင်းသူတို့ မှ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန်ထရိုက်တာ ကင်းလွတ်ခွင့်ဖြင့် BCC ခွင့်ပြုပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဆောက်အဦဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စားသုံးသူ မိဘပြည်သူများအား အသိပေးပန်ကြားခြင်း

စားသုံးသူရေးရာဥပဒေ(၂/၂၀၁၉)အရ စားသောက်ကုန်ညွှန်းစာအမှတ်အသားများကို မြန်မာဘာသာဖြင့် ထည့်သွင်းအသုံးပြုရန် ဥပဒေမှ ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ထုတ်လုပ်သည့် အသေးစား အလတ်စား စားသောက်ကုန်များကို မြန်မာဘာသာကုန်ညွှန်းအမှတ်အသားများဖြင့် ၁၃-၃-၂၀၂၀ရက်မှစတင်၍ ဥပဒေသတ်မှတ် ချက်များနှင့်အညီ ပြောင်းလဲထုတ်လုပ်ရောင်းချ နေပါသည်။

အရောင်းကိုယ်စားလှယ်(သို့)စားသုံးသူများအနေဖြင့် မိမိလက်ဝယ်ရှိ ယခင်ထုပ်ပိုးမှုပုံစံတွင်(၂/၂၀၁၉) ဥပဒေပါ အချက်အလက်များကို မြန်မာဘာသာဖြင့် မဖော်ပြထားသော ကုန်ပစ္စည်းများ လက်ကျန်ရှိနေပါက ၃၁-၃-၂၀၂၀ရက်ထိ နောက်ဆုံးထား ၍ အောက်ဖော်ပြပါလုပ်ငန်းရှင်များမှ လဲလှယ်ပေးသွားမည်ဖြစ်ပါကြောင်း နှင့်လဲလှယ်လိုပါက သက်ဆိုင်ရာနီးစပ်ရာအရောင်းကိုယ်စား လှယ်များထံတွင် လဲလှယ်နိုင်ပါကြောင်း မိဘပြည်သူ များအား အသိပေးပန်ကြားအပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | ပိုင်ရှင်အမည် | လိပ်စာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ညွှန့်ညွှန့်ဆေးမန်ကျည်း (အချို+အစပ်+အစေ့လွတ်) | ဒေါ်သန်းသန်းငွေ | အမှတ်(၁၁)၊ မှန်တန်းရပ်၊ ဇေရပ်၊ အမရပူရ၊ မန္တလေးမြို့ | ၀၂-၄၀၇၀၅၃၆ |
| ၂ | ပင်ဂွင်းယိုစုံ | ဒေါ်သန်းသန်းငွေ | အမှတ်(၁၁)၊ မှန်တန်းရပ်၊ ဇေရပ်၊ အမရပူရ၊ မန္တလေးမြို့ | ၀၉-၂၅၆၅၂၁၃၀၁ |
| ၃ | ယုန်လေးဇီးချိုမွှေး | ဒေါ်သန်းသန်းငွေ | အမှတ်(၁၁)၊ မှန်တန်းရပ်၊ ဇေရပ်၊ အမရပူရ၊ မန္တလေးမြို့ | ၀၉-၂၅၆၅၂၁၃၀၁ |
| ၄ | ကိုယ့်ချစ်သူလေးတော်ဖီ | ဒေါ်သန်းသန်းငွေ | အမှတ်(၁၁)၊ မှန်တန်းရပ်၊ ဇေရပ်၊ အမရပူရ၊ မန္တလေးမြို့ | ၀၉-၂၅၆၅၂၁၃၀၁ |
| ၅ | နေခြည်(အာလူးကြော်) | ဦးဝင်းသူအောင် | အမှတ်(၅၆၅)၊ ၁၁လမ်း၊ အောင်စေတနာရပ်ကွက်၊ မကွေးမြို့ | ၀၉-၄၀၄၅၅၇၀၇၁ |
| ၆ | ဆင်ဖြူတော် ဆားချိုသီး | ဦးဟန်သိန်း | အမှတ်(၁၀)၊ ၇၈လမ်း၊ ၃၀X၃၁လမ်း၊ချမ်းအေးသာဇံ မြို့နယ်၊ မန္တလေးမြို့ | ၀၉-၇၉၇၉၄၄၄၅၁ |
| ၇ | သားသားဆန်ပြုတ် | ကိုဇော်ဇော် | ည၊ ၂/၃ ထိန်ကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ | ၀၉-၇၈၂၀၀၃၂၄၉ |

### ပျောက်ဆုံးကြောင်း

မောင်ကျော်နိုင်လင်း(ဘ) ဦးလှကျန် ၅/ဒပယ(နိုင်)၀၈၉၉၉၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၇၅၈၈၉၁**

### အမည်ပြောင်း

ရမ်းဗြဲမြို့နယ်၊ သပြေကျွန်းကျေးရွာနေ ဦးစန်းဖေ၏ သမီး မစန်းသီရိလွင် ၁၁/ရဗန(နိုင်)၀၈၉၃၉၆ အား ယနေ့မှစ၍ မစန်းသီရိလွှင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစန်းသီရိလွှင်**

### အမည်ပြောင်း

ဦးသိုက်ထွန်း၏သမီး မိဇင်မီမီထွန်း ၅/ဒဂတ(နိုင်)၀၈၈၅၀၅အား ယနေ့မှစ၍ မဇင်မီမီထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးရာဂျာ (ခ) ဦးလှဝင်း MME-၆၄၃၄၄၇ -ဒေါ်သီသီအောင် ၁၀/မလမ (နိုင်) ၀၈၄၁၆၇တို့၏ သား မောင်ပြည့်ဖြိုးဇော်နှင့် မောင်ညီညီဇော် မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (တာ၀)ပထမနှစ်မှ ဦးအောင်ကျော်စိုး၏သမီး မငြိမ်းမမထွန်းအား မညိမ်းမမထွန်းဟု ပြောင်းလဲခေါ်ပါရန်။

### မှတ်ပုံတင်နံပါတ်အမှန်

ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ လက်မွန်ကျေးရွာနေ မသီရိဟေမာန်၏ ဖခင် ဦးသန်းထွန်းဇော်၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၈/ဆမန(နိုင်) ၀၆၁၆၇၇ ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၃-၂၀၂၀ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄) မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့(MBA)သင်တန်းနှင့်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်းကြော်ငြာတွင် အမှတ်စဉ်၁(ခ)တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့(MBA) အစား(MPA)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံတက္ကသိုလ်၊ စတုတ္ထနှစ်၊ မြန်မာစာ(အဝေးသင်)မှ နန်းဖေ့ညားမန့်(ခ)နော်ဖေးညာမန့် ၃/ဘအန (နိုင်)၃၂၂၃၂၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင် ဦးတိုင်လုံးကီ(ခ) ဦးတိုင်လုံးဂီ ၃/ဘအန(နိုင်) ၀၂၈၉၁၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8465 Shwe Kyair L/T ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၃/ဘအန(နိုင်)၁၈၃၂၇၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၁၁၃၉၂)၊ မြေဧရိယာ ၀ဒသမ၁၄၆ ဧကရှိ ဦးကျော်ငွေ (ဘ) ဦးချို ၃/ဘအန(နိုင်)၀၁၄၈၈၁ အမည်ပေါက်ပါမစ်မြေကွက်အား ဦးတင်ဦး (ဘ) ဦးကျော်ဝင်း ၉/မထလ(နိုင်)၀၀၁၅၀၄မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် ကြေညာခြင်း

ကျွန်မဒေါ်ဇင်သန္တာအောင် ၁၂/ မဘန(နိုင်)၀၀၈၃၈၇ သည် ကျွန်မပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ ရဲစု အနောက်ကွက်သစ်၊ အောင်သိဒ္ဓိ ၂လမ်း၊ အမှတ် (၃၃/၇၂) ဟုခေါ်တွင်သော အမှတ်(၇၀) (၁၅ပေX ၆၀) အိမ်ခြံမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မေတ္တာဖြင့်ပေးကမ်းထားခြင်း လုံးဝမရှိကြောင်း (၁၇-၃-၂၀၂၀)ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန် ကြေညာထားခြင်းဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေကွက်အား ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ ရဲစု အနောက်ကွက်သစ်၊ သုမဓ္ဓာလမ်း၊ အမှတ်(၄၉)(က) တွင်နေထိုင်သော ဦးသူရစိုး ၁၂/မဘန(နိုင်)၁၀၆၇၄၈နှင့် ဇနီး ဒေါ်ငြိမ်းငြိမ်းဖြိုး ၁၂/မဘန(နိုင်)၁၂၆၀၈၀ တို့အား ၁၈-၃-၂၀၂၀ရက်တွင် စာချုပ်ချုပ်ဆို ရောင်းချခဲ့ပါသည်။ ရောင်းချသည့်ရက်တွင် ယခင်ကျွန်မဝယ်ယူခဲ့စဉ်က ပိုင်ဆိုင်စာချုပ်နှင့်အတူ အခွန်ရုံးတံဆိပ်မပါသဖြင့် ပယ်ဖျက်ထားခဲ့သောစာချုပ်ကိုပါ ဝယ်ယူသူများအား ပေးအပ်ပြီးဖြစ်ပါသည်။ ကျွန်မသည် အထက်ပါအိမ်ခြံမြေအား ဦးသူရစိုးနှင့်ဇနီး ဒေါ်ငြိမ်းငြိမ်း ဖြိုးတို့တစ်ဦးတည်းကိုသာ ရောင်းချထားခြင်းဖြစ်၍ ရောင်းချပြီးသည့်နောက်ပိုင်း ၎င်းအိမ်ခြံမြေနှင့်ပတ်သက်သော ကိစ္စအဝဝမှာ ကျွန်မ ဒေါ်ဇင်သန္တာအောင်နှင့် လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဇင်သန္တာအောင်**
**၁၂/မဘန(နိုင်)၀၀၈၃၈၇**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဇွဲကလာကျေးရွာ တောင်ပိုင်းနေ (ဦးရွှေငို)-ဒေါ်ရင်မြင့်တို့၏သမီး မငွေငွေလွင်(ခ)မိပု ၁၀/ ဘလန(နိုင်) ၀၆၅၃၀၂ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရင်မြင့် ၁၀/ဘလန(နိုင်) ၀၃၃၁၃၅**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရေတာရှည်မြို့နယ် တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၂၈

| | | |
|---|---|---|
| မနန်းစံအောင် | နှင့် | ကိုပြည့်စုံအောင် |
| တရားလို | | တရားပြိုင် |

အထက်ပါအမှုမှ တရားပြိုင် ကိုပြည့်စုံအောင်၊ ငါးခုံးမချောင်းအရှေ့ရပ်၊ သာဂရကျေးရွာအုပ်စု၊ ရေတာရှည်မြို့နယ်၊ ပဲခူး တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို မနန်းစံအောင်က မယားစရိတ်ငွေ(၁)လလျှင် (၄၀၀၀၀) ကျပ်နှင့် ကလေးစရိတ်ငွေ(၁)လလျှင် (၄၀၀၀၀)ကျပ်၊ စုစုပေါင်းငွေကျပ်(၈၀၀၀၀) ရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဧပြီ ၈ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ် ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက် တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရေတာရှည်မြို့နယ်တရားရုံး**

### ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့၊ အထက-ခွဲ (မအူပင်) နဝမတန်း(ခ)မှ မနွေနွေဦး ကျောင်းဝင်အမှတ်(မ- ၃၇၅)၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်းအောင် ဖြစ်ပါကြောင်း။

**ဦးညိုဝင်းအောင်**

### အမည်ပြောင်း

ဦးကျော်မင်းဦး ၈/မတန(နိုင်) ၀၃၈၂၃၁ ၏သား မင်းတုန်းမြို့၊ အထက အဌမတန်း(A)မှ မောင်မင်းသွေးခန့်အား မောင်ဝေယံဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဗယ/၄၀၂၇၆ Honda Wave 125ယာဉ်လက်ဝယ်ရှိသူ ဦးရွှေစိုး ၁၀/မလမ(နိုင်)၀၈၂၆၇၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး၊ မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၂၃၄၇ Honda Dream 125ယာဉ်လက်ဝယ်ရှိသူ ဦးလွန်းဝင်း ၁၀/ရမန(နိုင်)၀၀၈၉၅၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး၊ မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၂၈၅၁၁ Honda Dream 125ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်နိုင် ၁၄/ကခန(နိုင်)၀၆၂၅၆၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး၊ မော်လမြိုင်မြို့**

### အများသိစေရန် ကြေညာချက်

မော်လမြိုင်မြို့၊ အိမ်အမှတ်-၃၈၊ (စ)လမ်း၊ ဒေါင်းမင်းရပ်၊ ဖက်တန်းနယ်မြေ၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်နီ ၁၀/မလမ (နိုင်)၀၆၉၄၅၇သည် ကွယ်လွန်သူ ဦးဟုတ်တီ၏ တရားဝင်ဇနီးဖြစ်ကြောင်းနှင့်အထက်ဖော်ပြပါ နေအိမ်တွင် နေထိုင်ပြီးတရားဝင်ပိုင်ဆိုင်ပါသည်။ထိုတရားဝင် လက်ရှိပိုင်ဆိုင်သောနေအိမ်ကို ရောင်းချမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုကြေညာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက် အထိ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်တင်နီ** | **ဒေါ်သီသီခိုင်(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၀၅)(၁၈-၅-၂၀၁၀)** |
| | **အိမ်အမှတ်(၄၀)၊ ရဲဘော်ကုန်း(၁)လမ်း၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့** |
| | **ဖုန်း-၀၉-၉၇၁၉၁၀၂၆၆၊ ၀၉-၂၆၄၆၅၃၂၉၄** |

### ကန့်ကွက်နိုင်ပါကြောင်း

